
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၁၅၅၁၀၅၁၀



စကားလုံးတွေ အဓိပ္ပာယ်မဲ့တဲ့ အချစ်ကျန်းမာပေါ့
ဘဝတကလေးတဲ့
လေပြေကို ချစ်ကားတဲ့
ဘဝ်လုံးတွေမှာကို ကတ်အိမ်တွေအကြိမ်ကြိမ် အချစ်တုံးတပေါ့
သူငယ်ချင်းလေးကလေးတယ်
နှင်းပြို့ ဆင်းလာတဲ့
အနုအရိုင်းများ
စကားလုံးတွေ မှားပေမယ့် ခြေလှမ်းတွေ မြောင်းသွားတယ်
ဘဝ်ပုံတွေ မှားပေမယ့် အမှိုက်တွေကြားမှာ ရှင်သန်တယ်
ချစ်တယ်ဆိုတဲ့ စကားလုံးလေးကို သူငယ်ချင်းလေးကို ပြောခွင့်တယ်

## လ လွမ်းကလေး . . . ရှယ်လို့ငါ

... သွဲ့ ပျော်မှာ ဘဝကလေးတွေ ... . .
... တော့ ထူးထူးခြားခြား ပုံတွေ ဘာတွေ့ခဲ့လို့
"ကိုနှစ်တောက် ဘဲ့ ရုတော့ဘူးပေါ့ . . . .
ဘဲလေ ကိုနှစ်တောက် . . . . ရုတော့ဘူးပေါ့"

## ရင်ငွေနဲ့သွန်းတဲ့ သီချင်း



စာမူခွင့်ပြုချက် - ၅၀၁၂၇၃၀၆၁၀

အိမ်မက်တွေထဲမှာတော့ . . .
ဘဝတစ်ခုနဲ့ကိုယ်ဟာ ညှိုးနွမ်းလှတော့ပေါ့ . . .
နှလုံးသားကို တိုက်ရိုက်ထိမှန်ဖို့ . . .
ထိုးကစ်ကန့်တက်ရော မပေါ်ပါဘူးကွယ် . . .
မသိုင်းကမ်း(စ) လေး ဖုံးပြုံးအောင်လုပ်ပိုးပြီး . . .
လွယ်အိတ်ကလေးထဲ ထည့်ပေးလိုက်တယ် . . .
ခင်ရတဲ့ သူငယ်ချင်းလေး ချစ်လာနိုင်ပါစေ . . .

## ဝတ်ကျင်းထဲက လမင်း

စာမူခွင့်ပြုချက် - ၅၀၀...







## လွင်မင်းအံ့

## ရွက်ကြွမ်း ရေကြို့

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၇၁၀၄၀[illegible]

---



## ရာဟုလွတ်တဲ့ ရင်ခွင်

## လွင်မင်းအံ့

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၈၇၀၆၀၄

## လွင်မင်းအံ့


## လွှန့် လွှန် လွှန်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၆၈၀၆၀၇




www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လွန့် လွန် လွန်း


**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၆၆၆၈၀၆၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၈၉၇၀၈၀၇ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ |
| ထုတ်ဝေသူ | - | ဦးမျိုးမင်းသန်း (၀၄၁၇၃)<br>မျက်ပွင့်စာပေ<br>အမှတ်(၃၆၇)၊<br>ဗိုလ်ချုပ်အောင်ဆန်းလမ်း။<br>ရန်ကုန်။ ဖုန်း ၇၀၀၅၇၉ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | - | ဦးဇော်မင်းအေး (၀၇၁၂၅)<br>ဇော်ပုံနှိပ်တိုက်<br>အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း။<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | - | ခိုင်လင်း (openeyes) |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

## ဖြန့်ချိရေး

မျက်ပွင့်စာပေ
အမှတ်(၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း။ (ဗိုလ်ဆွန်ပက်လမ်းထိပ်)
ရန်ကုန်။ ဖုန်း ၇၀၀၅၇၉




BURMESE CLASSIC .com

တစ်ခါတလေတော့လည်း အချစ်ဆိုတာ ခပ်ညံ့ညံ့ မျက်လှည့်ဆရာ
တစ်ယောက်ရဲ့ ပြကွက်နဲ့ သဏ္ဍာန်တူပါတယ်။ ပရိသတ်ကို
ဘာမှမရှိတဲ့ ခွက်အလွတ်တစ်ခုကို လှည့်ပတ်ပြမယ်။ ပြီးတော့ ပဝါနဲ့
အုပ်ထားလိုက်မယ်။ ဘာအစွမ်းသတ္တိမှမရှိတဲ့ တုတ်တစ်ချောင်းနဲ့
မှိုးပြီး ဂါထာစုတ်မယ်။ ဟာသလုပ်မယ်။ အဲဒီပဝါကို
ဖယ်လိုက်တဲ့အခါမှာတော့ ငှက်တစ်ကောင်၊
ဒါမှမဟုတ် ဒင်္ဂါးတစ်ပြား၊ ဒါမှမဟုတ် ပန်းတစ်ပွင့်၊
ဒါမှမဟုတ်. . .၊ ဒါမှမဟုတ်. . .၊ ဒါမှမဟုတ်. . .။
လူသားတွေဟာလည်း ကံကြမ္မာဆိုတဲ့ မျက်လှည့်ဆရာကြီးရဲ့
ပဝါတစ်ချက်အလှုပ်လေးကိုပဲ စောင့်နေကြတဲ့ သူတွေချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ယား'

'ဖြောင်း'

'ယိစ်' 'ဖြောင်း'

နေရာကတော့ ရန်ကုန်မြို့ရဲ့ မလှမ်းမကမ်း မြို့ရုံလေးတစ်ခုမှာ ရှိတဲ့ ကရာတေးကလပ်တွင်းမှာပါ။ ကလပ်နာမည်က 'ဆွေညိုနှင့် ရွှေညီအစ်ကို' ကရာတေးကလပ်တဲ့။ အဲဒီဆွေညိုတဲ့ လူကြီးက သူ့တပည့်တွေ ရှေ့မှောက်မှာ သူ့စွမ်းရည်ကို အိတ်သွန်ဖာမှောက် ပြသနေပါတယ်။

စီထားတဲ့ အုတ်ခဲတွေလည်း ဆွေညိုလက်ဝါးစောင်းဒဏ်ခံသွားရတယ်။ ၂လက်မ ပတ်လည် ကညင်တိုင်ကြီးလည်း side kick နဲ့ ကန်ခံလိုက်ရတာ ဖြောင်းကနဲ ကျိုးသွားပါတယ်။ ရေတစ်စက်စက် ကျနေတဲ့ ရေခဲတုံးကြီးလည်း ဆွေညို တံတောင်အောက်မှာ အရည်ပျော်သွားရတယ်။ အဲခုပြကွက်က နောက်ဆုံးပြကွက်။ တပည့်တစ်ယောက်က အုတ်ခဲတစ်လုံး မြှောက်ပေးလိုက်ပါတယ်။ မြှောက်လာတဲ့ အုတ်ခဲကို လေထဲမှာပဲ ခြေစောင်းစာ ကျွေးထည့်လိုက်တယ်။ အုတ်နီခဲက ခွမ်းကနဲ အစိတ်စိတ်အမွှာမွှာ။ နောက်တစ်လုံး ထပ်မြှောက်လာတယ်။ အတော်မြင့်တယ်။ ပြန်အကျ နဖူးနဲ့ တိုက်ထည့်လိုက်တယ်။ ခွမ်းကနဲ ကွက်တိပါပဲ။ အဲဒီအချိန်မှာ-

"ကိုကြီးရေ၊ ဟောဒီမှာ တစ်လုံး"

ဆွေညိုက အသံကြားတဲ့ဖက်လှည့်လိုက်ပါတယ်။

"ဟိုက် ဟုံကောင်မလေးမေပျို။ ဘုရား ဘုရား ဘာတွေ တစ်လွဲလုပ်ဦးမှာပါလိမ့်"

မေပျိုဆိုတာ ဆွေညိုရဲ့ တစ်ဦးတည်းသော ညီမလေးပါ။ ပြဿနာ မလေးဖြိုးလ်မလေး။ တပည့်တွေရှေ့မှာ ကျားကျားယားယား ရဲဝံ့ မျက်နှာထားနဲ့ လက်စွမ်းပြနေတဲ့ ဆွေညိုခမျာ မေပျိုကိုလည်း ငြင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



းရာ ဆပ်ကပ်ထဲက ခြင်္သေ့အိုကြီး မျက်ခွက်ဖြစ်သွားတယ်။ ကောင်မလေးက သူ့အစ်ကိုလည်း လှည့်လာရော၊ လက်ထဲက အုတ်နီခဲကို ခပ်မြင့်မြင့် မြှောက်ပေးလိုက်တယ်။

"ကိုကြီးရေ၊ လာပြီ"

"ဟာ၊ မလုပ်နဲ့"

ဘယ်သူ့အသံမှန်း မသိတဲ့ အသံပါ။ ဒါပေမယ့် နောက်ကျသွားပါပြီ။ အုတ်ခဲမြင့်မြင့်လာရင် နဖူးနဲ့ တိုက်ခွဲရမယ်လို့ အကျင့်ပါနေတဲ့ ဆွေညိုက မြှောက်လာတဲ့ အုတ်နီခဲကို ကီသွင်းပြီး ခုန်တိုက်လိုက်ပါတယ်။

'ယား'

'ခွပ်'

"အား၊ သေပါပြီဗျာ"

အင်း ရာဇဝင်တော့ ရိုင်းတော့ပယ်။ အုတ်နီခဲက ခွမ်းကနဲ မနေဘဲ အိခြေမပျက် ထောင်လျက်သားလေး။ တမင်လုပ်ရင်တောင် ဖြစ်ချင်မှ ဖြစ်မယ်။ ခါတိုင်းဆို စွမ်းရည်ပြပြီးတိုင်း မယားငယ်ငယ်လေးရထားတဲ့ ချုပ်ကွက်လူကြီးမျက်နှာပေးမျိုးနဲ့ လက်မထောင်ပြတတ်တဲ့ ဆွေညို့ခမျာ ဒီတစ်ခါတော့ ခွေခွေလေး။ မေပျို့ရော ဆွေညို့တပည့်တွေပါ သူ့ဆရာ ရှိရာ ဝိုင်းအုံသွားကြတယ်။

"ဆရာ၊ ဆရာ"

"ကိုကြီး၊ ကိုကြီး"

ဘယ်လောက်ပဲအော်အော်၊ ဆွေညိုက ကြားဟန်မတူပါဘူး။ သူ့ခမျာ နဖူးကြီး ဟက်တက်ကွဲပြီး ကာလသုံးပါးနဲ့ ကင်းလွတ်ရာဆီ ခဏလောက် ရောက်သွားပါပြီ။ မရောက်ခင်မှာ 'ဟာဘယ်' မှန်ပြောင်းကြီးနဲ့ ကြည့်လိုက်ရသလို ကြယ်စုံလစုံ မြင်သွားလိုက်ရတယ် ထင်ရဲ့။ ဆွေညိုတပည့်တစ်ယောက်က

"မလေးပေပျိုကတော့ လုပ်ချလိုက်ပြန်ပြီ။ အဲဒီဘက်က အုတ်နီခဲတွေက ရေမစိမ်ရသေးဘူးဗျ"

"အာ သိပ္ပမသိပဲကိုး။ အုတ်ခဲအားလုံးတူတူပဲ ထင်တာပေါ့။ အခု ဘယ်လိုလုပ်မလဲ"

"ဆေးခန်းခေါ်သွားရမှာပေါ့"

"ဟာ၊ ကိုကြီး သတိရလာပြီ" "ဆရာ. . . ဆရာ သတိရပြီနော်"





သတိပြန်လည်လာတဲ့ ဆွေညိုက သူ့ကို ဝန်းဝိုင်းနေကြတဲ့ လူတွေကို ကြည့်ပါတယ်။

"ငါ. . . ငါ ဘာဖြစ်သွားတာလဲ"

"ဆရာ အုတ်ခဲအမာကို ခေါင်းနဲ့တိုက်ခွဲရင်း သတိမေ့သွားလို့"

တောက် ကွဲပါပြီ အရှက်တွေတော့။ ဆရာကြီး လုပ်နေပြီး ရုပ်ပျက်ဆင်းပျက် သတိမေ့ရတယ်ဆိုတော့။ ဆွေညိုက အံတင်းတင်းကြိတ်ပြီး မာန်တင်းလို့ ထမယ့်ဟန်ပြင်လိုက်ပါတယ်။ နဖူးက စစ်ကနဲ ဖြစ်သွားတယ်။ သူ့ဘာသာသူ လက်နဲ့ စမ်းကြည့်လိုက်တော့ စေးထန်းစေးထန်းနဲ့။ အဲဒီ စေးထန်းကြီးတွေက လက်ကြားကနေ ယိုပြီး ကျလာပါတယ်။

"အမယ်လေး. . . သ. . သ. သွေး"

ဆရာကြီး ဆွေညိုတစ်ယောက်က သွေးသွေးသူမြင်ပြီး ဒုတိယအကြိမ် သတိမေ့သွားပါတယ်။ ဒါနဲ့များ ဆရာကြီး လုပ်နေရသေးတယ်။ ကာလပ်အဖွဲ့သားတွေ ဝိုင်းမပြီး ဆေးခန်းခေါ်သွားလိုက်ရတယ်။ ဆေးခန်းရောက်တော့ ချုပ်လိုက်ရတာက လေးချက်ကြီးများတောင်။ ဆွေညိုဆီ မုန့်ဖိုးတောင်းမလို့ ရောက်လာတဲ့ မေပျို့ခမျာလည်း မုန့်ဖိုးမရတဲ့အပြင် ဆေးဖိုးပါ စိုက်လိုက်ရတယ်။ မကျေမနပ်ဖြစ်နေတဲ့ မေပျိုက ကတ်ထူပေါ် စာလုံးကြီးကြီးရေးပြီး ကာလပ်အဝင်ဝမှာ ချိတ်ထားပါတယ်။

'အုတ်ခဲမှန်သမျှ ရေစိမ်ကြ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



၆

"မေပျို နင်အခု ဘယ်ရောက်နေတုံး၊ ငါ့ကားကို အခုချက်ချင်း ပြန်လာပို့စမ်း"

ဖုန်းထဲက ထွက်လာတဲ့ ငွေကိုရဲ့ အသံက ဒေါသသံ အပြည့်ပါ။ ဒေါသလှိုင်းတွေ ရိုက်ခတ်ပြီး မေပျို့နားစည်ရော လက်ပါ ဆတ်ကနဲ တောင် တုန်သွားတယ်။ ငွေကိုဆိုတာ မေပျို့ရဲ့ အစ်ကိုလတ်ပါ။ ဆွေညို ရဲ့ အောက်ကပေါ့။ သူက ကားတွေဝယ်ရောင်းလုပ်ပါတယ်။ အခုလည်း သူ့အစ်ကိုရဲ့ ကားကို သော့တန်းလန်းတွေ့တာနဲ့ ခပ်တည်တည်နဲ့ ယူမောင်းလာခဲ့တာ။ သူ့ကားသူမတွေ့တော့တဲ့ ငွေကိုတော့ ဆတ်ဆတ် တုန်ပြီး ဆွေ့ဆွေ့ခုန်နေတော့မှာပဲ။

"ဟဲ့ ကောင်မလေး။ ဘာအသံတိတ်နေတာလဲ၊ ချက်ချင်းလက်ငင်း ကြီး အ,သွားလား။ ငါ့ကားကို အခုချက်ချင်း ပြန်လာပို့"

မေပျိုက ကားကို ပလာဇာအပေါ် ထပ်ကားပါကင်ဆီ ချိုးဝင်လိုက် ပါတယ်။ ချိုးဝင်ရင်းကနေ သူ့အစ်ကိုကိုလည်း ဖုန်းပြန်ဖြေရတယ်။

"လာတော့ မပို့နိုင်ဘူး။ အခုပလာဇာ ရောက်နေတာ။ ကိုလတ် တက္ကစီစီးလာပြီး ဒီကနေ လာယူသွားလိုက်၊ တတိယထပ်မှာ ထိုးထားခဲ့ မယ်"

"ငါလေ. . . တောက်၊ ကားသော့ကို ဘယ်လိုလုပ်မှာလဲ"

"ဒက်ရှ်ဘုတ်ထဲ ထည့်ထားခဲ့မယ်၊ ဒါပဲနော်။ ဒီမှာ ပါကင်နေရာ ရှာနေလို့"

မေပျိုက ပြောလက်စ စကားဖြတ်ပြီး ကားပါကင်ထိုးမယ့် နေရာ ရှာရပါတော့တယ်။ ဟော ဟိုမှာ ကားနှစ်စီးကြားမှာ နေရာလွတ်။ ဟိုဘက်ခပ်လှမ်းလှမ်းမှာ ကားလေးစီးစာလောက် နေရာလွတ် အကျယ် ကြီးကျန်နေသေးပေမယ့် ငယ်ငယ်ကတည်းက ကပ်ကပ်သပ်သပ် အင်မတိ အင်မတန်လုပ်တတ်တဲ့ မေပျိုက မလွတ်တလွတ် ကားနှစ်စီးကြားထဲ ပါကင်ဝင်ထိုးဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ မေပျိုက အသေအချာ တွက်ဆပြီး လွတ်နေတဲ့နေရာကို ဘက်ဆုတ်ပြီး ဝင်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒုန်း' 'ခွမ်း'

'သွားပဟ၊ တိုက်မိပြီထင်ရဲ့'

ထင်ရုံမဟုတ်ပါဘူး။ အသေအချာကို တိုက်မိတာပါ။ မေပျို့ရဲ့ ဘယ်ဘက်က ကိုရိုလာဗင် ဖင်ကောက်အဖြူလေးနဲ့။ သေချာတာတော့ သူ့ကားရှေ့မီးခွက်ရော၊ ကိုယ့်ကားနောက်မီးခွက်ရော ကွဲသွားလောက်ပြီ ဆိုတာ ပါပဲ။

"သေသာသေလိုက်ချင်တော့တာပဲ။ ဘယ်လိုလုပ်ရမှန်း မသိဘူး"

မေပျို့က လျှပ်တပြက်ဆုံးဖြတ်ချလိုက်ပြီး မောင်းပြေးမလို့ မြင်လိုက်ပါတယ်။ ဒါပေမယ့်-

"ဟာ အစ်မ. . . ကားတိုက်ပြီး ထွက်မပြေးနဲ့လေ။ ကိုယ့်ပြဿနာ ရှင်းသွားမှပေါ့"

ကားပါကင် စောင့်တဲ့ ကောင်လေးပါ။ ခါတိုင်း ဘယ်ချောင်မှာ အိပ်နေမှန်းမသိတဲ့ကောင်က အခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်။ အဲဒါ ကြောင့် ပြောတာပေါ့။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးလို့ ဟယ်မတတ်နိုင်ပါဘူး။ ဖြစ်လာမှတော့ ရှင်းရတော့မှာပဲ။ မေပျို့က အစွယ်တစ်တောင်လောက်ထွက်လာမယ့် ငွေကိုရဲ့ပုံစံကိုမြင်ပြီး ကျောချမ်းသွားပါတယ်။ အင်း သူ့အစ်ကိုလတ်တစ်ယောက် ဒေါ်သတွေ ဒွါရခြောက်ပေါက်စလုံးက ထွက်တော့မှာပဲ။ ထွက်လာတဲ့ ဒေါသတွေကို သဘာဝ ဓာတ်ငွေ့ဆိုပြီး export လုပ်လို့ရရင် ကောင်းမယ်။ မေပျို့လည်း ခပ်တည်တည်၊ ကားပေါ်က ဆင်းလိုက်ပြီး-

"ငါသိပါတယ်၊ နင်ဆရာလုပ်စရာမလိုပါဘူး။ ခုနက မောင်းပြေးမလို့ မဟုတ်ဘူး။ ငါ့ကား ဘာဖြစ်သွားသေးလည်း စမ်းကြည့်တာ"

မေပျို့က ဟန်ကိုယ်ဖို့ လုပ်လိုက်ပါတယ်။

"ဟိုကားပိုင်ရှင် လာရင် စောင့်ခိုင်းထားလိုက်။ အားလုံး လျော်ပေးမယ်လို့။ ငါ အခု ဈေးသွားဝယ်လိုက်ဦးမယ်"

မေပျို့က ပါကင်စောင့်နေတဲ့ ကောင်လေးကို အပေါ်စီးက ဟောက်ပြီး ထွက်လာခဲ့ပါတယ်။ ဟိုကောင်လေးက သူ့ခါးထဲက ဝေါ်ကီတော်ကီနဲ့ အကြောင်းကြားရမယ့် သူတွေဆီ အကြောင်းကြားနေ ပါတယ်။ မေပျို့ထွက်သွားပြီးချင်း ဆိုသလိုပဲ တစ်ဖက်က ကားပိုင်ရှင် ရောက်လာပါတယ်။ သူ့နာမည်က တိုးတိုးတဲ့။





"ဟိုက်"

"ဘယ်သူတောင်းစား ငါ့ကားကို ဝင်အောင်းသွားလဲ မသိဘူး"

တိုးတိုးက နဂိုရည်ပျက်သွားတဲ့ သူ့ကားကို ကြည့်ပြီး မျက်လုံးပြူး သွားတယ်။ ဘေးက ကားကိုကြည့်တယ်။ သေချာပါပြီ။ ဘေးကားက ဝင်အောင်းသွားပြီဆိုတာ။ တိုးတိုးက ဘေးက ကားကို ခြေထောက်နဲ့ ကန်ထည့်လိုက်ပါတယ်။ မိုက်ပါပေ့ တိုးတိုးရယ်။ မကျေနပ် ရင် ကိုယ်လည်း ကားနဲ့ပြန်တိုက်လိုက်ပေါ့။ အခုတော့ အသားအနာခံလို့။ ပါကင်စောင့်နေတဲ့ ဝန်ထမ်းလေးက-

"ဒီကားက အစ်ကိုကားလား"

"အေး ဟုတ်တယ်။ ဒီကားပိုင်ရှင် ဘယ်ရောက်သွားလဲ"

"အစ်ကို့ကို စောင့်နေပါတဲ့။ အားလုံးပြန်လျော်ပေးမယ် ပြောတာပဲ"

"အော် ငါက အလုပ်ပျက် အကိုင်ပျက် ထိုင်စောင့်ရဦးမယ်ပေါ့"

"စောင့်လိုက်ပါ အစ်ကိုရာ။ အဲဒီကားမောင်းလာတာ ကောင်မလေးဗျ။ ချောချောလေး။ ဇာတ်လမ်းတွေ ဘာတွေ ဖြစ်သွားတာပေါ့"

အရေးထဲ ဇာတ်လမ်းက လုပ်ခိုင်းနေသေးတယ်။ ကောင်မလေး ချောချောပဲ ဖြစ်ဖြစ်၊ အရုပ်ဆိုးဆိုး အဘွားကြီးပဲဖြစ်ဖြစ် တိုက်မိရင်တော့ အလျော်တောင်းရမှာပဲ။ အဲဒါမှ မရရင်တော့ ဆိုင်ရာကနေ စကားပြော ကြရုံပဲ။ တိုးတိုးက စိတ်ပျက်လက်ပျက်ကြီးနဲ့ ကားရှေ့ဆောင့်ကြောင့်ထိုင် စောင့်နေလိုက်ပါတယ်။

"တောက်၊ ဘယ်အချိန်ထိ စောင့်ရမှာလဲ မသိဘူး။ ဘုရားငါးဆူ ပွင့်တဲ့အထိလား မပြောတတ်ဘူး။ မဟုတ်မှလွဲရော၊ ကားထားခဲ့ပြီး လစ်ပြီထင်တယ်"

အဲဒီအချိန်မှာတော့ လက်ရှိအခြေအနေကို မသိသေးတဲ့ ငွေကို တစ်ယောက် ကားရှိရာကို မောကြီးပန်းကြီး ရောက်လာပါပြီ။ သူ့ခမျာ ကားကို လှမ်းမြင်လိုက်ရမှပဲ အမောပြေသွားပါတယ်။

"တော်ပါသေးရဲ့၊ ဟိုကောင်မလေး ကားကို တကယ်ထားခဲ့လို့"

သူ့ရင်ဆို့ရမယ့်ကိစ္စတွေ တန်းစီနေတယ်ဆိုတာ ငွေကို တစ်ယောက် သဘောမပေါက်သေးပါဘူး။ ငွေကိုက ကမန်းကတန်း ကားတံခါး ဆွဲဖွင့်လိုက်ပါတယ်။ ကားတံခါးက lock မချထားတော့



www.burmeseclassic.com

www.burmeseclassic.com



အလှယ်ပဲပွင့်သွားပါတယ်။ တိုးတိုးက ကားတံခါးဆွဲဖွင့်နေတဲ့ ငွေကိုကို အသေအချာ ကြည့်ပါတယ်။ စောစောက ပါကင်စောင့်တဲ့ ကောင်လေး ပြောတော့ အစ်မ ချောချောလေးတဲ့။ အခုကားတံခါး ဖွင့်နေတာက အစ်ကိုကြမ်းကြမ်းကြီး။ လွဲတော့ လွဲနေပြီ။ ပါကင်စောင့်တဲ့ ကောင်လေးပဲ လွဲတာလား။ တိုးတိုးပဲ လွဲတာလား၊ အဲဒီကားတံခါးဖွင့်နေတဲ့ လူကပဲ လွဲတာလား မပြောတတ်တော့ဘူး။ တိုးတိုးက လှမ်းမေးလိုက်ပါတယ်။

"ဒီကားက ခင်ဗျားကားလား"

ငွေကိုက ဘုကြည့်ကြည့်လိုက်ပါတယ်။ အင်း ဒီမျက်နှာမျိုး မြင်ဖူးပါတယ်။ ဘယ်မှာ မြင်ဖူးတာပါလိမ့်။ ရင်းရင်းနှီးနှီးကို သိတာမျိုးပဲ။ ငွေကို့ စိတ်ထဲ ဇဝေဇဝါနဲ့။

"အေး၊ ဟုတ်တယ်။ ဘာဖြစ်လို့လဲ"

"စောစောက ဒီကို မောင်းလာတာ ခင်ဗျားလား"

ငွေကို့ စိတ်ထဲ စနိုးစနောင့် ဖြစ်သွားပါတယ်။ မဟုတ်မှလွဲရော မေပို့ ပြဿနာတစ်ခုခုတော့ ရှာထားပြီ ထင်တယ်။

"စောစောက ကျုပ်ညီမ မောင်းလာတာ ဘာဖြစ်လို့လဲ"

"အော် ထူးထူးခြားခြားတော့ မဟုတ်ပါဘူး၊ အစ်ကိုကြီးညီမက ဘက်အဆုတ်မှာ ကျွန်တော့်ရဲ့ ကားကို ဝင်အောင်းသွားရုံလေးပါ။ မီးခွက်လေးတွေတော့ ကွဲသွားတာပေါ့လေ။ ဘော်ဒီတွေလည်း နည်းနည်းပါးပါးလေးချိုင့်သွားတယ်။ ဆေးတွေလည်း မဆိုစလောက်လေး ပွန်းသွားတယ်။ အစင်းကြောင်းလေးကလည်း လေးငါးစင်းလောက်"

သေဟ၊ ငွေကိုက စိတ်ပျက်လက်ပျက်နဲ့ ကားကို လှည့်ပတ်ကြည့်လိုက်ပါတယ်။ တိုက်မိပြီဆိုမှတော့ သူ့ကားရော၊ ကိုယ့်ကားပါ original အတိုင်း ဖြစ်တော့မှာ မဟုတ်တော့ပါဘူး။

ဒီလို တိုက်ထား ခိုက်ထားမှတော့ ဒီကားကို ဒီနေ့ ဘယ်လိုလုပ်ရောင်းရတော့မှာလဲ။ ဒါပေမယ့် လွယ်လွယ်နဲ့ လူများပြောသမျှ လက်ခံလို့တော့ မဖြစ်သေးဘူး။

"နေစမ်းပါဦး။ မင်းက ကားတိုက်တုံးက တစ်ခါတည်း မရှင်းဘဲ အခုမှ ငါနဲ့ လာရှင်းနေရတာတုံး"

"အစ်ကိုကြီး ညီမက တိုက်ပြီးတာနဲ့ ကားထားခဲ့ပြီး လူချည်းလစ်သွားတာ၊ ဟိုမှာ ကားပါကင်စောင့်တဲ့ ကောင်လေး မျက်မြင်သက်သေရှိတယ်"





"တောက် လစ်ချင်းလစ်၊ ကားပါယူပြီး လစ်တာမဟုတ်ဘူး"

ငွေကို့စိတ်ထဲ တွေးမိတာပါ။ ဟိုက အခြေအနေမပေးလို့ဆိုတာ သူက သိမှမသိဘဲ။ ငွေကိုက တိုးတိုးကို ပြန်ပြောလိုက်ပါတယ်။

"အေး ဒါပေမယ့်၊ ငါတိုက်တာမှ မဟုတ်ဘဲ။ သူနဲ့ရှင်း"

"ဒါပေမယ့် ဒီကားက အစ်ကိုကြီး ပိုင်တာ မဟုတ်လား။ မောင်းတဲ့လူကလည်း အစ်ကိုကြီးညီမ မဟုတ်လား"

"ငါနော်"

ငွေကိုလည်း ဟမ်းဖုန်းထုတ်ပြီး သူ့ညီမဆီ ဖုန်းလှမ်းခေါ်ရတယ်။ မေပျို့က ဖုန်းနားထောင်လိုက်ပါတယ်။

"မေပျို့"

မေပျို့က ကမန်းကတန်း ဖုန်းကို ပြန်ပိတ်လိုက်ပြီး power ပါ ပိတ်ထားလိုက်ပါတယ်။ သေချာပါပြီ ဒီလောက်ဆိုရင် သူ့ညီမ အမှားပဲဆိုတာ။ ငွေကို ဒေါသတကြီး ဖုန်းနံပါတ်တွေ ထပ်နှိပ်တယ်။

"လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ. . . စက်ပိတ်ထားပါသဖြင့်. . ."

ငွေကိုက ဒေါသတကြီး ကြိမ်းဝါးလိုက်ပါတယ်။

"ဒီကောင်မလေးကို အိမ်ရောက်မှ အရေခွံ ဆုတ်ပစ်ရမယ်. . . ဟင်း"

ငွေကိုက ပြဿနာဖြေရှင်းဖို့ တိုးတိုးရှိရာ လှည့်လိုက်ပါတယ်။ တိုးတိုးကို ဇဝေဇဝါနဲ့ မြင်ဖူးသလို ဖြစ်နေရာက တန်းကနဲ မှတ်မိသွားပါတယ်။

"ဟိုက် အဖေ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



ရေပြင်ကို ဖြတ်တိုက်လာတဲ့ လေညှင်းလေးက မွှေးမြနေပါတယ်။ အင်း. . . လေညှင်းလေးထဲ ဘယ်သူ့ကမျာ ရနံ့တွေ ထည့်ပေးလိုက်ပါ လိမ့်။ လေပြေဆော့ကစားသွားတဲ့ လှိုင်းကြက်ခွပ်လေးတွေကလည်း တသိမ့်သိမ့်တုန်လို့။ သစ်ပင်ပန်းပင်တွေကလည်း အချော့ခံချင်သလို မူလို့ နွဲ့လို့။ အဲဒီလိုမျိုး ကြည်နူးဖို့ ကောင်းတဲ့ အချိန်မျိုးမှာ ကန်ရေစပ်က စုံတွဲ တစ်တွဲမှာတော့-

"အို ဘာမှ လာရှင်းပြမနေနဲ့၊ မယုံဘူးဆို မယုံဘူးပဲ။ ဒီက ဟောဒီ မျက်စိနှစ်လုံးပြူးကြီးနဲ့ တပ်အပ်တွေ့တာ။ ဒီမှာ ကိုလေချို ရှင်ကြီး အကြောင်းမသိရင်ခက်မယ်"

"မဟုတ်ပါဘူး သွေးရယ်။ သွေးတွေ့တယ်ဆိုတာ ကိုယ့်ညီမ အရင်းခေါက်ခေါက်။ မယုံဘူးဆို ကိုယ်ခေါ်လာခဲ့မယ်"

"ဟင်း ဟင်း၊ ယုံအောင်လည်း ကြိုးစမ်းပါ ကိုလေချိုရဲ့။ ဘယ်အစ်ကို က ဘယ်ညီမနဲ့ နှစ်ယောက်တည်း ရုပ်ရှင်သွားကြည့်မှာတုံး။ ရုံထဲမှာ ဖြစ်ပျက်နေလိုက်တာများ ရှင့်နောက်တည့်တည့်က ကျွန်မကိုရော တွေ့ရဲ့ လား"

ဟိုက်သွားပြီ။ လေချိုဆိုတဲ့ ပုဂ္ဂိုလ်လေးက ခေါင်းကုတ်သွားပါ တယ်။ သူ့ခမျာ ဟိုက စွပ်စွဲလို့သာ ပြန်ရှင်းပြနေရတာပါ။ ဘယ်သူနဲ့ ဘယ်နေရာမှာ တွေ့ခဲ့တယ်ဆိုတာတောင် ကွဲကွဲပြားပြား မသိသေးပါဘူး။ အခုမှပဲ သိရတော့တယ်။ ရုပ်ရှင်ရုံထဲမှာတဲ့။ ဒီတစ်ပတ်ထဲတင် ကောင်မလေးသုံးယောက်နဲ့ ရုပ်ရှင်တစ်ကားတည်းကို သုံးခါခွဲကြည့်ထား တာ။ ဒါရိုက်တာတော့ မပြောတတ်ဘူး။ လေချိုကတော့ အဲဒီကားကို နိုင်ငံတော်အလံစပြကတည်းက နောက်ဆုံး အခန်းထိ အလွတ်တောင် ရနေပါပြီ။ လေချိုက မပွင့်တပွင့်လေသံလေးနဲ့-

"လူမှားလို့ နေမှာပါ သွေးရယ်။ ကိုယ်ဒီတစ်ပတ်အတွင်း ရုပ်ရှင် ကြည့်ဖို့ မပြောနဲ့ ရုပ်ရှင်ရုံရှေ့တောင် ဖြတ်မလျှောက်မိပါဘူး။ ပြီးတော့ ကိုယ်လည်း ရုပ်ရှင်မကြိုက်မှန်း သွေး သိသားပဲဟာ"

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချပ်ရှင်ကို မကြိုက်ပေမယ့် ရုပ်ရှင်ကြည့်တဲ့ လူကို ကြိုက်တော့ ရှုံ့ထဲ ရောက်ရောက်သွားတာက လေးရာနဲ့ ခုနှစ်ဆယ့်ခြောက် ခါ။ ဓိန်းကလေးတွေကလည်း ဘာမှန်းလဲ မသိဘူး။ ရည်းစားငါးယောက်မှာ လေးယောက်လောက်က ရုပ်ရှင်ဗီဒီယိုသရဲတွေပါ။ ရည်းစားအချင်းချင်း ဆုံမိအောင် ကျန်တဲ့နေရာတွေကို လက်ရှောင်လို့ ရပေမယ့် ရုပ်ရှင်ရုံကျတော့ ရှောင်လို့ မရဘူးဖြစ်နေတယ်။ မြန်မာပြည်မှာ ကားသစ်တင်တာဆိုလို့ ဒီရုံလေးတစ်ရုံနှစ်ရုံပဲ ရှိတာ။ တတ်နိုင်ရင် စူပါမတ်တွေ၊ ဟိုင်ပါမတ်တွေမှာ ရုပ်ရှင်ရုံလေးပါ တွဲထားဖို့ ကောင်းတယ်။ ဒီရည်းစားနဲ့ ဒီစူပါမတ်သွား ဒီရုပ်ရှင်ကြည့်။ ဟိုရည်းစားနဲ့ ဟိုဟိုင်ပါမတ်သွား၊ ဟိုရုပ်ရှင်ကြည့်။ ဒါဆိုရင် ဒီနေ့လို ပြဿနာမျိုး ရှင်းစရာမလိုတော့ဘူး။ သွေးဆိုတဲ့ ကောင်မလေးက ရွားလော့ဟုမ်း ဆေးတံပျောက်တာ ပြန်တွေ့တဲ့ လေသံမျိုးနဲ့-

"ဟင်း ဟင်း ကိုလေချို။ ရှင်အဲဒီလို ငြင်းမှာ သိနေလို့ ဟန်းဖုန်းနဲ့တောင် ဓါတ်ပုံရိုက်ထားလိုက်သေးတယ်။ ဟောဒီမှာကြည့်"

လေချိုက ဟန်းဖုန်းထဲက ပုံကို ကြည့်လိုက်ပါတယ်။ ဓါတ်ပုံထဲမှာ သူနဲ့ ကောင်မလေးတစ်ယောက်ပုံက ထင်ထင်ရှားရှား။ ရုပ်ရှင်ရုံက အထွက် ကပ်ရိုက်သွားတဲ့ပုံ။ ဒီလောက် အနီးကပ် ရိုက်ခံလိုက်ရတာတောင် မသိဘူးဆိုတော့ ညံ့ပါ့ လေချိုရယ်။ ဒီလို ဓါတ်ပုံရိုက်ပြီး သက်သေခိုင်ခိုင်မာမာပြတတ်တဲ့ 'သွေး' ဆိုတဲ့ ကောင်မလေးကို ယာဥ်ထိန်းရဲတောင် လုပ်ခိုင်းဖို့တောင် ကောင်းနေပြီ။ ဖြူနီကျား ရပ်ထားတဲ့ ကားတွေကို ဓါတ်ပုံရိုက်ပြီး ဖမ်းရအောင်လို့လေ။ ဘယ်လောက်ပဲ သက်သေခိုင်ခိုင်မာမာ ငြင်းစရာရှိတာတော့ ငြင်းရမှာပဲ။

"အဲဒါ ညီမပါ ဆိုနေမှ"

"ညီမ ဆိုရင်လည်း ရှင့်ဟာရှင် မပြီးသာ နေခဲ့ပေရော။ အခုအချိန်တစပြီး ရှင်နဲ့ကျွန်မ ဇာတ်လမ်းပြတ်ပြီ"

သွေးသွေးဆိုတဲ့ ကောင်မလေးက ဘုဆတ်ဆတ်ပြောပြီး ဘောက်ဆတ်ဆတ်နဲ့ ထွက်သွားပါတယ်။ တကူးတက ပန်းခြံထဲ ချိန်းပြီးမှ ဖြတ်စကား ပြောတာဆိုတော့ ကိုယ်ကသာ နိုင်နိုင်နင်းနင်းချော့နိုင်ရင် သေချာပေါက် ပြန်ကြည်နိုင်သေးတယ်။ ကဲ လေချိုရေ လုံ့လလေး စိုက်ထားဦးဟ။ ကိုယ့်စာရင်းထဲက ရည်းစားတစ်ယောက် လျော့သွားတာနဲ့မြော့စရာ။ လေချိုလည်း သွေးသွေးနောက်ကို အမှီလိုက်ရပါတယ်။





"သွေးရာ၊ အဲဒီဓါတ်ပုံထဲကဥစ္စာ ကိုယ့်ညီမပါကွာ။ သူ့နာမည်က မေပျိုတဲ့"

"အို ဘာမှ လာရှင်းပြမနေနဲ့"

"ဟုတ်ပါတယ် သွေးရာ၊ ကိုယ်တို့မှာ ဒီညီမလေးတစ်ယောက်တည်း ရှိလို့ အလိုလိုက်ထားရတာ။ အဲဒီနေ့ကလည်း မေပျိုက. . ."

လေချိုက ပါးစပ်နဲ့စိတ်တွေ့ရာတွေ လျှောက်ပြောနေပါတယ်။ သူလား မေပျို့ကို ဂရုစိုက်မှာ။ ဆွေညိုရော၊ ငွေကိုရော၊ လေချိုရော သူတို့ သုံးယောက်စလုံးက မေပျို့ကို ဝန်ထုပ်ဝန်ပိုးလို သဘောထားတာပါ။ ဒါပေမယ့် သွေးတော်သားစပ် နေတော့လည်း လက်လွှတ်စပယ်ကြီး လွှတ်ထားလို့လည်း မဖြစ်။ မိဘနှစ်ပါး ဆုံးသွားပြီးကတည်းက ညီအစ်ကို သုံးယောက်က အုပ်ထိန်းလာခဲ့ကြတာ။ ဟိုကလည်း အစ်ကိုတွေချစ်အောင် တစ်စက်မှ မနေတတ်ရှာဘူး။ ညီမတစ်ယောက်ရှိတာ တစ်ယောက်တည်းနဲ့တင် အော့ကြောလန်လောက်တယ်။ ဘယ်အချိန်ဘယ်လို ပုံစံမျိုးနဲ့ ဒုက္ခပေးမလဲဆိုတာကိုပဲ ရင်တစ်မမနဲ့ ကြည့်နေရတာ။ ချစ်လွန်းလို့တော့ မထင်နဲ့။ ကြောက်လွန်းလို့။ ချင်ပန်ဇီလက်ထဲ လက်ပစ်ဗုံး ထည့်ပေးတာတောင် ဒီလောက် ကြောက်ရမှာမဟုတ်ဘူး။ လေချိုက သွေးသွေးနားကပ်ပြီး တတွတ်တွတ်နဲ့ ဆိတ်အီးပါသလို တစ်လမ်းလုံး ချော့လာပါတယ်။ ဟိုကောင်မလေးကလည်း အခုအချိန်အထိ တင်းတင်းမာမာပဲ။ ဒီအတိုင်းဆို လေချိုတောင် လက်လျော့ရမယ့်ကိန်း ဆိုက်နေပြီ။ လေချိုက သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်ပါတယ်။ ဟိုလမ်းသွယ်လေးထဲက ထွက်လာတဲ့ အတွဲကို မျက်စေ့ရောက်သွားပါတယ်။

"ဒီကောင်မလေး ငါမြင်ဖူးပါတယ်"

လေချိုစိတ်ထဲက တွေးမိတာပါ။ အဲဒီစုံတွဲက တဖြည်းဖြည်း နီးလာတယ်။

"ဟင် မေပျို"

လေချိုရဲ့အသံက အကျယ်ကြီး။ ဆောင့်ဆောင့်အောင့်အောင့် သွားနေတဲ့ 'သွေးသွေး' ခမျာလည်း လေချို့အသံကြောင့် တုန့်ကနဲ ရပ်သွားပြီး လှမ်းကြည့်ပါတယ်။ မေပျို့ခမျာလည်း သူ့အစ်ကိုနဲ့ ပက်ပင်းတွေ့တော့ လန့်သွားရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကိုလေး"

လေချိုက မေပျိုတွဲလာတဲ့ ကောင်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပါတယ်။ ကောင်လေးက နုနုဖတ်ဖတ်ချောချောလေးပါ။ နှုတ်ခမ်းလေးတွေလည်း ရဲလို့။ မျက်လုံးလေးတွေကလည်း ဝိုင်းစက်ပြီး မျက်တောင်တွေကလည်း ကော့စင်းလို့။ ပခုံးက လျှောလျှောနဲ့။ ရှပ်အင်္ကျီပွပွကြီးကို ဂျင်းဘောင်းဘီပွပွကြီးနဲ့ တွဲဝတ်ထားပါတယ်။ ကောင်လေးက မေပျို့ရှေ့ကနေကွယ်ပြီး လေချိုကို တည့်တည့်ကြည့်တယ်။ လေချိုက တွန်းထုတ်လိုက်ပြီး သူ့ညီမလက်ကို ဆောင့်ဆွဲလိုက်ပါတယ်။

"မေပျို၊ နင် ဒါကြီးနဲ့၊ ဒီကိုလာတယ် ဟုတ်လား"

ဟုတ်ပါရဲ့၊ မေပျိုတွဲလာတဲ့ ကောင်လေးက ယောကျ်ားစစ်စစ်မဟုတ်ဘဲ ယောကျ်ားရှာလေး ဖြစ်လို့နေပါတယ်။ တောက် နှမြောစရာကောင်းလိုက်တာ။ မိန်းကလေးလိုများ ဝတ်စားလိုက်ရင် မေပျိုထက်တောင် ချောဦးမှာ။ အင်း မေပျိုတို့ အစ်ကိုတွေကို စိတ်ဆင်းရဲအောင် လုပ်ပုံများ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်ပါပဲလား။ မြန်မာပြည် လူဦးရေသန်း(၅၀)ကျော်မှာ လေးဆယ့်ရှစ်ရာခိုင်နှုန်းက ယောကျ်ားလေးတွေတဲ့။ အဲဒီလေးဆယ့်ရှစ်ရာခိုင်နှုန်းထဲက ယောကျ်ားစစ်စစ်တစ်ယောက်တောင်တွေ့အောင် မရှာနိုင်ဘူးလား ဒမေပျိုရယ်။ ညံ့လှချည်လား။ ယောကျ်ားစစ်စစ်နဲ့ တွဲသွားလို့ကတော့ လေချိုတို့က ငါလက်ကလွတ်ပြီဆိုပြီး အိုးစည်ဗုံမောင်းနဲ့ electro နဲ့ မရောမမွှေဘဲ အစိမ်းလိုက်ကြီးတောင် ကနေလိုက်ဦးမှာ။ ရောနေမွှေနေရင် လက်တောင်ညောင်းသေး. . .။အခုလို ဟိုမရောက် ဒီမရောက်နဲ့ကတော့ မဖြစ်ရေးချမဖြစ်ပါပဲ။

"လာ အခုအိမ်ပြန်လိုက်ခဲ့"

လေချိုလည်း ချော့လက်စ 'သွေးသွေး' ကို မေ့ပြီး သူ့ညီမသူ ဆွဲခေါ်နေပါတယ်။ ယောကျ်ားမိန်းလေးက မေပျို့ကို ပြန်ဆွဲထားတယ်။

"ဟေ့လူ ကျွန်တော့်ချစ်သူကို ဒီလို ရိုင်းရိုင်းစိုင်းစိုင်း မလုပ်ပါနဲ့ဗျ"

"အောင်မာ လာလာချည်သေး၊ ငါ့ညီမ ငါခေါ်တာ မင်းက ဘာလုပ်ချင်လို့လဲ"

လေချိုက သူ့ဖက်ပါအောင် အားစိုက်ပြီး ဆွဲလိုက်တယ်။ ဟိုကလည်း အတင်းပြန်ဆွဲထားတယ်။

"အမယ်လေး၊ ဘယ်လိုလုပ်ပြီး ဒီလောက်တောင် ဆွဲနေရတာတုံး။





နှစ်ယောက်စလုံး လွှတ်ကြပါဦး။ ဒီလောက် ဆွဲနေကြရင် လူတော့ နှစ်ခြမ်းပြဲတော့မှာပဲ"

မေပျိုဆီက ငိုသံပါကြီး ထွက်လာတော့မှ နှစ်ယောက်စလုံး လျှော့ပေးလိုက်ကြတယ်။ ဒါတောင် နှစ်ယောက်စလုံး မလွှတ်ကြသေးဘူး။ ဘစ်ချိန်လုံး အခြေအနေကို ရပ်ကြည့်နေတဲ့ 'သွေးသွေး' က

"ဟင်း ဟင်း ကိုလေချိုတို့များ ညီမတွေပေါလိုက်တာ၊ ဟိုနေရာမှာ ဘစ်ယောက် ဒီနေရာမှာတစ်ယောက်။ ဒီတစ်ယောက်ကတော့ ညီမအစစ်နဲ့ တူရဲ့။ နောက်နောင် လိမ်လို့မရအောင် တစ်ခါတည်း ဓါတ်ပုံရိုက်သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို ဟန်းဖုန်းလေးထုတ်၊ ဓါတ်ပုံလေးရိုက်ပြီး ခါတာခါတာနဲ့ ထွက်သွားလေရဲ့။ ရော် ဒီဂျာနယ်လစ်မက တစ်မျိုး။ အခုမှပဲ လေချိုလည်း သတိဝင်လာပြီး သွေးသွေးနောက်ကို လိုက်ရပါတယ်။

"သွေးရေ သွေး၊ နေဦးလေ သွေးရဲ့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့ ဒီကောင်မလေးကို ဒီတိုင်း လွှတ်ထားကြတော့မလား”

ဒီစကားကို ပြောလိုက်တာက ဆွေညိုပါ။ သူက သူ့ညီနှစ်ယောက်နဲ့ တွေ့ချင်တယ်ဆိုလို့ ငွေကိုတို့ လေချိုတို့က တကူးတက အိမ်မှာထိုင်စောင့်နေကြတာပါ။ အခုတစ်လော ဆွေညိုခမျာ ဦးနှောက်နဲ့ အာရုံကြောဌာနကို အပတ်စဉ်လာပြီး ပြနေရပါတယ်။ ဟိုကောင်မလေး မေပျို့အုတ်ခဲစာ ကျွေးသွားခဲ့တာ ဒဏ်ရာက ပျောက်သွားပေမယ့် ခေါင်းက အမြဲတမ်းလိုလို မူးကျန်ရစ်ခဲ့တယ်။ လူများတွေတောင် မူးချင်လို့ တမင်တကာ ငွေကုန်ကြေးကျခံပြီး အရက်သောက်ရသေးတာ။ အခုလိုအော်တိုမူးနေတာများ ဘာအဆင်မပြေဖြစ်နေရလည်း မသိဘူး။

“ဒီလို မထားလို့၊ ကြိုးနဲ့ ချည်ထားရမှာလား ကိုကြီးရ”

ငွေကိုက ပြောလိုက်တာပါ။ ဆွေညိုက ငွေကိုကို ခပ်တင်းတင်း ကြည့်ပြီး-

“ကြိုးနဲ့ချည်ထားလို့ရရင်တော့ ကောင်းတာပေါ့ကွာ။ သမီးတစ်ကောင် နွားတစ်ထောင်တဲ့။ အဲဒီ နွားတစ်ထောင်ကို ကြိုးနဲ့ချည်ထားလို့ ရမယ်။ သမီးတစ်ယောက်ကို ကြိုးနဲ့ချည်ထားလည်း ထိန်းဖို့က မလွယ်ဘူး။ ငါပြောချင်တာက အခုဆို မေပျို့က ဘွဲ့လည်းရပြီးပါပြီ။ သင်တန်းတွေ လည်း စုံနဖာစီအောင် တက်ပြီးပြီ။ အလုပ်လည်း လက်ဆယ်ချောင်းမြည်အောင် ပြုတ်ပြီးပြီ။ အခုထိ တည်တည်ငြိမ်ငြိမ်မရှိသေးဘူး။ အဲဒီတော့ ငြိမ်သွားအောင် လင်ပေးစားဖို့ပဲ ကျန်တော့တယ်။ တို့ညီမက ရုပ်ရည်လေးလည်း မဆိုးပါဘူး။ မင်းတို့က အတူနေနေတာပဲ၊ ရည်းစားလေး ဘာလေးရှိတယ် မကြားမိဘူးလား။ သင့်တော်လောက်မယ်ဟာဆိုရင် ပေးစားပြီး ကိုယ့်လမ်းကိုယ်လျှောက်ခိုင်းလိုက်တော့။ ပေးသင့်ပေးထိုက်ရသင့်ရထိုက်တာတွေလည်း ပေးတော့ ပေးရမှာပေါ့ကွာ။ မဟုတ်ဘူးလား”

“ရည်းစားဟုတ်လား။ ကိုကြီး ညီမက ရှာရှာဖွေဖွေ ကြိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ။ ဟိုနေရာက်ဒီမရေ ၁က် ယောက်ျားလျာကြီးနဲ့ ဘယ်လိုလုပ်ထေးစားမှာလဲ"

လေချိုပြောလိုက်တဲ့စကားကြောင့် ဆွေညိုမျက်လုံးပြူးသွားတယ်။

"ဟေ တကယ်လား၊ ဘယ်လိုလုပ်ကြမတုံး၊ ငါ့ခေါင်းတွေ ကိုက်လာပြီ"

ဆွေညိုက နားထင်ကို လက်နဲ့ ဖိထားလိုက်ရတယ်။ လေချိုက

"ခေါင်းကိုက်တော့ ခြေထောက်နဲ့ တောင်ပံတော့ ချန်ထားလိုက်ပေါ့"

"အရေးထဲ မင်းက နောက်နေပြန်ပါပြီ"

ငွေကိုက ဆွေညိုဖက်လှည့်ပြီး-

"တကယ်ဆို ဒီကိစ္စက ကိုကြီးမှာ လုံးဝတာဝန်ရှိတယ်။ အစ်ကိုကြီးအဖရာလို့ ဆိုတယ်မဟုတ်လား။ အမေနဲ့အမေမဆုံးခင်တုံးက သူတို့မိတ်ဆွေသားနဲ့ စီစဉ်ခဲ့တာမျိုးတွေ ဘာတွေ မရှိဘူးလား။ ကြီးလာရင်ပေးစားကြမယ်လို့ ကတိထားခဲ့တာတွေ မရှိဘူးလား"

"တောက်တီးတောက်တဲ့ကွာ။ မဟုတ်မှလွဲရော အဖေနဲ့အမေက ဒီဒုက္ခတွေကြိုမြင်လို့ စောစောစီးစီး နတ်ပြည်တက်ပြီး အနားယူနေတာထင်ရဲ့"

"ကိုကြီး အပေါင်းအသင်းထဲက သင့်တော်တဲ့လူများ မရှိဘူးလား"

ငွေကိုက ဆွေညိုကို မေးတယ်။ လေချိုက ကန့်ကွက်တယ်။

"ဟာ ကိုကြီး အပေါင်းအသင်းထဲကဆိုရင် ကရာတေးရူးတွေချည်းပဲနေမှာ၊ မဖြစ်ပါဘူး ကိုကြီးရာ"

"အောင်မာ၊ မင်းအပေါင်းအသင်းတွေနဲ့လည်း မဖြစ်ဘူး လေချို။ နေ့ရင်းထိုင်ရင်း ငါ့ညီမ ရာထူးတက်နေမယ်။ ငွေကို့ဘော်ဒါတွေထဲကလည်း မဖြစ်ဘူး။ ဖျံတွေချည်းပဲ။ အချင်းချင်းတောင် ဂျင်းထည့်ဖို့လောက်စဉ်းစားနေကြတာ။ တော်တော် ကြာ ဂျင်းတင်မကဘဲ ငရုတ်သီးတွေ၊ မီးသလင်တွေ၊ ပဒဲကောတွေ ပါလာမှ အားလုံးရှူးရှူးရှဲရှဲ ဖြစ်ကုန်လိမ့်မယ်"

"ကျွန်တော့်ကောင်တွေနဲ့လည်း မဖြစ်။ ကိုလတ်အပေါင်းအသင်းတွေနဲ့လည်း မဖြစ်။ကိုကြီးဘော်ဒါတွေနဲ့လည်း မဖြစ်ဆိုရင် ဘယ်ကဟာရှာပြီး ပေးစားရမှာတုံး"





လေချိုအမေးကို ငွေကိုက တွေးတွေးဆဆလေး ဖြေပါတယ်။

"တို့တစ်တွေ မေပျိုလေးကို ဘယ်လောက်ပဲ မချစ်ဘူးပြောပြော၊ သူ့ကိုတော့ လောက်လောက်လားလား တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုစေချင်တာ အမှန်ပဲ။ ဒါသွေးက စကားပြောတာပဲလားမသိဘူး။ အခု ငါစဉ်းစားလို့ရတာ တစ်ယောက်ရှိတယ်"

"ဘာလဲ မင်းဘော်ဒါထဲကလား"

"ကျွန်တော့် ဘော်ဒါမဟုတ်ပါဘူး၊ ဟိုတစ်လောတုံးက မေပျိုကျွန်တော့်ကားကို ယူမောင်းပြီး တိုက်မိပါရောလား။ အဲဒီတိုက်မိတဲ့ကားပိုင်ရှင်ပေါ့။ သူ့နာမည်က တိုးတိုးတဲ့။ အဲဒီတုံးက သူက ဖင်ကောက်မှဖင်ကောက်အသည်းအသန်ဖြစ်နေလို့ ကျွန်တော်နှစ်ခါပြန်ပြီး လဲပေးလိုက်ရသေးတယ်"

"အဲဒီကောင်က ဘာလုပ်တုံး"

"သူက နိုင်ငံခြားက ဘွဲ့ရလာတာ။ အခု ကွန်ပျူတာပစ္စည်းအရောင်းဆိုင်နဲ့ service တွဲဖွင့်ထားတယ်။ သူ့အဖေနဲ့အမေက မြန်မာပြည်မှာ နာမည်ကြီး ဆရာဝန်တွေ"

"အင်း အနေအထားကတော့ မဆိုးပါဘူး။ ဒါနဲ့ အဲဒီကောင်က မေပျို့ကို ကြိုက်လို့လား၊ အဲဒီကောင်က ကြိုက်ရုံနဲ့ မပြီးသေးဘူး။ မေပျိုကပါ ကြိုက်ဦးမှ ဖြစ်မှာ"

"သူတို့အချင်းချင်းတွေ့တောင် မတွေ့ဖူးသေးဘူး။ ဒါပေမယ့်သေချာပါတယ်။ တွေ့သွားတာနဲ့ သူတို့ အချင်းချင်း စိတ်ဝင်စားသွားရမယ်"

"အပိုင်ကြီးပြောနေပါလား"

"အော် ကိုကြီးရာ၊ ငွေကိုပါဗျ။ ဝယ်ရောင်းလောကမှ နာမည်တစ်လုံးနဲ့ နေတာ။ မပိုင်ရင် ငွေတောင် မကိုင်ဘူး"

"ကြည့်လုပ်ဦးနော်၊ ကိုလတ်။ ဒါကားရောင်းနေတာ မဟုတ်ဘူး။ ကိုယ့်ညီမကလည်း ဟိုယောက်ျားလျာနဲ့ တန်းလန်း၊ ယောက်ျားလျာနဲ့ ကြိုက်မိရင် တောက်တဲ့ထက်တောင် ခွာရခက်တယ်တဲ့"

"ငါက ပိုင်လို့ ပြောနေတာကွ။ အဲဒီ တိုးတိုးဆိုတဲ့ လူမှာ ထူးခြားချက်ရှိတယ်"

"ထူးခြားချက် ဟုတ်လား၊ ဘာထူးခြားချက်တုံး"



www.burmeseclassic.com

www.burmeseclassic.com



ဆွေညိုနဲ့ လေချိုတို့က စိတ်ဝင်တစားဖြစ်သွားတယ်။ ငွေကိုက မသိမသာလေး ကိုယ်ကို ပြင်လိုက်ရင်း

"ဟုတ်တယ်၊ အဲဒီ တိုးတိုးဆိုတဲ့ လူက ငါတို့အဖေနဲ့ တစ်ထေရာတည်းပဲ။ ကြီးတာနဲ့ ငယ်တာ၊ ရင့်တာနဲ့ နုတာလောက်ပဲ ကွဲတာ"

ဆွေညိုနဲ့ လေချိုတို့ ခမျာ တအံ့တသြ ဖြစ်သွားပါတယ်။

"ငါတို့အဖေနဲ့ တစ်ရုပ်တည်း. . ."

ဆွေညိုက သက်ပြင်းချတယ်။

"ကြည့်လည်းလုပ်ဦးကွာ။ တော်ကြာ ငါတို့ရဲ့ မာမီလတ်တို့ မာမီလေးတို့က မွေးတာလည်း ဖြစ်နေဦးမယ်"

"ဒါတော့ စိတ်ချ။ အဲဒီလိုကို ဖြစ်မှာစိုးလို့ အသေအချာ မေးမြန်းစုံစမ်းထားတာ"

"ဒါဆိုလည်း ပြီးတာပါပဲကွာ။ အော်. . . ဒါနဲ့ ငွေကို၊ ကိုယ့်ညီမကိုယ် ဖင်ကောက်ရဲ့လားလည်း ပြန်ကြည့်ဦး။ တော်တော်ကြာ မင်းရဲ့ တိုးတိုးဆိုတဲ့ကောင်က ဖင်ကောက်မဟုတ်လို့ နှစ်ခါပြန်လဲနေရင် ဒုက္ခများနေဦးမယ် ဟ"

" ဟိုက်၊ အဲဒါမှ မွတ်ကရော"

☺ ☺ ☺





"ဟလို့ ကိုတိုးတိုးရဲ့ ဖုန်းပါလားရှင်"

ချွဲချွဲပျစ်ပျစ်ကြီး ဖုန်းထဲက အသံကြောင့် တိုးတိုးခမျာ နားထဲသားကျိုးယားကျိုး ဖြစ်သွားရပါတယ်။ ဒီလောက် သြောင်စေးကျအောင် လည်ချောင်းထဲစကားလုံးတွေကို ဘယ်လိုများ ရောထားမွှေထားလည်း မသိဘူး။ ဒီက ချွဲတာပျစ်တာဆိုရင် ရှုံးပတီသီးတောင် စားတာမဟုတ်ဘူး။ ဒါပေမယ့် ကိုယ်က ဆိုင်ဖွင့်ထားတာဆိုတော့ ယဉ်ယဉ်ကျေးကျေးလေး ပြန်ဖြေလိုက်ရပါတယ်။

"အခု ပြောနေတာ တိုးတိုးပါ"

"အမယ်လေး ဝမ်းသာလိုက်တာ တိုးတိုးရယ်။ မီးက တွေ့မှ တွေ့ပါ့မလားလို့"

ရော်. . . လူများ ဟန်းဖုန်းကို အတိအကျ လှမ်းဆက်ပြီးမှ တွေ့မှတွေ့ပါ့မလားဆိုတော့ တစ်မျိုးကြီးပဲ။

"မီး မတွေ့လည်း ရတော့ တွေ့မှာပေါ့"

အသံကြားရုံနဲ့ အူတွေယားလာလို့ တိုးတိုးက အယားပြေလေး ပြန်နောက်လိုက်ပါသေးတယ်။

"ဟယ်၊ တိုးတိုးက နောက်တတ်သားပဲ။ မီးက တည်တည်ကြီးဆိုတော့ မစရဲဘူး ဖြစ်နေတာ"

ဘာတွေများ စမလို့ပါလိမ့်။ သိပ်အရောဝင်လို့ ကောင်းမယ့်ဟာမဟုတ်ဘူးနဲ့တူတယ်။ တိုးတိုးလည်း ကွေ့ဝိုက်မနေဘဲ လိုရင်းရောက်အောင် ဆွဲစေ့လိုက်ရပါတယ်။

"အခု ဘာကိစ္စဆက်တာလည်း မသိဘူး"

"မီးရဲ့ ကွန်ပျူတာပျက်နေလို့၊ အဲဒါ လာပြင်ပေးဦး"

တောက်၊ လေသံက သူ့လုပ်စာ ထိုင်စားနေရတဲ့အတိုင်း။

"ဆိုင်ကို ယူလာခဲ့ပါလား။ ဆိုင်နေရာသိတယ် မဟုတ်လား"

"ဟင့်အင်း ဆိုင်မှာ မပြင်ချင်ဘူး။ အိမ်မှာပဲ ပြင်မယ်။ တော်တော်ကြာ မီး file ထဲက data တွေ လူများတွေ သိကုန်လိမ့်မယ်။ ရှက်တယ်။ မီးက တိုးတိုးတစ်ယောက်ကိုပဲ ယုံချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား။ ဒီကောင်မလေးက ဘယ်လို လျှို့ဝှက်ချက်တွေကို များ ကွန်ပျူတာထဲ ထည့်သိမ်းထားပါလိမ့်။ တိုးတိုးကလည်း လိပ်ပတ်လည် အောင် မေးရမြန်းရပါတယ်။

"ကွန်ပျူတာက personal သုံးတာလား။ power ရော ဝင်ရဲ့လား"

"အို ဒါတွေ မေးမနေပါနဲ့။ လာပြင်မှာလား။ မပြင်ဘူးလားပဲ ပြော။ မပြင်ဘူးဆိုရင်တော့ မလာမချင်း ဖုန်းဆက်ခေါ် ရမှာပဲ"

ဒီခေတ်ကြီးထဲ ဆိုင်ဖွင့်စားရတာ မလွယ်ပါလား။ မလာမချင်း ဒုက္ခအလုံးစုံပေးတော့မယ်ထင်ရဲ့။ စိတ်ညစ်ရတဲ့အထဲ ဒါတွေလည်း ပါတယ်။ ကိုယ်က ကင်းအောင်နေပေမယ့် ဒင်းတို့က တမျှောင့်။ တစ်ခါ တစ်လေ အဖေနဲ့အမေ့ကိုတောင် စိတ်ဆိုးမိသေးတယ်။ ဘာလို့များ ဒီလောက် ချောမောခန့်ညားအောင် လက်ကုန် လွှတ်လိုက်ရသလဲလို့။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ဒီရုပ်ဒီရည်ဖြစ်လာတာ ဒီအဖေနဲ့ အမေကိုတော့ စိတ်ဆိုးစရာမလိုဘူး ထင်တယ်။ ကဲ ထားလိုက်ပါတော့၊ အခုလောလော ဆယ် customer always right ဆိုတဲ့မူကို လက်ကိုင်ထားပြီး ဟိုနှုံးပတီသီးမရဲ့ အိမ်လိပ်စာနဲ့ နာမည်ကို မေးရဦး မယ်။ စိတ်ထဲမှာတော့ တုတ်နဲ့ထိုးပြီး အကင်ဆိုင်သာ ပို့ပစ်ချင်တော့ တယ်။

"ကဲ ပြော၊ နာမည်နဲ့ လိပ်စာ"

"တကယ်လာမှာလား"

အော် အရစ်က ရှည်သေး။ တိုးတိုးတစ်ယောက် စိတ်မရှည်တော့ ပါဘူး။

"လာပါမယ်။ မယ်မင်းကြီးမရဲ့။ ကျုပ်မှာ အခြားအလုပ်တွေ ရှိသေးတယ်။ မိန့်စရာရှိတာ ဖြောင့်ဖြောင့်တန်းတန်း မိန့်တော်မူ"

"ခစ်ခစ် မီးနာမည်က မေပျိုတဲ့။ လိပ်စာက . . ."

"ကဲ ဒါပဲနော်"

"အို ခဏ please wait ဘယ်အချိန်လာမှာတုံး၊ မီးရေမိုးချိုး အလှပြင်ပြီး စောင့်နေမလို့"

"အင်း ညနေငါးနာရီလောက်"

"ဆက်ဆက်လာနော်၊ တိုးတိုး ကိုယ်တိုင်လာနော်။ တစ်ခြားလူတွေ မလွှတ်လိုက်နဲ့ဦး။ တခြားလူလွှတ်လို့ကတော့ အသိပဲ"

အသိပဲဖြစ်ဖြစ် တစိမ်းပဲဖြစ်ဖြစ်။ တိုးတိုးက ဖုန်းကို စက်ပါ





ပိတ်ထားလိုက်တယ်။ ဟင်းအလုပ်ကို လုပ်ကောင်းခြင်းမလုပ်ရ။ ဘာပဲ ဖြစ်ဖြစ် အဲဒီလိပ်စာတော့ သွားကြည့်လိုက်ပါဦးမယ်။ မလာမချင်း ဆက်ခေါ်နေမှာဆိုတော့ စောစောစီးစီး တရင်းဖြတ်တာပဲ ကောင်းတယ်။ တိုးတိုးက ဖုန်းချသွားလို့ ဟပ်ကော့ဖြစ်ကျန်ခဲ့တဲ့ ကောင်မလေးမှာတော့-

"ဟလို. . . တိုးတိုး. . . ဟင် ဖုန်းကျသွားပြီ"

ကောင်မလေးက ဖုန်းခွက်ကို ပုခက်ပေါ်တင်ပြီး၊ သူ့နောက်မှာ ကပ်ရပ်နေတဲ့ လူကို လှမ်းပြီး ပြောလိုက်ပါတယ်။

"ဘယ်နှယ်လဲ ကိုငွေကိုကြီး၊ ဒီလောက်ဆို အိုကေတယ် မဟုတ် လား"

"ရပါတယ်၊ ဒါပေမယ့် ငါ့ညီမက နင့်လောက်တော့ မပျစ်ဘူးဟ"

လတ်စသတ်တော့ ငွေကိုက တိုးတိုးဆီ မေပျိုက ဆက်တဲ့အနေနဲ့ သူ့အသိကောင်မလေးတစ်ယောက်ကို ဖုန်းဆက်ခိုင်းတာကို။ မေပျိုနဲ့ တိုးတိုးတို့ ဆုံမိအောင် operation စပြီထင်တယ်။ စဉ်းစားသလို၊ အကြံ ထုတ်သလို၊ အတိတ်စိမ်းရှာသလို လုပ်နေတဲ့ ငွေကို့ကို ကောင်မလေးက မျက်ကနဲ ရိုက်လိုက်ပြီး-

"ကိုငွေကိုကြီး၊ ဘာတွေ အိုင်ဒီယာထုတ်နေတာတုံး၊ မီးကို မုန့်လိုက် ကျွေးမယ်ဆို သွားမယ်လေ"

ငွေကိုက သူ့ရှေ့က ကောင်မလေးကို ရှုံ့သလို ကြောင်သလို ပြုံးပြ လိုက်ပြီး-

"အဟဲ၊ ကျွေးမှာပေ့ါ။ တစ်ဝကြီးကို ကျွေးဦးမှာ၊ အခုတော့ အကြွေး မှတ်ထားလိုက်ဦး။ နောက်တော့ အကုန်ပေါင်းကျွေးမယ်။ အခုသွားစရာ ရှိသေးလို့ သွားလိုက်ဦးမယ်၊ တာ့တာ"

ငွေကို ပြောရင်းဆိုရင်း ကားပေါ်တက်ပြီး မောင်းထွက်သွားပါ တယ်။ ဒီလူကြီးတော့ ပွဲစားကျင့်ပွဲစားကြံကြံသွားပြန်ပြီ။ ကောင်မလေးက ခြေဆောင့်ပြီး ကျိန်စာတိုက်ကျန်ခဲ့တယ်။

"ပြောလိုက်ရင် ကျွေးမယ်၊ ကျွေးမယ်နဲ့။ ကျွေးခါနီး အမြဲ ရှုးချင် ယောင်ဆောင်တယ်။ စားပြီးနားမလည်ကြီး ဟွန်း။ ကားလိုင်စင်ဝင်ရင် ကွန်ပျူတာ မှတ်တမ်းတသီကြီး ထိပါစေတော် ဟင်း"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကြီးက တစ်နေကုန် ဝင်းလဲ့တောက်ပပြီးတော့ ညနေပိုင်းလေးမှာတော့ ခြေကုန်လက်ပမ်းကျသွားသလိုမျိုး ကောင်းကင်တစ်ခုလုံးရော၊ တိမ်စိုင်တိမ်ထုတွေပါ နီထွေးပြီး ရဲပဒေါင်းခတ်လို့နေပါတယ်။ နေဝင်ချိန် တိမ်တောက်တယ်လို့ ပြောကြတဲ့အချိန်ပေါ့။ အဲဒီအချိန်မှာ တိုးတိုးတစ်ယောက် သူ့ကားလေးကို ကိုယ်တိုင်မောင်းလို့၊ မေပျိုဆိုတဲ့ ကောင်မလေး ပြောခဲ့တဲ့ လိပ်စာကို လိုက်ရှာနေပါတယ်။ အင်း ချိန်းထားတာက ငါးနာရီ။ တိုးတိုးရောက်သွားတော့ ခြောက်နာရီထိုးလုထိုးခင်။ တိုးတိုးတစ်ယောက်လည်း နိုင်ငံခြားမှာ အချိန်နဲ့တိတိကျကျ နေခဲ့ရသမျှ မြန်မာပြည်ရောက်မှပဲ အတိုးချပြီး၊ အချိန်မလေးမစား လုပ်ရဲပါတယ်။ အချိန်တစ်မိနစ် မပြောနဲ့၊ တစ်နာရီလောက် လွဲသွားတောင် ဒေဝါလီခံရတဲ့ ကုမ္ပဏီမြန်မာပြည်မှာ မရှိသေးဘူး။ တစ်နာရီလောက် နောက်ကျတာကတော့ ထမင်းစား ရေသောက်လောက်ပဲ ရှိပါတယ်။ ဟော တွေ့ပါပြီ။ မေပျိုဆိုတဲ့ ကောင်မလေးပြောတဲ့ အိမ်။ အိမ်ကတော့ ကိုယ့်ဝင်းကိုယ့်ခြံနဲ့ တစ်ထပ်တိုက်ပုလေးပါ။ ပြန်ဆောက်ထားတာ မကြာသေးပုံဘဲ။ ကားရပ်ပြီး ခြံတံခါးကို တွန်းကြည့်လိုက်တော့ တံခါးက အလိုလို ပွင့်သွားပါတယ်။ electronic စနစ်တွေ တပ်ထားလို့ မဟုတ်ပါဘူး။ တံခါးကိုက ပိတ်မထား တာပါ။ တစ်အိမ်လုံး မ,သွားမယ့် အလှူခံမျိုး မျှော်နေတာနဲ့ တူတယ်။ အမယ်ခြံဝမှာ စာရေးထားလိုက်သေးတယ်။

**'တိုးတိုးရေ၊ ဝင်ခဲ့' တဲ့။**

ဟာ တစ်မျိုးကြီးပါလား။ အင်းလေ သူက ဝင်ခဲ့ဆိုတော့လည်း ထွေလီကာလီ မစဉ်းစားတော့ပဲ ခြံတံခါးကိုဖွင့် ကားမောင်းဝင်လိုက်ပါတယ်။ တိုးတိုး မသိလိုက်တာက သူ့ခြံထဲ အဝင်မှာ စောင့်ကြည့်နေတဲ့ လူတွေရှိတယ်ဆိုတာကိုပါ။ သူတို့ကတော့ ငွေကိုနဲ့ လေချို။ ငွေကိုက လေချိုကို လက်မထောင်ပြလိုက်တယ်။ သားကောင်တော့ ပိုက်ကွန်ထဲ ဝင်လာပြီဆိုတဲ့ သဘော။ လေချိုကတော့ မကျေမနပ်နဲ့-

"တောက်၊ ခြံတံခါးတောင် ပြန်ပိတ်မသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်က ခြံထဲဝင်လိုက်ပြီး တံခါးကို ပိတ်လိုက်ပါတယ်။ ခြံဝက ဆိုင်းဘုတ်ကို ခြံထဲ လွှင့်ပစ်လိုက်တယ်။ ပြီးတော့မှ အလိုဘာဘာ မြေလှမ်းမြှားနဲ့ အိမ်ဘေးကို လျှောက်သွားပြီး အခြေအနေကို အသာနား စွင့်နေပါတယ်။

တိုးတိုးတစ်ယောက် ဧည့်ခန်းထဲ ဝင်လိုက်တယ်ဆိုရင်ပဲ ဓါတ်ပုံကြီးနှစ်ပုံနဲ့ ဘွားကနဲ တိုးပါတယ်။ တစ်ပုံက မောင့်ကျက်သရေ ခေါင်းပေါင်းနဲ့ နှုတ်ခမ်းမွေးထင်းထင်းကြီးနဲ့ အသက်လေးဆယ်ကျော်လောက် ရှိမယ့် အမျိုးသားကြီးပုံ။ နောက်တစ်ပုံက ဆံထုံးတော်ကြီး သဘော်သီးလောက်ထုံးပြီး လက်ဝတ်လက်စား အပြည့်နဲ့ အပီအပြင်ရှိုင်းထားတဲ့ ခံချောချော ဘွားတော်ကြီးပုံ။ ယှဉ်ထားတာဆိုတော့ လင်မယားစုံတွဲပဲ ထင်ရဲ့။ မေပျိုဆိုတဲ့ ကောင်မလေးရဲ့ အဖေအမေလား။ အဘိုးအဘွားလားတော့ မပြောတတ်ဘူး။ တိုးတိုးစိတ်ထဲမှာတော့ ဓါတ်ပုံထဲက လူကြီးကို တွေ့ဖူးသလိုပါပဲ။ ဒီလို အဆင်မျိုးကို ရင်းရင်းနှီးနှီး မြင်ဖူးနေသလိုပါပဲ။

"ဟုတ်တယ်၊ အသေအချာကို တွေ့ဘူးတာ။ ဘယ်မှာတွေ့ဖူးတာပါလိမ့်"

တိုးတိုးခမျာ စဉ်းစားလေ အဖြေမရလေပါပဲ။ အိမ်ထဲမှာလည်း လူသံသူသံ မကြားနဲ့။ မေပျိုဆိုတဲ့ ကောင်မလေးက ခေါ်တုံးက အသည်းအသန် ဖုန်းဆက်ခေါ်ပြီး ဘယ်များသွားနေလည်း မသိဘူး။

"အဟမ်း၊ မမေပျို၊ မမေပျို"

ပြန်ထူးသံ မကြားရပါဘူး။ တိုးတိုးက ဧည့်ခန်းထဲမှာ ဘေးဘီဝဲယာ လှည့်ကြည့်ပါတယ်။ ပြီးတော့ စောစောက ဓါတ်ပုံကို ပြန်ကြည့်တယ်။ အခုမှပဲ တွေ့မိတော့တယ်။ ဓါတ်ပုံအောက်မှာ စာရေးထားသေးတာပဲ။

"ကွန်ပျူတာက ဝက်ဝံရုပ် ချိတ်ထားတဲ့ အခန်းထဲမှာ ဝင်သာပြင်လိုက်"

လွဲတော့ လွဲနေပြီ။ တိုးတိုးခမျာ ဆက်စောင့်ရနိုး၊ ပြန်ရနိုးနဲ့ ဇဝေဇဝါ။

"ဟယ်၊ ပြန်တာပဲ ကောင်းမယ်"

စိတ်နှလုံးဒိုးဒိုးချပြီး ပြန်ထွက်ဖို့ လုပ်ရင်း နံရံက ဓါတ်ပုံကို ထပ်ကြည့်မိပါတယ်။





"ဟာ ဒီဓါတ်ပုံထဲက လူက၊ ငါနဲ့တူတာပဲဟာ"

အော် ညံ့ပါလား တိုးတိုးရယ်။ ကိုယ့်ရုပ်နဲ့ တူတာများ အသည်းအသန် စဉ်းစားလိုက်ရသေး။ ဟုတ်ပါရဲ့။ ဓါတ်ပုံထဲက လူကြီးနဲ့ တိုးတိုးနဲ့ တူတာများ ချွတ်စွတ်နီးပါး။ နာမည်တူ လူတူ မရှားဆိုတာ တကယ်ပဲကိုး။ ဒီလောက်တူနေမှတော့ အဲဒီလူကြီးက တိုးတိုးကို သူ့မျက်နှာ ခိုးကူးထားတယ်ဆိုပြီး တရားစွဲရင် ဒုက္ခ။ ဆက်စပ်စဉ်းစားကြည့်ရင် ဒီအိမ်က လူတွေက တိုးတိုးကို ကြိုသိနေလို့ မလာလာအောင် လှမ်းခေါ်လိုက်တာ ဖြစ်မယ်။ ဒါဆိုရင် ဝက်ဝံရုပ်ရှိတဲ့ အခန်းမှာများ အဲဒီလူကြီး ထိုင်စောင့်နေမလား မသိဘူး။ တိုးတိုးလည်း သိချင်စိတ်ပြင်းပြစွာနဲ့ ဝက်ဝံရုပ် ချိတ်ထားတဲ့ အခန်းကို ရှာပါတယ်။ တွေ့ပါပြီ ဝက်ဝံရုပ် ချိတ်ထားတဲ့ အခန်း။ တံခါးကို အသာခေါက်ကြည့်တယ်။ တုံ့ပြန်သံ မကြားရဘူး။ တံခါးလက်ကိုင်ဘုကို လှည့်ကြည့်တယ်။ အသာပဲ တံခါးပွင့်သွားတယ်။ အခန်းက အိပ်ခန်းပါ။ ကြည့်ရတာ မိန်းကလေး အိပ်ခန်းပဲ။ အခန်းထဲမှာတော့ ဘယ်သူမှ မရှိဘူး။ တူတဲ့လူရော၊ မတူတဲ့လူရော ဘယ်သူမှ မရှိပါဘူး။ ကုတင်အောက်ထဲ ပုန်းနေတာတော့ မဖြစ်နိုင်ပါဘူး။ တိုးတိုးက အခန်းကို ကြည့်ပြီး နှာခေါင်းရှုံ့လိုက်ပါတယ်။

"ဟင်း အကုန် တို့လို့ တွဲလောင်း"

ဟောဟို ကုတင်ဘေးက စားပွဲမှာ ကွန်ပျူတာတစ်လုံး။

"ပျက်နေတယ်လို့ ပြောတာ ဒီကွန်ပျူတာ ထင်ရဲ့"

ကွန်ပျူတာက P 3 ဆိုတော့ နည်းနည်းတော့ model အောက်နေပါပြီ။ တိုးတိုးက ပါဝါဖွင့်ထားလိုက်ပါတယ်။ window တက်လာတယ်။ file တွေကို တစ်ခုစီ လိုက်ဖွင့်ကြည့်တယ်။ အင်း အားလုံးတော့ o.k နေတာပဲ။ ဖြစ်နိုင်တာက file size ကြီးပြီး memory သေးနေလို့ ကွန်ပျူတာလေးနေတာပဲ ဖြစ်မယ်။ ဒီမေပျိုဆိုတဲ့ ကောင်မလေးက ဒါလေးတောင် နားမလည်ဘူးလား မသိဘူး။ မဟုတ်မှလွဲရော တမင်အကြောင်းပြပြီး ခေါ်တာနဲ့တူတယ်။ အင်း တိတ်တိတ်လေး ပြန်လစ်သွားရင် ကောင်းမယ်ထင်ရဲ့။ တိုးတိုး တွေးနေတုံးမှာပဲ နားထဲမှာ ရေကျသံလိုလို၊ သီချင်းညီးသံလိုလို ကြားရပါတယ်။ အသံလာတာက အိပ်ခန်းနဲ့ တစ်ဆက်တည်း ရေချိုးခန်းထဲက။ ဒါ အထဲမှာ တစ်ယောက်ယောက် ရှိနေတဲ့သဘောပဲ။ တိုးတိုးက ရေချိုးခန်းတံခါးနား ကပ်ပြီး နားထောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ ရေကျသံမကြားရတော့ပြန်ဘူး။ သေချာအောင် တံခါးကို တွန်းကြည့်လိုက်တယ်။

"ဂျလောက်"

တံခါးဖွင့်သံနှင့်အတူ ရေချိုးခန်းတံခါး ရုတ်တရက် ပွင့်သွားပါတယ်။ ရေချိုးခန်းက ထွက်လာတာက ထမီရင်လျားနဲ့ ကောင်မလေးတစ်ယောက်၊

"အောင်မလေးဗျ"

"အား၊ လူ လူ လူ"

နှစ်ယောက်စလုံး မထင်မှတ်ထားတာကြောင့် အရမ်းကို လန့်သွားပါတယ်။ ရုတ်တရက် သတိဝင်လာတဲ့ မေပျိုက နောက်ပြန်ဆုတ်ပြီး ရေချိုးခန်းထဲ ပြန်ဝင်လိုက်တယ်။ ဟုတ်တယ်၊ မတော်လို့ လူကို တစ်ခုခု လုပ်သွားမှဖြင့်။ ဒါပေမယ့် သူလေးခမျာ ကံမကောင်းရှာဘူး။ ရုတ်တရက် လိပ်ပြာလွင့်သွားပုံရတဲ့ တိုးတိုးက ယောင်နနနဲ့ ရေချိုးခန်းထဲ လိုက်ဝင်လာတယ်။

"အား"

"အား"

ရေချိုးခန်းထဲမှာတော့ တိုးတိုးနဲ့ မေပျိုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး သံကုန်အော်လိုက်ကြပါတယ်။ ကမ္ဘာဦးလူသားတွေ မီးကိုတွေ့ရှိတုံးက အော်သလိုမျိုးပါ။ နှစ်ဆယ့်တစ်ရာစုလူသားတွေလည်း ကိုရီးယားဇာတ်လမ်းတွဲကြည့်နေတုံး ရုတ်တရက်ကြီး မီးပြတ်သွားရင် အဲဒီလို အော်လေ့ရှိပါတယ်။ ကမ္ဘာဦးလူသားရဲ့ ဗီဇတွေ ကျန်သေးတယ် ပြောရမှာပေါ့။ အူကြောင်ကြောင်နဲ့ ရေချိုးခန်းထဲ လိုက်ဝင်လာတဲ့ တိုးတိုးကို မေပျိုက ဘိုးဘွားအမွေ ကြေးဖလားကြီးနဲ့ ဆော်ထည့်လိုက်ပါတယ်။

"ကဲ ဟယ်"

'ဒေါင်'

"အမလေးဗျာ"

တစ်ဆက်တည်း ပါးစပ်ကလည်း အော်လိုက်ပါသေးတယ်။

"သူခိုးရှင့်၊ သူခိုး လာကြပါဦး"

အရိုက်ခံလိုက်ရမှပဲ တိုးတိုးခမျာ အခြေအနေမှန် သုံးသပ်မိပါ





တယ်။ ဟိုက်သွားပြီ၊ ရဲစခန်းနဲ့ အချုပ်ခန်းကတော့ သေချာသလောက်ပဲ။ အင်း. . . အပေါင်းအသင်းတွေထဲ ရှေ့နေတွေ၊ ရဲအရာရှိတွေ ဘယ်သူတွေများ ရှိပါလိမ့်။

"အင်း၊ ငါကိုယ်က အတော့်ကို ဆတ်ဆော့တာပဲ"

တိုးတိုးလည်း ကြေးဖလားအန္တရာယ်ကလွတ်အောင် ရေချိုးခန်းထဲက ပြေးထွက်လိုက်ရတယ်။ မနက်က ရွတ်လာတဲ့ သံဗုဒ္ဓေက ကြေးဖလားကျတော့ မစွမ်းဘူးထင်ပါရဲ့။ အပြေးကောင်းပေမယ့် ရေချိုးခန်းပေါက်ဝမှာ မားမားကြီးပေါ်လာတဲ့ လေချိုလက်သီးနဲ့ တည့်တည့်သွားတိုးပါတယ်။

'ခွပ်'

'အမယ်လေးဗျာ'

နောက်ပြန်ကျလာတဲ့ တိုးတိုးကို မေပျိုက ယောင်ပြီး လှမ်းဖမ်းထားလိုက်သေးတယ်။ နောက်မှ သတိရပြီး လွှတ်ချလိုက်ပါတယ်။

"အွန့်"

ကြမ်းပြင်ပေါ်ကို လူအကောင်လိုက် ကျသွားပါတယ်။ ဒါပေမယ့် ငြိမ်နဲ့ လှဲနေလို့ မဖြစ်သေးတော့ လူးလဲထ၊ လက်ကာရင်း-

"ဟေ့လူတွေ၊ မှားမယ်နော်၊ ကျွန်တော် ရှင်းပြပါရစေဦး"

"ဟေ့ကောင်၊ ဘာမှရှင်းပြမနေနဲ့"

လေချိုရဲ့ လက်သီးက တန်းကနဲ ထွက်လာတယ်။ တော်သေးတာပေါ့။ နောက်က ငွေကိုက လှမ်းဆွဲလိုက်လို့။ သူတို့ ညီအစ်ကိုနှစ်ယောက်က အိမ်ဘေးကနေ ပတ်ပြီး အခြေအနေကို စောင့်ကြည့်နေတုံး၊ အော်သံကြားလို့ ပြေးဝင်လာတာပါ။ ရေချိုးခန်း ရှေ့ရောက်တော့ ရုန်းရင်းဆန်ခတ် အနေအထားကြောင့် လေချိုကလည်း တတ်သည့်ပညာမနေသာ ဆိုသလို ဆွမ်းကြီးဝင်လောင်းလိုက်ရတာပါ။ အင်း မောင်နှမနှစ်ယောက်တော့ ကုသိုလ်ရလိုက်မယ့်အမျိုး။

"မင်း တိုးတိုး မဟုတ်လား"

ငွေကိုက မသိချင်ယောင်ဆောင်ပြီး မေးလိုက်တာပါ။ တိုးတိုးလည်း အခုမှ ငွေကိုကို တွေ့သွားပြီး

"ဟာ ကိုငွေကို"

တိုးတိုးခမျာ ဝမ်းသာသွားလိုက်တာများ။ အခုနေ ကုလသမဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးချုပ်နဲ့ တွေ့ရင်တောင် ဒီလောက် ဝမ်းသာလိမ့်မယ် မထင်ဘူး။ တွေ့စရာလည်း အကြောင်းမှမရှိဘဲဟာ။

"ကိုငွေကိုကြီး ကျွန်တော့်ကို ကယ်ပါဦးဗျာ"

အမယ်၊ ကိုငွေကိုတောင် ကြီးသွားလိုက်ရသေးတယ်။ မတော်လို့ သေမင်းကြားသွားမှဖြင့်၊ လူများဒုက္ခနဲ့တွေ့ရင် အားကြီးသိတတ်။

"နေစမ်းပါဦး။ မင်းက ဘယ်လိုလုပ်ပြီး ဒီရောက်နေရတာတုံး"

ငွေကိုက သိသိကြီးနဲ့ ထပ်မေးရပါတယ်။ မသိဘဲ နေပါ့မလား။ သူကိုယ်တိုင် ခွင်ဆင်ပြီး ရောက်လာအောင် ခေါ်လိုက်တဲ့ဟာကို။ ဒါပေမယ့် အခြေအနေက မထင်မှတ်ထားတဲ့ အနေအထားဖြစ်သွားတယ်။ သူဆင်လိုက်တဲ့ ခွင်ထဲမှာ အဲဒီလို အကြမ်းအရမ်းတွေ မပါဘူး။ ကြေးဖလားလည်း မပါဘူး။ ဒန်ဖလားလည်း မပါဘူး။ တိုးတိုးနဲ့ မေပျို တစ်ယောက်နဲ့တစ်ယောက် တွေ့ရုံလေး intro ဝင်ရုံလေး ဆင်ထားခဲ့တာ။ အခုတော့ intro တင်မကဘူး။ solo ရော chorus ရော ပါဝင်ကုန်ပြီ။ နှပ်ကြောင်းပြောင်းသွားပြီဆိုတော့လည်း ပြောင်းတဲ့အတိုင်းပဲ ချီးရတော့မှာပဲ။ တိုးတိုးကလည်း နတ်ကတော် ကန်တော့ပွဲပျောက်တဲ့ လေသံလေးနဲ့-

"ကျွန်တော့်ကို မေပျိုဆိုတဲ့ ကောင်မလေး ဖုန်းဆက်ပြီး လှမ်းခေါ်လို့"

"ဘာ"

မေပျိုရဲ့အသံက ရေခဲတောင်ကြား မိုးကြိုးပစ်ထည့်လိုက်သလို။ လေချိုက မေပျို့ကို ကြည့်တယ်။ မေပျိုက ပြာပြာသလဲ။

"မဟုတ်ဘူး ကိုလေး။ မေပျို ဘာမှမသိဘူး။ ဘယ်သူ့ဆီမှလည်း ဖုန်းမဆက်ဘူး။ သူညာပြောတာ။ ရှင်သေချင်လို့လား"

"တကယ်ပါ ကိုငွေကိုရယ်။ တကယ့်ကို မေပျိုက ဖုန်းဆက်တာပါ"

ငွေကိုက သူ့ညီမနဲ့ တိုးတိုးကို တစ်လှည့်စီ ကြည့်ပါတယ်။ အင်္ အကွက်တော့ ဝင်လာပြန်ပြီ။ သူက ကားဝယ်ရောင်းသမားဆိုတော့ ဘယ်ကွေ့ကို ဘယ် signal ပြပြီး ဘယ်လမ်းကြောယူရမယ်ဆိုတာ သဘော ပေါက်ပါတယ်။ ဒီအတိုင်းဆိုရင် သူ့ညီမ သိက္ခာတော့ နည်းနည်းပွန်းတော့ မှာပဲ။ သိက္ခာပွန်းတာ ကားဘော်ဒီဆေးပွန်းတာလောက် ပြဿနာ မရှိဘူး ထင်တယ်။

"ဟယ် ပွန်းချင်တာ ပွန်း၊ ပွန်းရင် ပတ်တီးပြန်ကိုင်ပစ်လိုက်မယ်





ငွေကိုက ပွဲစားတွေးတွေးပြီး လေချိုဘက်လှည့်ပြီး မျက်စေ့မှိတ်ပြ လိုက်ပါတယ်။ ဖော်လို လိုက်လာဆိုတဲ့သဘောမျိုး။ ပြီးမှ တိုးတိုးဘက် ပြန်လှည့် ခေါင်းတစ်ဆတ်ဆတ် ညိတ်ရင်းက-

"ဟင်း ဟင်း၊ ငါတို့ သဘောပေါက်ပါတယ်။ တို့လည်း ငယ်ရာကနေ ကြီးလာတာပဲ။ တိုးတိုးကိုလည်း ညီအရင်းတစ်ယောက်လိုပဲ ခင်နေတာ ပါ။ ဒါပေမယ့် ညီမလေးရယ်၊ ရေချိုးခန်းထဲထိ ချိန်းတွေ့တာတော့ ကောင်းဘူးထင်တယ်"

ငွေကိုရဲ့ရိုက်ချက်က အတော့်ကို ပြင်းထန်သွားပါတယ်။ ဘေးက နားထောင်နေတဲ့ လေချိုတောင် လည်ချောင်းထဲ နင်တင်ဘင် ဖြစ်သွား တယ်။

"ကိုလတ်နှယ်၊ ကိုယ့်ညီမကို မှုံချိုးမျှစ်ချိုး"

စိတ်ထဲကပဲ ပြောတာပါ။ မျက်နှာကတော့ ခပ်တင်းတင်းနဲ့။ မေပျို ကျတော့ မျက်လုံးလေးပြူးပြီး ပါးစပ်ကလေးပြဲသွားတယ်။ ဘယ်သူက ဘယ်သူ့ကို ချိန်းလို့လဲ။ ဒီလောက်ဆော်ပလော်တီးနေတာကို တွေ့လျက်နဲ့ ချိန်းတွေ့တယ်လို့ ထင်ရသေးတယ်။ သူ့အစ်ကိုတွေကို မျက်စေ့ဆရာဝန်နဲ့ပဲ ပြရမလား၊ စိတ်ရောဂါ အထူးကုနဲ့ပဲ ပြရမလား မပြောတတ်တော့ဘူး။

"ဟာ မဟုတ်ဘူး၊ ကိုလတ်ပြောတာမဟုတ်ဘူး။ မေပျိုနဲ့ ဘာမှ မဆိုင်ဘူး"

"ဟာ ကိုငွေကို။ အထင်လွဲနေပြီ။ ကျွန်တော်က. . ."

"ဟော့ကောင်၊ မင်းပါးစပ်ပိတ်ထားစမ်း ဒီမှာတွေ့လား"

ကမန်းကတန်း ဝင်ရှင်းတဲ့ တိုးတိုးကို လေချိုက လက်သီးထောင် ပြလိုက်တယ်။ ခုနက လက်သီးတစ်လုံး မြည်းပြီးသွားပြီ။ နောက်တစ်လုံး ဆိုရင် ဆန်ပြုတ်မပြောနဲ့၊ ရေတောင် သောက်နိုင်မှာ မဟုတ်ဘူး။ တိုးတိုး လည်း ပါးစပ်အသာလေးပိတ်နေလိုက်ရတယ်။ မေပျိုနဲ့ ငွေကိုကတော့ အကျေအလည် ဆွေးနွေးတုံး။

"မဟုတ်ဘူး ကိုလတ်၊ မေပျိုပြောမယ်"

"မပြောနဲ့ မေပျို၊ ကိုလတ်သဘောပေါက်တယ်"

"ကိုလတ် ပေါက်တာ တစ်လွဲကြီး"

"အော် မေပျိုရယ်၊ ကိုလတ်တို့က အပြစ်တင်နေတာ မဟုတ်ပါ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်လို့ မဟုတ်ဘူး ပြောနေတာ"

"ဒါမျိုးက ဟုတ်တယ်လို့ ဝန်ခံလို့ မကောင်းဘူးလေ"

"ခက်နေပြန်ပါပြီ"

"ခက်မနေနဲ့တော့၊ ဟိုမှာ တိုးတိုးကွဲသွားတယ်။ အဲဒါ ညီမလေးပဲ ဆေးခန်းပို့လိုက်ဦး။ ကဲ လေချို တို့သွားရအောင်"

ပြောပြောဆိုဆို ငွေကိုက လေချိုကို ခေါ်ပြီး အပြင်ပြန်ထွက်သွားပါတယ်။ မြန်မြန်လစ်မှ။ ကိုယ်က အတင်းကြီး လုပ်ကြံဇာတ်ခင်းရတာ တော်ကြာ အလိမ်တွေ ပေါ်နေဦးမယ်။

"ကိုလတ်၊ နေဦးလေ"

မေပျိုက လှမ်းခေါ်သေးတယ်။ ဟိုက မနေတော့ပါဘူး။ မနေဘူးဆိုမှ မနေဘူးပဲ။ ထွက်သွားတဲ့လူကို ပြဿနာရှာလို့မရတော့ နီးနီးနားနားလူကိုပဲ ပြဿနာဆက်ရှာရပါတယ်။

"ရှင်ကရော၊ မသွားသေးဘဲ ဘာထိုင်လုပ်နေတာလဲ"

"ခုနက ကိုငွေကို ပြောသွားတယ်လေ၊ ဆေးခန်းလိုက်ပို့ ပေးမှာဆို"

"ဘာရှင့်၊ ကျွန်မက ရှင့်ကို. . ."

ဒီလူက အ,တာလား၊ လည်တာလားတော့ မသိဘူး။ သူ့ကိုများ ဆေးခန်းပို့ပေးရဦးမတဲ့။ တန်အောင် တင်းပုတ်နဲ့ တစ်ချက်လောက် ထုထည့်လိုက်မှနဲ့တူတယ်။ မေပျိုရဲ့ စကားက တန်းလန်းကြီးရပ်သွားတယ်။ သွေးစသွေးနနဲ့ ဖူးယောင်နေတဲ့ ဒီမျက်နှာ။ ဒါအသေအချာကို ရင်းနှီးနေတဲ့ မျက်နှာ။ ဟင် အဖေ။ ဟုတ်တာပေါ့။ ဒီလူ့မျက်နှာက အဖေ့မျက်နှာအတိုင်းပဲ။ မေပျိုလည်း တိုးတိုးကို အတင်းလက်ဆွဲပြီး၊ အိမ်ရှေ့ဧည့်ခန်း ခေါ်လာခဲ့တယ်။ ဓါတ်ပုံရှေ့ရပ်ပြီး သူ့အဖေဓါတ်ပုံကိုတစ်လှည့် တိုးတိုးကို တစ်လှည့်ကြည့်တယ်။

"တူတယ်နော်၊ ကျွန်တော်နဲ့ ၊ အား ကျွတ် ကျွတ်"

တိုးတိုးက ပြေရာပြေကြောင်းလေး ပြောလိုက်တာပါ။

စောစောက အထိုးခံရတဲ့ ဒဏ်ရာက သွေးအေးသွားတော့ နာစပြုလာပါပြီ။ မေ့ပျိုလည်း တိုးတိုးမျက်နှာကိုကြည့်ပြီး သနားစိတ်လေး ဝင်သွားပါတယ်။

"အဖေနဲ့လည်းတူတယ်၊ ကိုငွေကိုတို့နဲ့လည်း သိတယ်ဆိုတော့ လူဆိုးသူခိုးတော့ မဟုတ်လောက်ပါဘူး"





လျှပ်တစ်ပြက်ဝင်လာတဲ့ သနားစိတ်နဲ့အတူ ဆေးခန်းလိုက်ပို့မယ့် ဆုံးဖြတ်ချက်ပါကျသွားတယ်။

"ကဲလာ၊ ဆေးခန်းလိုက်ပို့မယ်၊ သွားစို့"

တိုးတိုးက မေပျို့ကို ခြေဆုံးခေါင်းဆုံးကြည့်ပါတယ်။

"ဟာ ဒီပုံကြီးနဲ့ ဆေးခန်းသွားလို့ မဖြစ်ဘူးလေ၊ ဒီပုံကြီးနဲ့"

"ကဲ ဒီပုံကြီးနဲ့ ဘာဖြစ်တုံး"

မေပျိုက တိုးတိုးအမေးကို ပြန်မဖြေရင်း ကိုယ့်ကိုယ်ကို ပြန်ကြည့်ပြီး လျှာတစ်လစ်ဖြစ်သွားပါတယ်။ အမယ်လေး ရှက်လိုက်တာနော်၊ ရေချိုးခန်းက ထွက်လာတဲ့အတိုင်း ထမီရင်ရှားကြီးနဲ့။

"သေလိုက်ပါတော့ မေပျိုလေးရယ်၊ $H_2N_1$ ဗိုင်းရပ်ပါတဲ့ ကြက်ကြော်စားပြီးသာ သေလိုက်ပါတော့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



"အား ကျွတ် ကျွတ်"

ဆရာဝန်က ဟက်တက်ကွဲသွားတဲ့ ဒဏ်ရာကို အရက်ပျံတွေဆွတ်၊ ကော်တွန်ဘဒ်လေးနဲ့ သွေးတွေသုတ်၊ ဆေးတွေထည့်ပြီး-

"ဘာမှ ပူစရာမလိုပါဘူး။ ဒဏ်ရာက ကွဲရုံလေးကွဲသွားတာ။ အရိုးတွေဘာတွေလည်း မထိပါဘူး၊ ကဲ ညာဘက်နည်းနည်းစောင်းလိုက်"

"အား ကျွတ် ကျွတ်"

အတော့်ကို လက်ရဲဇက်ရဲနိုင်တဲ့ဆရာဝန်ပဲ။ ဒဏ်ရာကို ကိုင်တွယ်နေတာများ လူကို တွန့်တွန့်လူးသွားတာပါပဲ။ အဲဒီလို ဆရာဝန်က ဆေးထည့်ပေးလိုက်တိုင်း တွန့်သွားတဲ့ တိုးတိုးခမျာ အနီးအနားရှိတဲ့ မေပျိုလက်ကို အားကိုးတကြီးဖမ်းဖမ်းကိုင်ပါတယ်။ မေပျိုမှာတော့ အံတကြိတ် ကြိတ် မျက်စောင်းတစ်ထိုးထိုးနဲ့။ ဟင်းယောကျ်ားလေးဖြစ်ပြီး အသည်း ငယ်တတ်လိုက်တာ။ ပရွက်ဆိတ်ကိုက်သလောက် ဒဏ်ရာလေးရတာများ၊ မီကျောင်းကိုက်ခံရသလောက် အော်နေတယ်။ ဒီလောက် သတ္တိကောင်းတဲ့ လူကို မြန်မာရာဇဝင်ထဲက တပင်ရွှေထီးဘုရင်ရဲ့ ကွန်မန်ဒိုရွေးပွဲ ဝင်ခိုင်းရမယ်။ အဲဒီ သူရဲကောင်းတွေက လက်မကို သံစိုက်ပြီး တူနဲ့ထု၊ အသံမထွက်တဲ့ ခန္ဓာကိုယ်မတွန့်တဲ့ လူတွေကိုမှ ရွေးတာဆိုပဲ။ လက်မကို သံနဲ့ စိုက်တာဆိုတော့ သွေးတော့ ထွက်မှာပဲ။ သံချော တစ်ယောက်တစ်ချောင်းစီ သုံးရဲ့လား မသိဘူး။ မတော်လို့ HIV ပိုးရှိတဲ့လူဝင် အရွေးခံမိမှ ကွန်မန်ဒိုတစ်ဖွဲ့လုံး AIDS ဖြစ်ကုန်ဦးမယ်။ အဲလေ အဲဒီတုံးက HIV ပိုးက ကမ္ဘာမြေပေါ်လာဖို့ Visa မရသေးဘူးထင်ရဲ့။

"အား ကျွတ် ကျွတ်"

ကိုင်ပြန်ပြီ လူများလက်ကို။ နည်းနည်းတော့ လွန်လာပြီထင်ရဲ့။ မေပျိုက စိတ်ဆိုးဆိုးနဲ့ လက်ကို ဆောင့်ရုန်းလိုက်ပါတယ်။ အမေနဲ့ ရုပ်ချင်းတူလို့ သည်းခံနေတာ အကောင်းမှတ်နေသေးတယ်။ စေတနာဗလပွနဲ့ ရိုက်ထည့်လိုက်ရ ပါးကြီးရှစ်စိတ် ကွဲရော့မယ်။

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ မေးခိုင်ကာကွယ်ဆေးထိုးပေးလိုက်မယ်။ အကိုက်အခဲပျောက်ဆေးရယ်၊ အရောင်ကျဆေးရယ် တွဲပေးထားတယ်။ ညဘက်ကိုက်လို့ အိပ်မရဘူးဆိုရင် ဒီဆေးလုံးသေးသေးလေးကို တစ်ခြမ်းခြမ်းပြီးသောက်လိုက်။ စိတ်မပူပါနဲ့။ တစ်ပတ်လောက်ဆိုရင် လုံးဝအိုကေသွားမှာ။ ဆရာ့ဆီထပ်လာစရာ မလိုတော့ဘူးနော်။ ထပ်လာရင် စိတ်ဆိုးမှာ"

ဟင့်အင်း၊ မလာပါဘူး၊ ဒီလောက် အကိုင်အတွယ်ကြမ်းတဲ့ဆရာဝန်ဆီကို။ ဆရာဝန်က နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ တိုးတိုးရဲ့ခေါင်းရာပေါ် ဂွမ်းနဲ့ဖိ၊ ပလတ်စတာနဲ့ အုပ်ပေးလိုက်တယ်။

"အား ကျွတ် ကျွတ်"

တိုးတိုးရဲ့လက်က ထုံးစံမပျက် ကြွလာပါတယ်။ ဒီတစ်ခါတော့ မေပျိုက အနားမှာ တွေ့တဲ့ ရာဘာဘုကြီးကို ယူပြီး တိုးတိုးလက်ထဲ ထည့်ပေးလိုက်တယ်။ ညှစ်ပေရော့ စိတ်ကြိုက်။ ဒီဆရာဝန်ကလည်း ဒီရာဘာဘုကြီး ဘာလုပ်ဖို့ဆောင်ထားလည်း မသိဘူး။ မေပျိုက ဆရာဝန်ကို လှမ်းပြီးပြောလိုက်ပါတယ်။

"ဆရာ အားဆေးလေးပါ ထည့်ပေးလိုက်ပါဦး"

"ဟာ၊ ဒီလောက် သန်သန်မာမာကြီး အားဆေးမလိုပါဘူး။ သွေးတစ်စက်နှစ်စက်လောက် ထွက်တာလောက်နဲ့ ဘာမှမဖြစ်ဘူး စိတ်ချ"

ဆရာဝန်က တိုးတိုး ပခုံးကို ပုတ်ပြီး ရှင်းပြပါတယ်။ မေပျိုက-

"အားဆေးက သူ့အတွက် မဟုတ်ပါဘူး။ မေပျို့အစ်ကိုအတွက်ပါ။ အစ်ကိုတွေက ဖိုက်တာတွေဆရာရဲ့။ သူတို့ရန်ဖြစ်လိုက်တိုင်း တစ်ဖက်က အထိုးခံရတဲ့လူက အနည်းဆုံးနှစ်ပတ်လောက် ခံရတာ။ အခုဆရာက တစ်ပတ်တည်းနဲ့ ပျောက်မယ်ဆိုတော့ မေပျိုအစ်ကိုတွေ အလုပ်ပင်ပန်းပြီး အားနည်းနေတယ် ထင်လို့ပါ။ သူတို့မပြောနဲ့။ မေပျိုထိုးရင်တောင် တစ်ပတ်နဲ့ အလျဉ်းမပျောက်ဘူး"

ဆရာဝန်က ပခုံးတွန့်သွားတယ်။ တိုးတိုးခမျာ ကျောချမ်းသွားတယ်။ ဟုတ်မှာရုပ်ကိုက ဂွတ်ဆတ်ဆတ်နဲ့။ မေပျိုက ဆရာဝန်ကို ကျသင့်ငွေရှင်း၊ တိုးတိုးကို မျက်စောင်းထိုးပြီး ရှေ့ကထွက်သွားပါတယ်။ တိုးတိုးက နောက်ကလိုက်ရပါတယ်။ ဆရာဝန်က တိုးတိုးကို လှမ်းပြောလိုက်ပါတယ်။

"ဟေ့လူ၊ ရာဘာဘုကြီးထားခဲ့ဦးလေ"





တိုးတိုးလည်း ဆရာဝန်ကို အားနာပါးနာလေး ပြန်ပြုံးပြပြီး စားပွဲပေါ်တင်ထားလိုက်ပါတယ်။ ပြီးတော့ မနေနိုင်မထိုင်နိုင် စပ်စုလိုက်သေးတယ်။

"ဆရာ၊ အဲဒီ ရာဘာဘုသီးကြီးက ဘာလုပ်တာလဲဟင်"

"အော်၊ ဝမ်းချုတဲ့ ကရိယာက ပြုတ်ထွက်လာတာ။ ပြန်တပ်တာမရသေးလို့ စားပွဲပေါ်တင်ထားတာ"

"ဟိုက်"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စတွေဖြစ်ပြီး တစ်ပတ်လောက် အကြာမှာပါ။ တိုးတိုးဆီကို ငွေကိုနဲ့ လေချိုနှစ်ယောက်ရောက်လာပါတယ်။ ပြီးတော့ ဖိတ်စာတစ်စောင် ပေးပါတယ်။

'ဆိုင်ဖွင့်ပွဲအခမ်းအနား' တဲ့။

"ကဲ လာ လိုက်ခဲ့ပေတော့"

ငွေကိုက ပြောလိုက်တာပါ။ တိုးတိုးက နဝေတိမ်တောင်နဲ့ ပြန်မေးတယ်။

"ဘယ်ကိုတုံး"

"ဆိုင်ဖွင့်ပွဲကို။ ဒီဆိုင်က လေချိုဖွင့်တာ။ ငါ့ညီကို လာစေချင်လွန်းလို့ တကူးတကကို လာခေါ်တာ"

"ဟို ကျွန်တော်မအားလို့"

လေချိုက တိုးတိုးကို ပြုံးပြလိုက်တယ်။ ပြီးတော့ သူ့ညာဘက်လက်ကို ဆုတ်လိုက်ပြီး ဘယ်ဘက်လက်ဝါးထဲ ထိုးထည့်လိုက်တယ်။ တိုးတိုးခမျာ သွားတွေဘာတွေ ကျိန်းသွားပါတယ်။ ငွေကိုက တိုးတိုးကို ချိုင်းကနေဆွဲမလိုက်ပြီး-

"လာပါကွာ တိုးတိုးရာ၊ ငါတို့က မင်းကို တောင်းပန်ချင်လို့ တကူးတကကို လာတာ။ ဟော့ကောင်လေချို ရအောင် ခေါ်လေကွာ။ ထိုးတုံးက မင်းပဲထိုးပြီးတော့"

"ဟုတ်ပါတယ်၊ တိုးတိုးရာ။ ငါက မင်းကို တကယ်တောင်းပန်ချင်လို့ပါ"

အင်း တောင်းပန်မယ့် လူတွေရုပ်က မလိုက်ရင် သတ်တော့ဖြတ်တော့မယ့်ပုံစံအတိုင်း။ ဒီလူတွေနဲ့ လိုက်ရခက်၊ မလိုက်ရခက်နဲ့။

"ဟယ်မတတ်နိုင်ပါဘူး"

တိုးတိုးလည်း စိတ်နှလုံးဒုံးဒုံးချပြီး ဒေဝယကျွည်နေ့ခင်း ခေါ်ရာနောက် လိုက်လာပါတယ်။ လိုက်လာရင်း စိတ်ထဲ တွေးမိသေးတယ်။

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တို့ လေချိုဆိုတဲ့ ကောင်က ရုပ်ကတော့ မဆိုးပါဘူး။ ချောပြီ ချောရဲ့နဲ့ မျက်ပေါက်ကျဉ်းပြီး သူငယ်အိမ်က သေးသေးနဲ့ဆိုတော့ သွေးအေးအေးနဲ့ ရက်စက်မဲ့ရုပ်ပဲ။ ဟိုငွေကိုဆိုတဲ့ ကောင်ကလည်း အသားမည်း အရဲဆင်ထားသေးတယ်။ သူကိုယ်သူ ကာဘော်လစ်ဆပ်ပြာများ အောင့်မေ့နေလားမသိဘူး။ အင်း သူတို့ ညီမနဲ့တော့ တခြားစီ။ သူတို့ညီမလေးကတော့ ချစ်စရာလေး။ ဒါပေမယ့် စွာတေးလန်လေး နေမှာ"

သူ့အတွေးမဆုံးခင်မှာပဲ လေချိုဖွင့်လိုက်တယ်ဆိုတဲ့ ဆိုင်ကို ရောက်လာပါပြီ။ ဆိုင်က စားသောက်ဆိုင်ပါ။ ဆိုင်နာမည်က 'connoisseur' တဲ့။ အကောင်းဆုံး အညွန့်ဆုံးမှ ကြိုက်တတ်သူ လို့ အဓိပ္ပာယ်ရပါတယ်။ ဆိုင်က နေ့လည်ခင်းဆိုတော့ လူရှင်းနေပါတယ်။ ပြောတော့ ဖွင့်ပွဲတဲ့။ တိုးတိုးက မေးလိုက်ပါတယ်။

"ဆိုင်ဖွင့်ပွဲဆို လူတွေလည်း မရှိပါလား"

ငွေကိုက-

"မနက်က ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်းကပ်ပြီးသွားပြီ။ အခု မင်းကို သတ်သတ်လာခေါ်တာ"

လေချိုက သူ့တပည့်တစ်ယောက်ကို လှမ်းခေါ်ပြီး စားစရာတွေ လှမ်းမှာနေတယ်။ တိုးတိုးကတော့ ဆိုင်အပြင်အဆင်ကို လိုက်ကြည့်နေပါတယ်။ ဆိုင်လေးကတော့ ဥရောပစတိုင် ခင်းကျင်းထားတာပါ။ သေချာ စနစ်တကျ decoration လုပ်ထားပုံပါပဲ။ ငွေကိုက တိုးတိုးကို တည့်တည့် ကြည့်နေရင်းက-

"ပလာဇာမှာ ကားချင်းတိုက်မိကတည်းက ထင်တော့ထင်သားကွ"

အင်း ဘာတွေများ ထင်တာပါလိမ့်။ ငွေကိုက ဆက်ပါတယ်။

"မေပျိုက သူ့ချစ်သူနဲ့ အစ်ကိုတွေကို ဒါရိုက်ကြီးမိတ်ဆက်ပေးရမှာ ရှက်နေလို့ အကြောင်းရှာပြီး ကားချင်းတိုက်လိုက်တာလို့။ မေပျိုက ငယ်ငယ်ကလေးတည်းက ဒီအတိုင်းပဲကွ။ သူဖြစ်ချင်တာကို သွယ်ဝိုက်ပြီး ပြောတတ်တာ"

အမယ်လေးလေး၊ တော်တော့်ကို အရှက်အကြောက်ကြီးပါပဲလား၊ ဒီညီမက ဒီအစ်ကိုတွေကို ဒီလောက်တောင်များ ချစ်ကြောက်ရှိသေရလား မသိဘူး။ ရည်းစားရှိတာများ အစ်ကိုတွေကို ပြောချင်လို့ ကားချင်းတောင် တိုက်ပစ်ရတယ်ဆိုရင်တော့ ဒီလိုညီမမျိုး ဆယ်ယောက်လောက်သာရှိရင်





စည်း စိမ်ပြုတ်လောက်တယ်။ ငွေကိုဆိုတဲ့လူက ဆက်စပ်စဉ်းစားတာ တော်လိုက်တာများ အိုင်းစတိုင်းနဲ့ နှင်လားငါလားပဲ။ ဒါ့တောင် ဟိုလူကြီးကို မမှီသေးဘူး။ တစ်ခါတုံးက လူကြီးတစ်ယောက်က မီးရထားနဲ့ ခရီးသွားသတဲ့။ သူ့ရှေ့တည့်တည့်မှာ သူ့သားလောက်ရှိမယ့် လူရွယ်တစ်ယောက်။ အဲဒီလူရွယ်က သူ့နာရီရုပ်နေတာနဲ့ သူ့ရှေ့က လူကြီးကို အချိန် မေးသတဲ့။ "ဦးလေး ဘယ်နှစ်နာရီ ရှိပြီလဲ" ပေါ့။ အဲဒါကို လူကြီး ပြန်ဖြေလိုက်ပုံက "ဒီမှာ မောင်ရင်။ မင်းက ငါ့ကို အချိန်မေးတယ်။ အချိန်မေးတော့ ငါက ပြန်ဖြေရမယ်။ ပြီးရင် စကားရော ဖောရောနဲ့ မင်းက အိမ်လိပ်စာ မေးတော့မယ်။ ဒီတော့ ငါက ငါ့လိပ်စာ ပြောရ တော့မယ်။ ပြီးရင် မိသားစုဘယ်နှစ်ယောက်ဆိုတာ မေးတော့မယ်။ ငါက မိသားစု ငါးယောက်၊ အငယ်ဆုံးသမီးနှစ်ယောက်က အပျိုတွေ၊ ကျောင်း မပြီးသေးတာတွေ ဖြေရတော့မယ်။ အဲဒီတော့ မင်းက ငါနဲ့ရင်းနှီးအောင် လုပ်ပြီး အိမ်လာလည်တော့မယ်။ ငါ့သမီးတွေကို အရောဝင်တော့မယ်။ နောက်ဆုံးမှာ ငါ့သမီးကြီး ရင်ရင်လှ၊ ဒါမှမဟုတ် သမီးငယ် တင်တင့်လှနဲ့ မင်းနဲ့ကြိုက်၊ ငါက သဘောမတူတော့ ခိုးပြေး။ ကလေးတစ်ယောက်ရမှ အိမ်ပေါ်ပြန်ခေါ်ဆိုတဲ့ ဇာတ်လမ်းတွေလာတော့မယ်။ အဲဒါကြောင့် မင်းမေးတဲ့အချိန် မွန်းတည့်တစ်နာရီခွဲရှိပြီဆိုတာကို လုံးဝ မပြောနိုင်ဘူး ကွ" တဲ့။ ကဲ ဘယ်လောက်တောင် ဆက်စပ်စဉ်းစားတတ်သလဲ ဆိုတာပဲ ကြည့်။ ဒီလူကြီးကို မှီဖို့ ငွေကိုက အများကြီး ကြိုးစားရဦးမယ်။ ဘာပဲ ပြောပြော သူ့အစ်ကို စဉ်းစားပုံကို သူ့ညီက တစ်ခဲနက် ထောက်ခံလိုက် ပါတယ်။

"ဟုတ်လိုက်လေ ကိုလတ်ရာ။ သူတို့နှစ်ယောက်ကလည်း ရေလည် မင်သေတာပဲ။ သူတို့ မင်သေတာ အရေးမကြီးဘူး။ ကိုလတ်ကားရောင်း ထားတဲ့ အမြတ်လေးတွေကုန်ရော ဟား ဟား"

လေချိုက တဟားဟားနဲ့တောင် ရယ်နေပါသေးတယ်။ ငွေကိုက ဆက်ပြီး ပြောပြန်တယ်။

"တိုးတိုးရာ၊ ငါတို့လည်း မင်းကို ညီအစ်ကိုအရင်းလို ခင်ပါတယ်။ မင်းလည်း သိပြီးရောပေါ့။ မင်းနဲ့ ငါတို့အဖေနဲ့ ဘယ်လောက်ရုပ်ချင်း ဆင်တယ်ဆိုတာ အခုမေပျိုလေးနဲ့ ပတ်သတ်လာမယ်ဆိုတော့ ဘာလို သေးလဲကွာ။ အဘိုင်းထက်အလွန်ပေါ့"

"ဟာ မဟုတ်ဘူး၊ ကျွန်တော်ရှင်းပြ. . ."



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးခမျာ နေရင်းထိုင်ရင်း အမှုတက်နေပါတော့တယ်။ ဒီလူတွေက ဘာဖြစ်လို့များ တိုးတိုးနဲ့ မေပျိုကို ချစ်သူတွေလို့ထင်နေရပါလိမ့်။ ဟိုမေပျိုကရော ဘာတွေများ ပြောထားပါလိမ့်။ သူ့အစ်ကိုတွေက ယောကျ်ားအတင်းပေးစားနေလို့ အဖေနဲ့တူတဲ့လူရရင် ယူမယ်လို့များ ပြောထားခဲ့ဖူးလား မသိဘူး။ လေချိုက တိုးတိုးကို ပခုံးပုတ်ရင်း-

"ဟာ ရှက်မနေပါနဲ့တော့ကွာ။ နှမပေးရမယ့် ငါတို့ရှက်ဖို့လည်း ထားပါဦး"

"အေးကွ၊ မင်းတို့နှစ်ယောက်လည်း ကြံကြံဖန်ဖန် ရေချိုးခန်းထဲအထိ ချိန်းတွေ့ရတယ်လို့"

"ဟာ မဟုတ်. . ."

"အော် ချစ်တာကိုး ကိုလတ်ရာ၊ ဟဲ ဟဲ၊ အေးလေ၊ ဒါကလည်း မိန်းကလေးနဲ့ ယောကျ်ားလေး ဖြစ်တတ်တဲ့ သဘာဝတွေပဲ။ ကိုလတ်က ဒါတွေ နားလည်နိုင်မယ် မထင်ပါဘူး"

"အေး ငါနားမလည်ဘူးပဲ ထားလိုက်ပါတော့ကွာ။ မေပျိုက မလိမ်မိုးမလိမ်မာလေးမို့ ဒီလိုဖြစ်သွားတယ်ဆိုပေမယ့် တိုးတိုးကလည်း ယောကျ်ားကောင်း ပီပီသသ တာဝန်ယူဖို့လိုတာပေါ့ကွာ"

"ဒါပေါ့ ကိုလတ်ရာ"

ညီအစ်ကိုနှစ်ယောက်တည်း ရေပက်မဝင် ပြောသွားလိုက်ကြတာ။ တိုးတိုးခမျာ သူ့မှာလည်း ပါးစပ်ပါပါလား ဆိုတာကို မေ့သွားပါတယ်။ waiter လေးက စားစရာတွေ လာချတော့မှပဲ သူ့မှာလည်း ပါးစပ်နဲ့ဆိုတာ သတိရပါတော့တယ်။ ဟိုနှစ်ယောက်ကလည်း အပေးအယူ အချိတ်အဆက် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်နဲ့ ပြောသွားလိုက်တာများ ဘာရာဇီးဘောလုံးအသင်းနဲ့တောင် နှစ်ယောက်တည်း ချိန်းကန်လို့ရလောက်တယ်။ ပါးစပ်နဲ့ကန်ရရင် ပြောပါတယ်။ တိုးတိုးက တစ်ခုခု ပြောဖို့ အားယူလိုက်ပါတယ်။

"ကျွန်တော်. . ."

"ရော့စား. . . နံရိုးအနုလေးတွေချည်းပဲ ရွေးကျော်ထားတာ"

ဟ သွားတဲ့ ပါးစပ်ရှေ့ကို တူနဲ့ ညှပ်ထားတဲ့ ဝက်နံရိုးကျော် ရောက်လာတယ်။ တိုးတိုးခမျာ အစားရောစကားပါ မြိုချလိုက်ရတယ်။ အရိုးကတော့ တစ်ကယ်ကိုနုတာပါ။ ထုတ်ထုတ် ထုတ်ထုတ်နဲ့။ တိုးတိုးက





ထုတ်ထုတ် ထုတ်ထုတ်နဲ့နေတုံး လေချိုက နောက်တစ်တုံး အရန်သင့် ကိုင်ထားပြီး-

"တိုးတိုးမိဘတွေဆိုတာကလည်း ဂုဏ်နဲ့ဒြပ်နဲ့ သိက္ခာနဲ့မဟုတ်လား။ သူတို့ရဲ့သားလေး မိန်းကလေးတစ်ယောက်ရဲ့ ရေချိုးခန်းထဲမှာ ချိန်းတွေ့တာ၊ အစ်ကိုတွေမိသွားလို့ အထိုးခံရတယ်ဆိုတဲ့ သတင်းကြားရင် ဘယ်လောက်များ ရှက်လိုက်ကြမလဲမသိဘူး။ အခုတောင် သိနေပြီလား မပြောတတ်ဘူး"

ဒီတစ်ခါတော့ ငြိမ်နေလို့ မဖြစ်တော့ဘူး။ ဝက်နံရိုးမကလို့ မန်းတောင်ဟင်းပဲဖြစ်ဖြစ် ပြောစရာရှိတာ ပြောဖြစ်အောင် ပြောရတော့မှာပဲ။ နဂါးမှန်းသိအောင် အမောက်ထောင်ပြလို့ရတဲ့ အခြေအနေမျိုး မဟုတ်ပေမယ့် တီကောင်မှန်းသိအောင်တော့ နည်းနည်း ပါးပါး ခဲဘွန့်ပြရဦးမယ်။ တိုးတိုးက ဝါးလက်စနံရိုးကို ထွေးထုတ်လိုက်ရင်း-

"နေကြပါဦးဗျာ၊ ခင်ဗျားတို့နှစ်ယောက်က ကိုယ်ပြောချင်တာ စွတ်ပြောနေကြတာပဲ။ ကျွန်တော်ပြောချင်တာက. . ."

"မင်းပြောချင်တာ ငါတို့သိပြီးသားပါ တိုးတိုးရယ်။ အခုလို လူတွေသိသွားပြီးမှတော့ အမြန်ဆုံးလက်ထပ်ပေးပါလို့ ပြောမလို့မဟုတ်လား၊ ဟားဟား"

"အေးကွာ၊ ကိုယ့်ညီမတစ်ယောက်လုံးက ပါနေပြီဆိုတော့ ငါတို့လည်း ဘယ်ပြောသာတော့မှာလဲကွာ။ ကဲ တိုးတိုးနဲ့မင်းဆန္ဒအတိုင်း မင်းမိဘတွေခေါ်ပြီး အမြန်ဆုံးသာ လာခဲ့ပေတော့ ဟေ့"

လေချိုစကားအဆုံး တိုးတိုးက ဝုန်းကနဲ ထရပ်လိုက်ပါတယ်။ တော်ပြီ ဒီလူတွေနဲ့ စကားဆက်ပြောစရာကို အကြောင်းမရှိတော့ဘူး။ လေချိုက ကမန်းကတန်း ထဆွဲတယ်။ ငွေကိုက-

"ဟာ နေဦးလေ။ အခုချက်ချင်းသွားခေါ်စရာမလိုပါဘူး။ ဒီလောက်ကြီး ဆန္ဒမစောနဲ့လေ"

"ခင်ဗျားတို့ ဘယ်လိုလူတွေလဲဗျ"

တိုးတိုးက ဒေါသထွက်လာပြီး မျက်နှာကြီးပါ နီလာပါတယ်။

"ဟာ လေချိုရာ၊ တိုးတိုးကို ကြည့်စမ်းပါဦး။ မျက်နှာကြီး နီရဲလို့ ရှက်နေလိုက်တာများကွာ"

တိုးတိုးခမျာ သူကိုယ်သူတောင် ဇဝေဇဝါဖြစ်သွားရတယ်။ ရှက်တာနဲ့ ဒေါသထွက်တာအဝေးကြီးပါ။ သူ့အမူအယာက ဒီလောက်ကြီးတော့ မလွဲလောက်ဘူး ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရုက်တာ မဟုတ်ဘူး ဒေါသထွက်နေတာ"

တိုးတိုးခမျာ သူဖြစ်နေတဲ့ အမူအယာကို ပါးစပ်နဲ့ ရှင်းပြရမယ်ဆီ ရောက်သွားပါတယ်။ ခပ်ညံ့ညံ့ဗီဒီယိုမင်းသားတောင် ဒီလောက်အဖြစ်ဆိုးမယ် မထင်ဘူး။ အသံတိတ်ခေတ်ရုပ်ရှင်ကားတွေလို အောက်ကနေပြီး 'မင်းသားဒေါသထွက်နေသည်' ဆိုပြီး စာတမ်းထိုးပေးရမယ့်အပေါက်၊ တိုးတိုးက ရှင်းပြလိုက်ရော၊ ငွေကိုက တိုးတိုးရဲ့မျက်နှာကိုအနီးကပ်လာကြည့်ပါတယ်။ တိုးတိုးခမျာ ကမန်းကတန်း နောက်ဆုတ်လိုက်ရတယ်။ တော်တော်ကြာ ယောကျာ်းအချင်းချင်း နမ်းမိမှာစိုးလို့။

"ဟာ မင်းဒေါသထွက်တာက ရုက်နေတဲ့အတိုင်းပါလား တိုးတိုးရာ"

ငွေကိုရဲ့မှတ်ချက်အဆုံးမှာတော့ တိုးတိုးခမျာ အရှင်လတ်လတ်ရေခဲရိုက်ခံရတဲ့ ငါးသလောက်လို ရယ်မရ ပြုံးမရ ငိုမရ မဲ့မရတဲ့ မျက်ခွက်ကြီးဖြစ်သွားပါတယ်။ ပြီးမှ လေသလပ်ခံလိုက်ရသလို မဲ့တဲ့တဲ့ဖြစ်သွားပါတယ်။

"ဒီလို ပြုံးပြုံးရွှင်ရွှင်နေမှပေါ့ တိုးတိုးရာ။ ရှေ့ဆက်လိုက်ဦး"

အဲဒီအချိန်ကစပြီးတော့ တိုးတိုးရဲ့စိတ်ဓာတ်ဟာ သုညအောက်အနုတ်လေးဆယ်ဒီဂရီလောက် ရောက်သွားပါတော့တယ်။ ဟိုညီအစ်ကိုနှစ်ယောက်ကလည်း ရေလည်မှုသွားသလားမပြောနဲ့။ တိုးတိုးခမျာ ငူငူငိုင်ငိုင်ကြီးနဲ့ မကြားတစ်ချက် ကြားတစ်ချက်။

"အဲဒါကွာ တို့အစ်ကိုကြီး ဒီတစ်ပတ်စနေ တွေ့ဖို့လိုက်ခဲ့ပါဦး"

တိုးတိုးခမျာ သူ့ကိုယ်သူ ခေါင်းညိတ်လိုက်လား၊ ခေါင်းခါလိုက်လား မသိတော့ဘူး။

"အစ်ကိုကြီးခမျာ၊ သတင်းကြားကြားချင်း ဒေါသဖြစ်သွားလို့ လေးပတ်လည်တိုင်ကြီးကို side kick ကစ်ထည့်လိုက်တာက တိုင်က ထက်ပိုင်းကျိုးရော"

ဒီလူတွေမဟုတ်တာတွေတော့ ပြောနေပြန်ပါပြီ။ ထက်ပိုင်းကျိုးတာ၊ တိုင်တော့မဖြစ်လောက်ပါဘူး။ ခြေထောက်ပဲဖြစ်မယ်။

"သိပ်လည်း မလန့်ပါနဲ့ကွာ။ အခုအေးအေးဆေးဆေး ဖြစ်သွားပါပြီ၊ မေပျိုလည်း လိုက်မှာကွ"

တိုးတိုးလည်း သတိတစ်ချက် ဝင်လာပြီး-

"ဟာ ကျွန်တော်ဘာလိုက်လုပ်ရမှာတုံး မလိုက်ဘူး"



ရုတ်တရက်တော့ ငွေကိုနဲ့ လေချိုတို့ ဖြေရခက်သွားပါတယ်။ ... ကောင်းထောက်မစွာနဲ့

"တီ တီ တီ"

ငွေကို ဟန်းဖုန်းကပါ။ ငွေကိုက နားထောင်လိုက်ပါတယ်။ ... စ်ဖက်က သူ့ဘော်ဒါ ခေါ်တာပါ။

"အေး ဟုတ်တယ်။ ၄၇၀ က လုံးဝမဆင်းဘူး၊ အိုကီးမဟုတ်ဘူး၊ ... နာကိုယ်တိုင် ရောင်းတာလို့။ ဗိုက်လည်း မနာဘူး၊ ဇက်ကြောလည်း ... တက်ဘူး။ ဘာ ဒီကောင်က ကျောလုချည်လား။ သတ္တိရှိရင် ကားချင်း ... ိုင်ဆောင့်မလား မေးလိုက်။ အေး ငါ အခုလိုက်ခဲ့မယ်"

ငွေကိုက ဖုန်းကို ပိတ်တယ်။ တိုးတိုးကို ကြည့်တယ်။ ပခုံးပုတ်တယ်။

"အားနာလိုက်တာ တိုးတိုးရာ။ ကိစ္စပေါ်လာလို့၊ လစ်လိုက်ဦး ... ယ်။ စနေနေ့နော်။ ကိုယ်လာခေါ်မယ်။ ကဲ လေချို၊ တိုးတိုးကို ... ကောင်းကောင်းပြုစုထားလိုက်၊ လုံးဝစိတ်မညစ်စေနဲ့"

ငွေကိုက သုတ်သုတ်လေး ထွက်သွားပါတယ်။ ကျန်ခဲ့တဲ့ လေချိုခမျာ ချွေးပြန်ကျန်ရစ်ခဲ့တယ်။ စောစောက နှစ်ယောက်တစ်ယောက်တောင် အတော့်ကို ကြဲဖန်ပြီး ထိန်းနေရတာ၊ ကိုယ်က မမှန်တော့တောင်ဆိုးသေး၊ တိုးတိုးက ငူငူငိုင်ငိုင်မျက်နှာကို မြင်လိုက်ရင်း၊ လေချို အကြေအလည် ဆွေးနွေးဖို့ ပြင်ဆင်ပါတယ်။

"ကိုလေချိုရာ၊ ကျွန်တော်နဲ့ မေပျိုက ဘာမှ . . ."

"တီ တီ တီ"

လေချိုခမျာ ဒီအချိန်မှာလာတဲ့ ဖုန်းကို အရမ်းကို ကျေးဇူးတင် ... ိုက်ပါတယ်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ငွေကိုရဲ့ နံပါတ်ကြီး။ ... ညီဒုက္ခရောက်တော့မယ်ဆိုတာသိလို့ ဖုန်းလှမ်းထိုးလိုက်တာထင်ရဲ့။ ... မြန်မြန်လစ်ဖို့ အချက်ပေးနေတာပဲ နေမှာ။ လေချိုက တိုးတိုးကို ... က်ကာပြပြီး ကမန်းကတန်း ဖုန်းပြန်ဖြေပါတယ်။

"ဟာ အသည်းလေး၊ ဟာ မငိုနဲ့လေ။ အခုလာလို့ မရဘူး။ ... ရေးကြီးညှိသည်နဲ့ ။ ဟာ ချစ်ပါတယ်ကွာ။ ဒီလိုမဆိုးနဲ့လေကွာ။ ... အခုချက်ချင်းမလာရင် ထရေဒါးအပေါ်ဆုံးထပ်ကနေ ခုန်ချလိုက် ... ယ်။ ဟာ မလုပ်နဲ့လေ အဲလောက် အမြင့်ကြီးက၊ ဆယ်ထပ်လောက်ဆို ... တာ်ပြီပေါ့။ နောက်တာနော်။ တကယ်ခုန်မချနဲ့။ ကိုယ်အခုချက်ချင် ... ာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လေချိုက စိတ်ပျက်လက်ပျက်ကြီး ထိုင်နေတဲ့ တိုးတိုးဖက်လှည့်ပြီး

"ကဲ ညီလေးရေ ကိုယ်အခု အသက်တစ်ချောင်း သွားကယ်ရဦ မယ်၊ ငါ့ညီလည်း ကြားမှာပါ။ ကိုယ့်အသည်းလေးက ကိုယ်လော့ရ ခန့်ချမလို့တဲ့။ ကိုယ်အရမ်းစိတ်ပူတယ်ကွာ။ လူ့အသက်ဆိုတာ ရခဲပါတယ် ကဲစားစရာရှိတာတွေ ကိုယ်ဘာသာ ကိုယ်သာ စားလိုက်တော့ ဟောကောင် ဝိတ်တာလာဦး။ ဒါ ငါ့ညီ။ အဆင်မပြေဘူးဆိုတာ မကြ ချင်ဘူး ဒါပဲ။ ကဲ တိုးတိုးရေ သွားပြီ"

လေချိုက သွက်သွက်နဲ့ ထွက်သွားပြန်တယ်။ တိုးတိုးခမျာ စိတ်ပျ လက်ပျက် ကျန်ရစ်ခဲ့ရတယ်။

"သွားကြ၊ အကုန်လုံးသွားကြ၊ အားလုံး ဘယ်သူမှ မလာကြနဲ့

တိုးတိုး စိတ်ထဲကနေ ကျိန်ဆဲနေတာပါ။

"ဒါတွေ အားလုံးနင့်ကြောင့်ပဲ မိုးမိုးရေ၊ ဒါတွေ အား နင့်ကြောင့်ပဲ။ နင်မူလဂျီလုပ်နေတာနဲ့ အခုတော့ ဘာတွေဖြစ်ကုန်မှ မသိဘူး။

မုန်းတယ်။ ညီမအတင်းထိုးပေးနေတဲ့ ဟိုဗျတ်ဝိ ဗျတ္တာ၊ ညီအစ် နှစ်ယောက်ကိုလည်း မုန်းတယ်

ဆတ်ကော့လတ်ကော့ မေပျိုဆိုတဲ့ ဟာမလေးကိုလည်း မုန်းတယ်။

နင့်ကို ပဲများတတ်အောင် မွေးပေးလိုက်တဲ့ နင့်အမေကိုလ မုန်းတယ်။ ငါ့ကို မချစ်သလို ချစ်သလိုလုပ်နေတဲ့ နင့်ကိုလည်း မုန်း မိုးမိုးရေ"

☺ ☺ ☺





"ဟဲ့ တိုးတိုး၊ လာလေ။ အပေါက်ဝကြီး ဘာရပ်လုပ်နေတာတုံး"

အဝတ်အစား ဒီဇိုင်းအသစ်တစ်ခုကို model အရုပ်ပေါ်မှာ ဆင်ပေးနေတဲ့ မိုးမိုးက လှမ်းပြောလိုက်တာပါ။ တိုးတိုးက ဆိုင်ပေါက်ဝ ရပ်ပြီး ဘယ်အချိန်ကတည်းက မိုးမိုးကို ကြည့်နေတာလည်း မသိဘူး။ ဒီတိုးတိုးတစ်ယောက်ဟာ တစ်ခါတလေတော့လည်း အူကြောင်ကြောင်နဲ့။ မိုးမိုးနဲ့တိုးတိုးဆိုတာ ဟိုကလေးဘဝကတည်းက သူငယ်ချင်းတွေ။ အတူစား အတူသွား မခွဲဘဲ တစ်တွဲတွဲ ဆိုတာမျိုး မဟုတ်ပေမယ့် အဲဒီရဲ့ တစ်ဝက်လောက်တော့ ရင်းနှီးခဲ့ကြတာပေါ့။ မိဘအချင်းချင်းကလည်း ရင်းနှီးကြပါတယ်။ ဆေးကုမ္ပဏီနဲ့ ဆရာဝန်ဆိုတော့ ပလဲနံ့ပ သင့်ရ တာပေါ့။ ဒါပေမယ့် ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေထဲကလို သူ့သားနဲ့ ကိုယ့်သမီးသဘောတူထားတာမျိုးတော့ မရှိပါဘူး။ အချင်းချင်း ဖြစ်သွား ကြရင်လည်း ကောင်းသားပဲ ဆိုတာလောက်ပါပဲ။

တိုးတိုးကတော့ မိုးမိုးကို စိတ်ဝင်စားနေတယ် ဆိုတဲ့အကြောင်း ပွင့်ပြောပြီးသားပါ။ သူငယ်ချင်းဆိုတော့လည်း အတည်လိုလို နောက်သလိုလို၊ ရူးသလိုလို၊ ကြောင်သလိုမျိုးတွေလည်း ပါတာပေါ့။

"နင်ဒီနေ့ သိပ်လှတာပဲ" ဆိုတာမျိုးတို့။ တစ်ခါတလေကျတော့ လက်ဆောင်လေးတွေဝယ်ပေးပြီး "ငါက ဘယ်မိန်းကလေးမှ ဒါမျိုး ဝယ်မပေးတာမဟုတ်ဘူး" တို့။ "တစ်ခါတလေကျ၊ မိုးမိုးရှေ့ လက်မောင်း ကြွက်သားတွေ ညှစ်ပြပြီး-

"ဒီမှာကြည့်၊ အားကိုးရတဲ့ ယောကျာ်းဆိုတာ ဒါမျိုး" ဆိုတာတို့ ပြောတတ် လုပ်ပြတတ်ပါတယ်။ တစ်ခါတလေကျတော့လည်း ပြောင်ကျကျ "မိုးမိုး၊ နင်ယောကျာ်းလိုချင်ရင် ငါ့ကို ယူကြားလား" ဆိုပြီး လမ်းဘေးဈေးသည် ဈေးရောင်းတဲ့ အပေါက်မျိုးလည်း ပြောတတ်ပါသေး တယ်။

ဒါပေမယ့် ခက်နေတာက မိုးမိုး။ တိုးတိုး အပေါ်ထားတဲ့ သူ့သဘောထားက အတော့်ကို နားလည်ရခက်ပါတယ်။ လောလုံးအသင်း



www.burmeseclassic.com

www.burmeseclassic.com



နည်းပြုနဲ့ နာမည်ကြီးဘောလုံးသမားဆက်ဆံရေးလိုပါပဲ။ တစ်ခါတလေကျ တိုးတိုးမှ တိုးတိုးဆိုပြီး မဏ္ဍပ်တိုင်တက်ပြလိုက်။ တစ်ခါတလေရိုက်ချလိုက်တော့လည်း ဒလိမ့်ကောက်ကွေး။ ကောင်မလေးရဲ့ စိတ်က ဂျာနယ်စာမျက်နှာပေါ်က သတင်းတွေလို ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ဘယ်ဟာယုံရမှန်း မသိဘူး။ အင်းလေ၊ နိုင်ငံတကာအဆင့် fashion Diploma တစ်ခုရထားပြီး နာမည်ကြီး fashion ဆိုင်တစ်ခု ထောင်ထားနိုင်တဲ့ မိန်းမဆိုတော့လည်း အထာလေး ကိုင်ရှာတော့မပေါ့။

"အော် ဝင်လာပါဆိုမှ၊ ဘာတွေ ညစ်နေတာတုံး"

မိုးမိုးက ထပ်ခေါ်လိုက်မှပဲ၊ တိုးတိုးက ဆိုင်ထဲဝင်လာပြီး မိုးမိုးနဲ့ အနီးဆုံး ဆက်တီမှာ ဝင်ထိုင်ပါတယ်။ ပြီးတော့ မိုးမိုးကို မျက်တောင်မခတ်တမ်း ကြည့်နေလေရဲ့။ တော်ရုံတန်ရုံ မျက်လုံးဒဏ်လောက်ကို ဖြေရေးချမဖြုံတဲ့ မိုးမိုးတောင် ဒီတစ်ခါတော့ ရင်ထဲ နွေးကနဲ ဖြစ်သွားတယ်။

"ဟဲ့ တိုးတိုး၊ ကြည့်လှချည်လား။ ဘာလဲ ငါအရင်ကထက် ပိုချောလာလို့လား"

ကောင်မလေးက မျက်လုံးရွဲကြီးတွေနဲ့ ဝေ့ဝိုက်ကြည့်ပြီး မေးလိုက်တာပါ။ ဒီလိုအကြည့်မျိုးကြောင့်ပဲ တိုးတိုးခမျာ ပစ်ကျသွားရတာထင်ပါရဲ့။ နဂိုလှတဲ့ မိန်းကလေးက အဆင့်အတန်းရှိရှိ ဝတ်စားခြယ်သထားတော့လည်း အင်း ဘယ်ယောကျ်ားက မကြိုက်ဘဲနေနိုင်မှာလဲ။ တိုးတိုးက မျက်လုံးချင်း ဆုံကြည့်နေရာက လွှဲလိုက်ပြီး-

"ငါတို့ လက်ထပ်ကြရအောင် မိုးမိုးရာ။ နင်ငါ့ကို လက်ထပ်ပါနော်"

ပြောချလိုက်တာက ဆိုင်းမဆင့် ဗုံမဆင့်။

"အမယ်လေး တိုးတိုးရဲ့။ နင်ဘီယာတွေ သောက်ပြီး ပေါက်လာပြီထင်တယ်"

တိုးတိုးက ခေါင်းခါလိုက်တယ်။ သောက်တာတော့ သောက်လာတာပါပဲ။ ဟိုလေချိုနဲ့ ငွေကိုဆိုတဲ့ ငနာနှစ်ကောင် တိုက်လွှတ်လိုက်တာလေ။ ဒါပေမယ့် မမူးတာတော့ အမှန်ပဲ။

"ငါ အတည်ပြောနေတာပါ မိုးမိုးရယ်။ နင်ငါ့ကို လက်ထပ်ပါနော်"





မိုးမိုးက တိုးတိုးရဲ့ မျက်ဝန်းတွေထဲ ကြည့်ပါတယ်။ တိုးတိုးရဲ့ မျက်ဝန်းတွေကလည်း တည်လို့ ကြည်လို့။ ဒါဆိုရင် အတည်ပြောနေတာ ခပေါ့။ မိုးမိုးလည်း ကိုယ်ဟန်လေးကို ခပ်လျော့လျော့ ပြင်လိုက်ရင်း-

"အို ဟိုး၊ အဆင့်တွေကျော်လှချည်လား ဆရာကြီးရယ်။ ဒီက ချစ်တယ်၊ မချစ်ဘူးဆိုတာတောင် မစဉ်းစားရသေးဘူး"

"ငါနင့်ကို ချစ်တယ်လို့ ပြောထားတာ ကြာပါပြီဟာ"

"နောက်သလို ပြောင်သလို ပြောထားတာလေ"

"ဒါပေမယ့် ငါ့ရင်ထဲကပါတယ်ဆိုတာ နင်သိပြီးသားပါ မိုးမိုးရယ်။ တို့နှစ်ယောက်က ဟိုကလေးဘဝကတည်းက သိလာတဲ့လူတွေပါ။ တစ်ယောက်နဲ့ တစ်ယောက်အူမချေးခါးအထိ မသိပေမယ့် အစာအိမ်လောက်အထိတော့ သိကြတဲ့သူတွေပါဟာ။ မိဘတွေလည်း သဘောမတူစရာမရှိ။ နင်ဘာတွေများ စဉ်းစားစရာရှိသေးလဲဟာ။ နင်ငါ့ကို လက်ခံတယ်၊ လက်မခံဘူး ကွဲကွဲပြားပြားတော့ သိလောက်ပါပြီ"

"ငါ နောက်ထပ်ဆိုင်ခွဲတစ်ခု ဖွင့်မလို့ အလုပ်ရှုပ်နေတယ်။ ငါ့ခေါင်းထဲ အခုလောလောဆယ် အလုပ်အကြောင်းပဲရှိတယ်။ အချစ်အကြောင်းတွေ၊ အိမ်ထောင်ရေးတွေ မစဉ်းစားချင်သေးဘူး"

"နင်က အပျိုကြီး လုပ်မလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ သေချာတာက အခုလောလောဆယ် အိမ်ထောင်မပြုချင်သေးဘူး ဆိုတာပဲ"

တိုးတိုးက ခဏလောက် ငြိမ်သွားပါတယ်။ မိုးမိုးကတော့ မော်ဒယ်အရုပ်လေးလက်ပေါ်က တွန့်နေတဲ့ အဝတ်စတွေကို ဖြန့်သွားအောင် ဖြန့်ချနေပါတယ်။ တိုးတိုးက သက်ပြင်းချလိုက်ရင်း-

"တကယ်လို့ နင်နဲ့ငါ ဖူးစာ မဆုံဖြစ်ကြဘဲ လွဲသွားခဲ့မယ်ဆိုရင် နင်ဝမ်းနည်းမှာလားဟင်"

မိုးမိုးက ဟက်ဟက်ပက်ပက်လေး ရယ်ပါတယ်။ အော် တိုးတိုး တိုးတိုး၊ နင်လည်တာ ဒီလောက်ပဲကိုး။ ဒီလိုစာမျက်နှာကျော်ဖတ်လို့ ဘယ်ရပါ့မလဲ။ အချစ်ဆိုတာ စာမျက်နှာတွေ chapter တွေ ခွဲထားတာမှ မဟုတ်ဘဲ။ မိုးမိုးက လူတစ်ကိုယ်လုံး တိုးတိုးနား တိုးလိုက်ပြီး-

"ဟင်း ဟင်း၊ နင်တကယ်ရယ်ရတာပဲ တိုးတိုးရယ်။ ငါကြားဖူးတာကတော့ နဖူးစာဆိုတာ လူရေးတာ မဟုတ်ဘူးတဲ့။ တို့နှစ်ယောက်မဆုံ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင်လည်း ကိုယ့်အလိုအတိုင်းမှ မဟုတ်ဘဲဟာ။ ဘယ်တတ်နိုင်ပါ့မလဲ။ နင်က ဝမ်းနည်းစေချင်ရင်တော့ မျက်စဉ်းလေးခတ်ပြီး မျက်ရည်လေးဘာလေး ကျပြရမှာပေါ့။ အမယ်လေး တိုးတိုးရဲ့၊ နင့်ကို ငါမရလိုက်တာ ဝမ်းနည်းလိုက်လေခြင်းဆိုပြီး ဟင်း ဟင်း ဟင်း။ ဒါပေမယ့် မပူပါနဲ့ဟာ။ နင် ဘယ်သူနဲ့ယူယူ သတို့သမီးဝတ်စုံကို ငါလက်ဖွဲ့မှာပါ ဟင်း ဟင်း"

"နင် တကယ်ကို အသဲမာတာပဲ"

"နင်သာ အရက်တွေ သိပ်မသောက်နဲ့ အသည်းကျွတ်သွားဦးမယ်၊ ငါနောက်တာနော်။ အော်ဒါနဲ့ ငါစက်ဘူကနေ နင့်အတွက် Handset တစ်ခုပါလာတယ်။ model အသစ်နော်၊ function တွေလည်း စုံနေတာပဲ၊ အိမ်လိုက်ယူပါလား"

"တော်ပါပြီဟာ၊ ငါပြန်တော့မယ်။ နင်နောက်မှ နောင်တမရပါစေနဲ့လို့ ဆုတောင်းလိုက်ပါတယ်"

တိုးတိုးက ထိုင်ရာက ထလိုက်ပြီး တံခါးပေါက်ဆီလျှောက်သွားပါတယ်။

"ဟဲ့ တိုးတိုး နေဦးလေ"

တိုးတိုးက လှည့်တောင် မကြည့်ဘဲ ထွက်သွားလေရဲ့။ တိုးတိုးရဲ့ နောက်ဆုံးစကားက တစ်မျိုးကြီးပဲ။ နင်နောက်မှ နောင်တမရပါစေနဲ့တဲ့။

"ငါ နောင်တရအောင် နင်က ဘာတွေများ လုပ်ပြမလို့လည်း တိုးတိုးရယ်"

☺ ☺ ☺





"ကဲ ကိုတိုးတိုး၊ ကျေးဇူးပြုပြီး ဧည့်ခန်းခဏလောက် ကြွခဲ့ပါဦး"

တိုးတိုးတစ်ယောက် အိမ်ပြန်ရောက်တယ်ဆိုရင်ဘဲ သူ့အမေက လှမ်းခေါ်လိုက်တာပါ။ ဧည့်ခန်းထဲက သူ့အမေက အင်္ဂလိပ်စာအုပ်အထူကြီးဖတ်လို့။ သူ့အဖေကတော့ စိပ်ပုတီးကြီးကိုင်လို့။ သူ့အဖေနဲ့အမေက တိုးတိုးကို တမင်စောင့်နေပုံပါပဲ။ အင်းလေ ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့လည်း တစ်အိမ်တည်းနေပြီး သားအမိသားအဖတွေ မျက်နှာချင်းဆိုင်ဆုံရတဲ့အချိန်က တကယ့်ကို ရှားရှားပါးပါးရယ်ပါ။ တိုးတိုးက သူ့အမေ ရှေ့တည့်တည့် ဝင်ထိုင်ပါတယ်။ သူ့အမေက ဖတ်လက်စ စာအုပ်ကို စားပွဲပေါ် တင်လိုက်ပြီး-

"အခုကြားနေရတဲ့ သတင်းတွေက အမှန်ပဲလား"

မေးပုံက အဆက်အစပ်မရှိ တုံးတိတိ။ သူ့အမေဖတ်နေတဲ့ စာအုပ်က နိုင်ငံရေးနဲ့ဆိုင်တဲ့ စာအုပ်ဆိုတော့ အခုလောလောဆယ်ကြားရတဲ့ သတင်းဆိုတော့. . .

"ဟုတ်တယ် မာမီ. . . ပါရှန်းပင်လယ်ကွေ့ထဲ လေယာဉ်တင်သင်္ဘောတစ်စင်း ထပ်လွှတ်လိုက်ပြီ။ ဟိုဘက်ကလည်း ဒုံးပစ်စင်တွေ ရွှေ့နေပြီတဲ့"

တိုးတိုးရဲ့အမေ ဒေါက်တာမကြီးလည်း နဝေတိမ်တောင် ဖြစ်သွားရပါတယ်။ သူသိချင်တဲ့ကိစ္စက ဒုံးပစ်စင်တွေလည်းမပါ၊ တိုက်ချင်းပစ်တွေလည်း မပါပါဘူး။

"မင်းကို နိုင်ငံတကာကိစ္စတွေ မေးနေတာ မဟုတ်ဘူး။ ငါသိချင်ရင် မင်းတောင်မလိုဘူး၊ internet ထဲ ငါ့ဘာသာ ငါကြည့်လို့ရတယ်။ မင်းနဲ့ပတ်သက်ပြီးကြားရတဲ့ သတင်းကို မေးနေတာ"

သူနဲ့ပတ်သက်တဲ့ သတင်းတဲ့။ ဘယ်သူတွေက ဘာသတင်းတွေ လွှင့်လိုက်ပါလိမ့်။ မဟုတ်မှလွဲရော ဘောလုံးပွဲလောင်းတဲ့ကိစ္စတွေပဲ ဖြစ်မယ်။ တောက် ဒီဒိုင်ကတော့၊ အကြွေးလေး တစ်ပုံးနှစ်ပုံးလောက် ကျန်တာနဲ့ ဖြစ်နေလိုက်တာ။ တိုးတိုးကလည်း သူ့အမေကျေနပ်အောင် ဖြေရှင်းချက်ထုတ်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အော် ဒါလား၊ အဲဒါက ဘောလုံးပွဲကြေး မဟုတ်ပါဘူး၊ မာမီရာ။ ဟိုအရင်ကိစ္စတွေပါ။ အလုပ်များနေလို့ ဘောပွဲတောင် မကြည့်ဖြစ်တာကြာပြီ"•

ညောင်မြစ်တူး၊ ပုတ်သင်ဥရော၊ ဖွတ်ဥရော ပေါ်တာပါပဲဘဲ။ အခုအချိန်ထိတော့ သူ့အမေသိချင်တဲ့ ကဏ္ဍဆီ မရောက်သေးပါဘူး။ သားအမိနှစ်ယောက်ကြား စကားပြန်တစ်ယောက် လိုလာပါတယ်။ ပုတီးကို တစ်ချောက်ချောက် စိတ်နေတဲ့ သူ့အဖေက ဝင်ပြီး စကားပြန်လုပ်ရတော့တယ်။

"မင်း မာမီ ပြောတဲ့ကိစ္စက မင်းကောင်မလေးတစ်ယောက်နဲ့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတဲ့ကိစ္စကို ပြောတာ၊ အဲဒါအမှန်ပဲလား"

ဘယ်ကောင်မလေးနဲ့မှ သွားရှုပ်ထွေးမိပါလိမ့်။ အခုတစ်လောပတ်သက်မိတာ ဟို မေပျိုဆိုတဲ့ ကောင်မလေးပဲ ရှိတယ်။ ဒါကလည်း ကိုယ့်ချင်းကိုယ့်ချင်း အိမ်ထဲမှာ ဖြစ်တဲ့ကိစ္စ။ ဘယ်အဆက်အစပ်နဲ့မှ အပြင်ကို သတင်းထွက်စရာ အကြောင်းမရှိဘူး။ တိုးတိုးလည်း ငြင်းစရာရှိတာ ပြတ်ပြတ်သားသား ငြင်းရပါတယ်။

"ကောလဟလတွေပါ ဒက်ဒီရာ"

"ပြောတဲ့လူက အတိအကျ ပြောသွားတာ၊ ကောင်မလေးနာမည်က မေပျိုတဲ့။ မင်းနဲ့ကောင်မလေး ရေချိုးခန်းထဲမှာ သူ့အစ်ကိုတွေ့မိသွားလို့ ဝိုင်းထိုးကြတာတဲ့။ ကြားရတဲ့သတင်းက စိတ်ချမ်းသာစရာ တစ်ချက်မှ မရှိဘူး"

သူ့အမေရဲ့စကားအဆုံးမှာ တိုးတိုးခမျာ ပြုံးလို့ပြုံလို့ရသမျှ အကုန်ပြုံသွားပါတယ်။ ရလာတဲ့သတင်းကတော့ အတိအကျပါပဲ။ တစ်ခုပဲ လွဲနေတယ်။ မေပျိုဟာ တိုးတိုးကောင်မလေး မဟုတ်တာပါဘဲ။ ဒါလေးများလို့တော့ မပြောလိုက်ပါနဲ့။ ဒါလေးများက မိုးပြိုကျသွားနိုင်ပါတယ်။ တိုးတိုးရဲ့အဖေက ငိုင်သွားတဲ့ သူ့သားကိုကြည့်ပြီး-

"မင်းက ရေချိုးခန်းအထိဆိုတော့ လွန်တာပေါ့"

"ဟာ မဟုတ်ပါဘူး၊ ဒက်ဒီရာ၊ အဲဒါက. . ."

"မင်းသာမဟုတ်ဘူး ပြောနေ၊ ဆေးရုံတစ်ခုလုံး ဒီအကြောင်းပြောပြီး လှျာခံတွင်းလိုက်နေကြတာ၊ ဒေါက်တာမိမိမော်ရဲ့ သားက ဒီလိုမျိုးဆိုပြီး"





သူ့အမေက ဖြတ်ပြောလိုက်ပါတယ်။ သူ့အဖေက ဆက်ပြန်တယ်။

"မနက်က ဂေါက်ရိုက်နေတုံးကို ခင်မောင်ဝင်းကတောင် မေးလိုက်သေးတယ်။ ခင်ဗျားသားက အဖေလောက် မပိရိပါလားတဲ့၊ ငါ မျက်နှာတောင် ဘယ်ထားရမှန်းမသိဘူး"

သူ့အမေက သူ့အဖေကို မျက်စောင်းထိုးပါတယ်။ တိုးတိုးဖက်လှည့်ပြီး ဆက်မေးပြန်တယ်။

"ဒါနဲ့ ကောင်မလေးမှာ ကိုယ်ဝန်နဲ့ဆို"

"ဗျာ၊ ဟာ၊ မဟုတ်ပါဘူး မာမီရ"

တိုးတိုးခမျာ ခေါင်းနပမ်းကြီးပြီး ကြက်သီးမွေးညင်းတွေပါ ထောင်ထွက်သွားတယ်။ ဘယ်ကနေ ဘယ်လို ဒါတွေက ပါလာရတာပါလိမ့်။ ဒါ သွေးရိုးသားရိုးမဟုတ်တော့ပါဘူး။ တစ်ခုခု လုပ်ကြံဖန်တီးထားတဲ့ အဆင့်ဖြစ်သွားပါပြီ။ သူ့အဖေက-

"ကိုယ်ဝန်မရှိတာ သေချာရဲ့လား ဟေ့ကောင်"

တိုးတိုးခမျာ ဇဝေဇဝါဖြစ်သွားတယ်။ မေပျိုဆိုတဲ့ ကောင်မလေးနဲ့ အဲဒီနေ့ တစ်ရက်တွေ့ဖူးရုံနဲ့တော့ အဲဒီကောင်မလေးအကြောင်း ဘယ်လိုဒေတာ ဘယ်အချက်အလက်မှ မသိနိုင်တာ အမှန်ပါ။ ဟိုညီအစ်ကိုနှစ်ယောက်ကလည်း အတင်းရော၊ အဓမ္မရော ဆက်စပ်ပေးနေကြတယ်။ မဟုတ်မှလွဲရော မေပျိုဆိုတဲ့ ကောင်မလေးက သူ့ရဲ့ပြဿနာကို အကွက်ချပြီး တိုးတိုးကို ထောင်ချောက်ဆင်ပြီ ထင်ရဲ့။ အဲဒါမှဒုက္ခပါပဲ။ တိုးတိုးရဲ့အသံက နာမည်နဲ့လိုက်အောင် volume အနိမ့်ဆုံးရောက်သွားပါတယ်။

"သူ့ဟာသူ ရှိချင်လည်း ရှိမှာပေါ့ ဒက်ဒီရာ။ ဒါ ကျွန်တော်နဲ့တော့ မပတ်သက်တာ အမှန်ပဲ။ ပြီးတော့"

"မင်းကသာ မပတ်သက်ဘူး ပြောနေ။ အခု ငါတို့ပါ ရောပြီး ပတ်သက်နေပြီ။ ငါတို့လင်မယားက ဆရာဝန်သိက္ခာမစောင့်စည်းဘဲ ကိုယ်ဝန်ဖျက် ချ ပေးမလို့ လုပ်နေတယ်ဆိုတာတောင် ပါသွားသေးတယ်။ ဟေ့ကောင် တိုးတိုး၊ ဒီကိစ္စကို ပေါ့ပေါ့လေးမတွက်နဲ့။ မင်းရှုပ်တာကိစ္စမရှိဘူး။ ငါတို့ လင်မယားရော၊ ငါတို့ အသစ်ဖွင့်မယ့် ဆေးရုံအတွက်ပါ ပြဿနာ တက်သွားနိုင်တယ်။ တောက်၊ ဆရာဝန့်သက်တမ်း တစ်လျှောက် ဒါပထမဦးဆုံး အရှုက်ကွဲခြင်းပဲကွ၊ အဲဒီတော့ ဒီလို မလည်မရှုပ်လုပ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



အစား မေပျိုဆိုတဲ့ ကောင်မလေးကို ယူရင်လည်း ယူလိုက်။ နောက်မှ မင်းဟာ မင်း ပေါင်းချင်ပေါင်း ကွဲချင်ကွဲ ငါတို့ ဂရုမစိုက်ဘူး"

"ဟာ၊ မယူပါဘူး၊ ဒါသားကို လှည်းကျိုးထမ်းခိုင်းတာ မယူနိုင်ဘူး"

"ဒါဆို ဘာလို့ သွားပတ်သက်သေးလဲကွ"

"သားသွားပတ်သက်တာ မဟုတ်ဘူး။ သားထောင်ချောက်ဆင်ခံရတာ"

"ဒါ မင်းအသုံးမကျလို့ ဖြစ်ရတာ"

မထင်မှတ်ဘဲ မိသားစုထဲ ပြဿနာက အကျယ်အကျယ် ဖြစ်ရပါပြီ။ နေရင်းထိုင်ရင်း ကိုယ်မလုပ်ရဘဲ အကုသိုလ် အတောင့်လိုက်ကြီး တက်နေပါရောလား။ သေချာပါပြီ ဒါရည်ရွယ်ချက်ရှိရှိ တမင်လုပ်တယ်ဆိုတာ။ ဒါ ငြိမ်ခံလို့မဖြစ်တော့ဘူး။ ဒီလိုခံရတဲ့ ယောကျ်ားလေးတွေ တိုင်ဖို့ တန်းဖို့ အတွက် အမျိုးသားရေးရာဆိုတာကြီးရော မရှိဘူးလား မသိဘူး။ ဒီကိစ္စမေပျိုဆိုတဲ့ ကောင်မလေးနဲ့ ထိပ်တိုက်ရှင်းကိုရှင်းမှ ဖြစ်တော့မယ်။ တိုးတိုးလည်း ဒေါသနဲ့ ခက်ထန်နေတဲ့ သူ့အမေနဲ့ အဖေတို့ကို ကြေကြေကွဲကွဲလေး ကြည့်ရင်း-

"သားတောင်းပန်ပါတယ်၊ ဒက်ဒီနဲ့မာမီရာ။ ဒီကိစ္စ သားတစ်ကယ်မလုပ်ရိုးအမှန်ပါ။ သားကို မယုံသလိုကြီးတော့ မကြည့်ပါနဲ့ မာမီရာ။ မာမီတို့ သိက္ခာမကျရအောင် အားလုံးပြေလည်အောင် ဖြေရှင်းပေးပါ့မယ်"

တိုးတိုးခမျာ အံကြီးကြိတ်ပြီး မျက်ရည်တွေလည်း ဝဲလို့။ လက်ထဲ တိုင်ထားတဲ့ ဟန်းဖုန်းကို ဆုတ်ထားလိုက်တာများ ဒီထက် သား အားနည်းနည်း ပိုထည့်လိုက်ရင် တစ်စစီတောင် ကြေမွသွားမလားပဲ။ တိုးတိုးရဲ့ ရင်ထဲမှာတော့-

"တွေ့ကြသေးတာပေါ့ မေပျိုရယ်"

☺ ☺ ☺





"ဘုရား၊ ဘုရား၊ ဘာပြောတယ်၊ ပြန်ပြောစမ်းပါဦး"

ဖုန်းခွက်ကြီးကို ကိုင်ပြီး အထိတ်တလန့် ဖြစ်သွားတာက မေပျိုရယ်ပါ။ ကြားရတာ နားဝမှာ ချမ်းသာစရာ တစ်စက်မှ မရှိပါလား။ ဘုရား ဘုရား၊ ဘယ်ကနေ ဘယ်လို ဖြစ်ကုန်ကြပါလိမ့်။ တစ်ဖက်က ဖုန်းပြောတဲ့ သူကတော့ မေပျိုနဲ့ တွဲနေတဲ့ ယောကျ်ားလျာမလေး။ သူက ဖုန်းထဲက ဆက်ပြောပြန်ပါတယ်။

"မေပျိုနဲ့ တို့နဲ့ ပတ်သတ်ခဲ့ကြတာ အဲဒီအကန့်တွေ မပါတာ မေပျိုသိပါတယ်။ အခုတော့ မေပျိုက မဖုံးနိုင်မဖိနိုင်တဲ့ အနေအထားနဲ့ဆို ဘယ်သူသွားမေးမေး ဒါတို့နဲ့ မဆိုင်ဘူးဆိုတာ သိမှာပါ။ ဒါ မေပျိုတို့ အပေါ် သစ္စာမရှိတာပေါ့။ အခုံပတ်ဝန်းကျင်က ပြောနေကြပြီ။ တို့က မေပျိုကို အပိုင်စည်းရုံးပြီး ယောကျ်ားလေးတွေနဲ့ တွေ့ပေးတာတဲ့။ တို့ဘယ်လောက်သိက္ခာကျလဲ။ တို့မေပျိုကို ချစ်တာ၊ ရိုက်စားတာတွေ နှိုက်စားတာတွေ မပါပါဘူး။ သန့်သန့်လေး ချစ်ခဲ့တာပါ။ မိန်းကလေး ဖြစ်ရတာ ရှုပ်တယ်ထင်လို့ ယောကျ်ားလေးဖြစ်ချင်ခဲ့တာ၊ အခုတော့ ယောကျ်ားလေးဘဝက ပိုတောင် ရှုပ်နေပါရောလား။ တို့ ဆုံးဖြတ်ချက်ချလိုက်ပြီ မေပျို။ တို့ မိန်းကလေးဘဝမှန်မှာပဲ ပျော်အောင် နေတော့မယ်။ ဒီနေ့ကစပြီး ဆံပင်ရှည်ထားမယ်။ high heel စီးတတ်အောင် ကျင့်မယ်။ နှုတ်ခမ်းနီဆိုးမယ်၊ မျက်နှာပေါင်းတင်မယ်။ တကိုယ်လုံးပေါင်းတင်မယ်။ မေပျိုဒုက္ခရောက်တဲ့အချိန်မှာမှ စွန့်ခွာခဲ့တဲ့ တို့ကို မုန်းလိုက်ပါတော့ မေပျို။ ဒီဘဝ ဒီမျှပါပဲ"

တဖက်က ခွပ်ကနဲမြည်အောင် ဖုန်းချသွားတဲ့ အချိန်မှာတော့ မေပျိုတစ်ယောက် တစ်ကိုယ်လုံး နွန်းချိပျော့ခွေသွားပါတယ်။ ဘုရား ဘုရား အကုသိုလ်က ကြီးမားလှချည်လား။ ဘယ်ဘဝက ဘယ်သူ့ကို ကောင်းကြံချောက်ချခဲ့လို့လည်း မသိဘူး။ အခုမှတော့ ကိုယ့်မှာ အနေ့ အထိုင်မှန်ရက်ကနေ သိက္ခာကျရတယ်။ အဲလေ ယောကျ်ားလျာလေးနဲ့ တွဲတာတော့ တွဲတာပေါ့။ ဒါပေမယ့် ဒီလိုအသံမျိုးထွက်စရာကို အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ၊ မေပျို့ယောကျ်ားမိန်းလေးတော့ စိတ်နာနာနဲ့ မိန်းမဘဝ အပြီးတိုင် ကူးပြောင်းသွားပါပြီ။ ကိုယ်ကလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ယောကျ်ားလျာ လုပ်လိုက်ရမကောင်းဘဲ ရှိတော့မယ်။ ဒီကိစ္စတွေ ဟိုတိုးတိုးဆိုတဲ့ လူနဲ့ ရေချိုးခန်းမှာ ပြဿနာတက်ပြီးမှ စလာတာ မတော်တဆမှုလွဲရော။ ဒီလူက သူအထိုးခံရတာနဲ့ တန်အောင် သွားပုပ်လေလွင့် လျှောက်ပြောပြီ ထင်မါရဲ့။ ဒီရုပ်ဒီရည်နဲ့ ဒီလောက် အကျင့်တန်ရတယ် လို့။ မဖြစ်ဘူး။ မဖြစ်ဘူး။ ချိုးမွမ်းခုနှစ်ရက်၊ ကဲ့ရဲ့ခုနှစ်ရက်ဆိုပြီး ထားလိုက်လို့ကတော့ မေပျို့ဆိုတဲ့ မိန်းကလေးကို လူမလေးခွေးမခန့် ဖြစ်သွားတော့မယ်။ ငယ်ငယ်က ရန်ဖြစ်ရင်တောင် လူများထက် တစ်ချက်ပိုလုပ်လိုက်ရမှ ကျေနပ်တာ။ မေပျို့က အတွေးအဆုံးမှာ ဟိုတစ်ခါ တိုးတိုးပေးသွားတဲ့ visiting card ကိုရှာပြီး တိုးတိုးဆီ ဖုန်းဆက် မိတော့တယ်။

"ကိုတိုးတိုး ပါလားရှင်"

"ခင်ဗျား မေပျို့လား၊ အတော်ပဲ။ ကျုပ်လည်း ခင်ဗျားနဲ့ စာရင် ရှင်းစရာရှိလို့၊ အခုပဲ ဆက်တော့မလို့"

တိုးတိုးက မေပျို့အသံကြားလိုက်တာနဲ့တစ်ပြိုင်နက် ပြန်ပြောလိုက် တာပါ။ ထူးတော့ ထူးဆန်းသား။ မသိတဲ့နံပါတ်တစ်ခုနဲ့ စိမ်းနေတဲ့ မိန်းကလေးသံကြားလိုက်တာနဲ့ ဒါမေပျို့လို့ အပ်ချမတ်ချ တန်းသိလိုက် တာမျိုးပါ။ အကြားအမြင် ဆရာတော့ လုပ်ဖို့ကောင်းနေပြီ။ မေပျို့က လည်း တိုးတိုးမှန်း သေချာတာနဲ့-

"ကျွန်မလည်း ရှင်နဲ့စာရင်းရှင်းစရာ ရှိတယ်"

ဒါ ဟိုဘက် ဒီဘက် နှစ်ဘက်စလုံးပြဿနာ ရှိနေတဲ့ သဘောပါ ပြဿနာရှိတယ်ဆိုကတည်းက မျက်နှာချင်းဆိုင်ရှင်းမှ ကောင်းတော မှာပေါ့။ ဆက်သွယ်ရေးစနစ်တွေ ဘယ်လောက်ပဲကောင်းကောင် ဘယ်လောက်ပဲ အဆင့်အတန်းမြင့်မြင့်၊ လူလူချင်း မျက်နှာချင်းဆို တွေ့ရတာလောက် ဘယ်ဟာမှ ဖီလင်မလာပါဘူး။ online ပေါ်မှ e-government တို့ e-business တို့သာ အဆင်ပြေအောင် လုပ်လို့ရမယ် e-kiss ကိုတော့ အပြင်မှာ လက်တွေ့ခံစားရတဲ့အတိုင်း ဘယ်လိုမှ လုပ် မရသေးပုံဘူး။ တွေးကြည့်ရင် ကြားခံမီဒီယာတစ်ခုကနေ လူနှစ်ယော ဆက်သွယ်တယ်ဆိုတာမျိုးဟာ ကိုယ့်ကိုယ်ကို လူသားအဖြစ်ကနေ လျှပ်





ကြောင်းလေးတစ်ခု၊ ဒါမှမဟုတ် signal တစ်ခုစာလောက် အဆင့်ထိ လျှောကျသွားတာမျိုးပါ။ ကိုယ်မကျေနပ်တဲ့လူရဲ့ မျက်နှာကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး အားရပါးရ ဆဲရတဲ့ ဖီလင်မျိုးလောက်၊ ဘယ်ဖီလင် မှ အရသာရှိမှာ မဟုတ်ပါဘူး။ ဒီတော့၊ မေပျို့နဲ့ တိုးတိုးတို့လည်း လူသား ပီသစွာ လူချင်းတွေ့ဖို့ ချိန်းကြရပါတော့တယ်။

"ဒီကိစ္စ ဖုန်းထဲက ပြောလို့မကောင်းဘူး၊ ဘယ်မှာတွေ့မလဲ၊ ခင်ဗျားနေရာပြောပါ"

"ကောင်းပြီလေ၊ ဒါဆိုရင် ရှင့်ဒီနေရာကို လာခဲ့. . ."

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



နေရာကတော့ တိတ်ဆိတ်တဲ့ ကော်ဖီဘားတစ်ခုမှာပါ။ အတော်အသင့် ကျယ်ဝန်းတဲ့ ခြံဝင်းတစ်ခုမှာ ဥရောပနဲ့မြန်မာ ကပြားစတိုင်နဲ့ ဖွင့်လှစ်ထားတဲ့ ဆိုင်လေးမှာ။ စားပွဲတစ်ခုမှာတော့ တိုးတိုးနဲ့ မေပျိုက တစ်ယောက်ကိုတစ်ယောက် ခပ်တင်းတင်းကြည့်ပြီး ထိုင်နေကြပါတယ်။ တိုးကိုးက ဂဏာမငြိမ်ဘဲ မေပျို့မျက်နှာကို ကြည့်လိုက်၊ ဗိုက်ကိုကြည့်လိုက်နဲ့။ ကောင်မလေးက ဂျင်းဘောင်းဘီအရှည်ကို အပေါ်က ဘလောက်၊ ပွပွရွရွ လက်ပြတ်လေးနဲ့ တွဲဝတ်ထားတယ်။ ဗိုက်နေရာက ပွပွရွရွလေးဖြစ်နေတော့၊ တိုးတိုးခမျာ ဆုံးဖြတ်ရခက်နေပါတယ်။ စိန်ကဲ ရွှေကဲထက် လူကဲပိုခက်၏တဲ့။ အခုတော့ ဗိုက် ကဲက ပိုခက်နေတယ်။ ကမ္ဘာကျော် microsoft ကုမ္ပဏီကြီးက ဗိုက်အကဲခတ်နည်း software လေးဘာလေးများ မထုတ်ဘူးလား မသိဘူး။ စကားမပြောဘဲနဲ့ အပေါ်ကြည့်လိုက် အောက်ကြည့်လိုက် လုပ်နေတဲ့ တိုးတိုးကို ကြည့်ရင်း မေပျိုခမျာ တင်းသထက် တင်းလာပါတယ်။

"ရှင်ဘာတွေ လျှောက်ကြည့်နေတာတုံး"

"အဲ ဘာမှ မကြည့်ပါဘူး"

တိုးတိုးခမျာ နည်းနည်းတော့ ရှက်ကိုးရှက်ကန်းဖြစ်သွားပါတယ်။ မေပျိုက

"ရှင်ဘယ်လိုလူလဲ။ ယောကျ်ားလေးဖြစ်ပြီး အဆင့်အတန်းကို မရှိဘူး။ မဟုတ်တမ်းတရားတွေ လျှောက်ဖွရသလား။ ရှင်မှာနှမမရှိဘူးလား"

ထိုးစစ်က ပြင်းထန်ပါတယ်။ တစ်ဖက်ကလည်း တန်ပြန်တိုက်စစ်ဆင်ပါတယ်။

"အောင်မာ၊ သူခိုးက လူဟစ်ရတယ်ရှိသေး။ ဒီမဟုတ်က မဟုတ်ကတွေ မင်းလုပ်ကြံဖန်တီးနေတာမဟုတ်လား။ မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ ပြောစမ်းပါဦး"

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာရည်ရွယ်ချက်လဲ။ ရှင်လျှောက်ပြောမနေနဲ့။ ကျွန်မက မိန်းကလေးရှင့်။ ကိုယ့်သိက္ခာကိုယ်အကျခံပြီး ဒီကိစ္စမျိုး ဘယ်တော့မှ မလုပ်ဘူး"

"သိနိုင်မလားကွ၊ မင်းက ဘယ်လိုအတန်းအစားမျိုးမှ မသိဘဲ"

"အောင်မာ၊ ရှင်စော်ကားလှချည်လား၊ ရှင့်ကိုယ်ရှင် ဘာများ အောင့်မေ့နေလဲ"

မေပျိုရဲ့အသံကအတော့်ကို ကျယ်သွားလို့၊ ဘေးဝိုင်းတွေက လှမ်းကြည့်ပါတယ်။ မေပျိုလည်း ဘေးဘီကိုကြည့် အသံလေးပြန်နှိမ့်ပြီး

"ဒါယောက်ျားတစ်ယောက်က ပြောရမယ့်စကားလား။ ဒီလိုစကားမျိုးပြောထွက်မှတော့ ဟိုစကားတွေလည်း ရှင်ပြောတာပဲဖြစ်မယ်။ ယောက်ျားလေးဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို ပါးစပ်အရသာခံပြီး ပြောနေတယ်။ အရှက်မရှိ။ နေစမ်းပါဦး၊ ရှင်ဒီလိုလုပ်တော့ ဘာအကျိုးအမြတ်များရှိလဲ ပြောစမ်းပါဦး"

"မင်းထင်ရာတွေ လျှောက်ပြောမနေနဲ့။ ဒီစကားတွေ ငါလုံးဝ မပြောဘူး။ မင်းအစ်ကိုတွေကရော ဘာအချိုးလဲ ပြောစမ်းပါဦး။ မင်းတို့အားလုံး တကြိတ်တည်း တညာက်တည်း မဟုတ်လား။ ဘာတဲ့ အခုလာမယ့် စနေ မင်းတို့အစ်ကိုအကြီးဆုံးဆိုလား၊ အဲဒီဘဲကြီးကို သွားတွေ့ရမတဲ့။ အဲဒါငါနဲ့ ဘာဆိုင်လို့လဲ။ ရှင်းပြတာလည်း လက်မခံဘူး။ မင်းအစ်ကိုတွေ ဦးနှောက်တော့မှန်ပါသေးတယ်နော်"

ဒီတစ်ခါတော့ မေပျိုတစ်ယောက် တွေးတွေးဆဆဖြစ်သွားတယ်။ ဒီကိစ္စကို သူသိကိုမသိသေးတာပါ။

"အစ်ကိုကြီးဆီ ဘာသွားလုပ်ကြမလို့လဲ"

"အဲဒါတော့ မင်းအစ်ကိုတွေကိုပဲ မေးကြည့်ပေါ့ကွ။ ငါက သိပါ့မလား"

မေပျိုစိတ်ထဲ တစ်မျိုးဖြစ်သွားတယ်။ မဟုတ်မှလွဲရော၊ ဒီကောလဟလတွေက သူ့အစ်ကိုတွေများ လျှောက်လုပ်နေတာများလား၊ ဘာကြောင့်များ ကိုယ့်ညီမ သိက္ခာကျအောင် လျှောက်လုပ်နေကြတာပါလိမ့်။ ညီမကို ချစ်တာမချစ်တာ အပထား။ တစ်မိသားစုတည်း မဟုတ်လား။ မေပျိုသိက္ခာကျရင်လည်း သူတို့ပါ ကျတာပဲပေါ့။ မေပျိုက စိတ်ရှုပ်ရှုပ်နဲ့ တိုးတိုးကို မော့ကြည့်လိုက်ပါတယ်။ တိုးတိုးခမျာလည်း စိတ်





အကြီးအကျယ်ညစ်နေပုံပါပဲ။ မျက်မှောင်ကြီးကို ကြုတ်လို့။ တွန့်ထားတဲ့ မျက်ခုံးတွေက ထူထူမည်းမည်းကြီး။ ပြီးတော့ ဝင်းဖန့်တဲ့ အသားအရေ၊ ပိရိတဲ့ နှုတ်ခမ်းနဲ့ ယောကျ်ားပီသတဲ့ ရုပ်မျိုး။ မျက်နှာထက်စာရင် နှာခေါင်းလေးက မသိမသာလေးတိုနေသလို။ မဟုတ်မှလွဲရော၊ ကာလီယို ပက်ထရာနဲ့များ အရင်ဘဝက အမျိုးတော်ခဲ့သလား မသိဘူး။ အဆိုအမိန့် လိုလို ဘာလိုလိုရှိတယ်လေ။ 'ကာလီယိုပက်ထရာသာနှာခေါင်းနည်းနည်း ပိုရှည်ခဲ့မယ်ဆိုရင် ရောမအင်ပါယာဟာ သူ့လက်အောက်ရောက်သွား နိုင်တယ်ဆိုပဲ'။ အင်း တိုးတိုးသာ ဒီထက် နှာခေါင်းရှည်ရင် ဘာဖြစ်လာမှာပါလိမ့်။ ငါးနှစ်သမီးလောက်ကတည်းက အမေဆုံးသွားတဲ့ မေပျိုဟာ သူ့အမေနဲ့ရုပ်ချင်းတူတဲ့ သူနဲ့ရွယ်တူ ယောကျ်ားကိုတွေ့တော့ သူ့ရင်ထဲမှာ တစ်မျိုးတစ်မည်ပါ။ သားအရင်းဖြစ်တဲ့ သူ့အစ်ကိုတွေတောင် ဒီလောက် မတူဘဲ သူက ဘာဖြစ်လို့ လာတူနေပါလိမ့်။ တိုးတိုးက သူ့ကိုထိုင်ကြည့် နေတဲ့ မေပျိုကို မေးခွန်းတစ်ခုမေးလိုက်ပါတယ်။

"ဒါနဲ့ မင်းမှာ ကိုယ်ဝန်ရှိနေလား"

"ဘာရှင့်"

"အော်၊ မင်းမှာ ကိုယ်ဝန်ရှိနေလို့၊ ငါ့ကို လှည်းကျိုးကမ်းနိုင်းမလို့ လား ထောင်ချောက်ဆင်နေကြတာလားလို့"

"ကဲ ဟယ်"

မေပျိုက စိတ်မထိန်းနိုင်တော့ပါဘူး။ ဒေါသတကြီးထပြီး လက်သီးနဲ့ထိုးထည့်လိုက်ပါတယ်။ သူလိုအပျိုစစ်စစ်ကိုများ ကိုယ်ဝန်ရှိ နေသလားတဲ့။ စောစောက အမေနဲ့ တူလို့ ကြည်ညိုနေတာလေးတောင် ဘယ်ရောက်သွားလဲ မသိဘူး။ တိုးတိုးက ရှောင်တော့ ရှောင်လိုက်သား။ မိန်းကလေးဆိုတော့ ပါးချမယ်ထင်လို့ ပါးလွှတ်ရုံလေး ရှောင်လိုက်တာ၊ ဟိုက လက်သီးနဲ့ ထိုးတော့ နှာခေါင်းကို ထိသွားပြီး သွေးတွေပါကျလာပါတယ်။ အင်း ကာလီယိုပက်ထရာ နှာခေါင်းမျိုးပဲဖြစ်ဖြစ်၊ ဟစ်တလာ နှာခေါင်းမျိုးပဲဖြစ်ဖြစ် အထိုးခံရတော့ နာတာပါပဲ။ မေပျိုက ထပြန်မလို့ ပြင်လိုက်ပါတယ်။ တိုးတိုးက သူ့နှာခေါင်းကို လက်တစ်ဖက်နဲ့ ဆုပ်ပြီး ကျန်လက်တစ်ဖက်က မေပျိုကို လှမ်းဆွဲပြန်တယ်။

"ရှင်လွှတ်နော်၊ ထပ်အထိုးခံချင်သေးလို့လား"

"မလွှတ်ဘူး၊ ငါပြောစရာ ကျန်သေးတယ် ထိုင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအိတ်ထဲက တစ်ရှူးထုပ်ကို ထုတ်လိုက်ပြီး-

"ရော့ နှာခေါင်းက သွေးတွေ သုတ်လိုက်ဦး"

တိုးတိုးရဲ့ နာနေတဲ့ နှာခေါင်းက ရှုံ့သွားပါတယ်။ ကောင်မလေး ဘောင်းဘီကြားထဲက ထုတ်လာတဲ့ တစ်ရှူးနဲ့ သုတ်ရမယ်ဆိုတော့ ချွန်းချောင်းက ဖေက်ကောင်း ပြက်လုံးထဲကလို တမာရွက်ပြုတ်စော်နံ တော့မှာပဲ။

"မသုတ်ဘူးကွ၊ မသုတ်ဘူး"

"မသုတ်လဲ နေပေါ့"

တိုးတိုးက သူ့လက်ခုံနဲ့ ပွတ်လိုက်တယ်။ ပေနေတဲ့ သွေးတွေကို ကြည့်ပြီး-

"တောက်၊ မင်းတို့မောင်နှမတွေနဲ့တွေ့ရင် ငါချည်းပဲ ခံနေရတာ ချည်းပဲ"

"အိုး၊ ဝေဒနာကို စာဖွဲ့ပြမနေနဲ့၊ မသနားတတ်ဘူး၊ ပြောစရာရှိတာ မြန်မြန်ပြော"

တိုးတိုးက မေပျိုမျက်နှာကို လှမ်းကြည့်လိုက်ပါသေးတယ်။ ပြီးမှ-

"အေး၊ ငါပြောတာ ဆုံးအောင် သေသေချာချာ နားထောင်၊ ဖြတ်မပါနဲ့ဦး၊ အခုကိစ္စက ငါတစ်ယောက်တည်းကိစ္စ မဟုတ်ဘူး။ ငါ့အဖေနဲ့ ငါ့အမေပါ ပြဿနာထဲပါလာပြီ"

"အို ဘာဆိုင်လို့လဲ"

"အေး ဘာမှမဆိုင်ဘဲနဲ့ကို သိက္ခာကျနေတာ။ ငါ့အဖေနဲ့အမေက အရှာဝန်တွေ။ အခုသတင်းဖြစ်နေတာက ငါက မင်းကိုယ်ဝန်ရှိနေတာကို ထူဘဲ ပစ်ထားတယ်။ ငါ့အဖေ အမေက တိတ်တိတ်လေး၊ မင်းကို ကလေးဖျက်ချပေးကြတယ်တဲ့။ စုံနေတာပဲ။ ငါက ပါးစပ်အရသာခံပြီး ပြောရင်တောင် ငါ့အဖေအမေသိက္ခာတွေ ကျတဲ့အထိတော့ မပြောဘူး"

"အို ကျွန်မကလည်း မိန်းကလေးရှင့် ကိုယ့်သိက္ခာကျမယ့် စကား ပြောပါ့မလား"

"ငါတို့နှစ်ယောက်မပြောရင်၊ မင်းအစ်ကိုနှစ်ယောက် ပြောတာ





လား၊ သူတို့က ဘာအကျိုးအမြတ်ရမှာမို့ ဒါတွေ လျှောက်လုပ်နေရတာ လဲ"

"ရှင်က ယောက်ျားလေးဆိုတော့ တော်သေးတာပေါ့။ ကျွန်မက မိန်းကလေးရှင့်။ အခုတောင် ဘယ်လိုမျက်နှာနဲ့ လမ်းထွက်ရမှန်း မသိတော့ဘူး။ ကျွန်မကြားတဲ့ဇာတ်လမ်းက တစ်မျိုး၊ ရှင်ပြောတဲ့ မူကွဲက တစ်မျိုးနဲ့။ ဟင်း သေသာ သေချင်တော့တာပဲ"

"ရှိတဲ့မျက်နှာနဲ့ပဲ ထွက်ပေါ့။ မျက်နှာက ပြောင်းပစ်လို့မှ မရတာ။ သေတော့ မသေလိုက်ပါနဲ့။ ခင်ဗျားသေရင် ကျုပ်က သက်သက်မဲ့ အမှု ပတ်ပြီး လူယုတ်မာစာရင်းဝင်ဦးမယ်။ ကဲ အခု ဘယ်လိုလုပ်မလဲ စဉ်းစား ကြပါဦး။ ခင်ဗျားတို့ မိန်းကလေးတွေက ဖြတ်ထိုးဉာဏ်ကောင်းတယ်ဆို"

အခုဟာကတော့ ဖြတ်ပဲထိုးထိုး၊ မဖြတ်ဘဲထိုးထိုး၊ အလျားလိုက်ပဲ ထိုးထိုး၊ ကန့်လန့်ပဲ ထိုးထိုး၊ ဘာအကြံ ဘာဉာဏ်မှ ထွက်မလာပါဘူး။ မေပျိုက ခဏလောက် ငြိမ်သက်သွားပါတယ်။ ပြီးမှ သက်ပြင်းလေး ချရင်း-

"စနေနေ့ကျရင် အစ်ကိုကြီးဆီ လိုက်ခဲ့ပြီး ဖြစ်နေတာတွေ အကုန်ရှင်းရတော့မှာပဲ။ အဲဒီကျ အဖြစ်မှန်ကို ကျွန်မရှင်းပြပေးပါ့မယ်။ နောက်ပြီး ရှင့်အဖေနဲ့အမေကိုလည်း ကျွန်မသွားပြီး ရှင်းပြပေးပါ့မယ်။ ပါးစပ်ပေါက်စေ့အောင်တော့ ဘယ်လိုမှ လိုက်ရှင်းမပြနိုင်ဘူး။ ကျွန်မလုပ် ပေးနိုင်တာ ဒါအကုန်ပဲ"

ဒီတစ်ခါ သက်ပြင်းချရတဲ့လူက တိုးတိုးရယ်ပါ။ သူကရော ဘာများ တတ်နိုင်မှာမို့တုန်း။ ဘာမှ မတတ်နိုင်တဲ့ အဆုံးတော့-

"အင်းလေ၊ အခုတော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့။ ဒါနဲ့ မင်းမှာ ကိုယ်ဝန် မရှိတာတော့ သေချာပါတယ်နော်"

မေပျိုက နှုတ်ခမ်းကိုက်ပြီး မျက်စောင်းထိုးလိုက်ပါတယ်။

"ရှင်တော့လေ. . . ဟင်း"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့စနေနေ့ မနက်စောစောကတည်းက ငွေကိုလာခေါ်လို့ တိုးတိုးခမျာ လိုက်လာခဲ့ရတာပါ။ ဟိုကောင်မလေးမေပျို့က လူကြီးစုံရာ ရှေ့ ရှင်းပြပေးမယ်ဆိုလို့။ နို့မဟုတ်ရင် ဒီလူတွေနဲ့ လိုက်ကိုမလိုက်သေး။ ကားတစ်စီးတည်းမှာ ငွေကိုက မောင်းလို့။ ရှေ့ခုံမှာ လေချိုက ထိုင်လို့။ တိုးတိုးနဲ့ မေပျို့က နောက်ခန်းက ထိုင်လို့။

"အမယ်၊ ဒီကောင်မလေး ဒီနေ့မှပိုပြီး အလှပြင်လာလား မသိဘူး။ အရောင်ဖျော့ဖျော့ ဆိုးထားတဲ့ နှုတ်ခမ်းကလည်း စိုပြီးတောက်လို့၊ နှုတ်ခမ်းလုံးလုံးလေးက ချစ်စရာလေး၊ ဟယ် ငါဘာတွေ တွေးနေပါလိမ့်"

တိုးတိုးက မေပျို့ကို မသိမသာခိုးကြည့်ရင်း စိတ်ထဲ တွေးနေမိတာပါ။ ရေမွှေးနံ့နဲ့ ကိုယ်သင်းနံ့ရောပြီး မွှေးအိနေတဲ့ အနံ့ကလည်း တိုးတိုးရဲ့ ဂန္ဓာရုံထဲ ကျူးကျော်ဝင်ရောက်နှောင့်ယှက်လို့။ ဒီရေမွှေးတွေက၊ ဒီကောင်မလေးဆွတ်မှ ပိုမွှေးလာသလား မသိဘူး။

"ဟာ၊ ဒီခွေးမသားတော့ သေတော့မှာပဲ"

တိုးတိုးခမျာ ဘေးချင်းထိုင်လျက် ကောင်မလေးကို မသိမသာ လေးပြစ်မှားလာတာ ငွေကိုဆဲသံကြားတော့ တွန့်သွားပါတယ်။

ငွေကိုက ကားလမ်းပေါ် ကိုးလိုးကန့်လန့်လုပ်နေတဲ့ နွားတစ်ကောင်ကို လှမ်းဆဲလိုက်တာပါ။ နွားကြီးတစ်ကောင်လုံး မြင်ရက်နဲ့ ခွေးမသားဆိုတော့ လွန်တာပေ့ါ။ တော်ပါသေးရဲ့ ကိုယ့်ကိုဆဲတာ မဟုတ်လို့။ ကားစထွက်တဲ့အချိန်က နှစ်နာရီလောက်ကြာတဲ့ အချိန်မှာ တော့ ကားလေးဟာ highway လမ်းပေါ်ကနေ ဘယ်ဘက်မြေနီလမ်းကို ချိုးမိတယ်ဆိုရင်ပဲ 'ဆွေညီနဲ့ ရွှေညီအစ်ကိုများ ကရာတေးကလပ်ဆီ' ရောက်သွားပါတယ်။

ကားရပ်ရပ်ချင်း ကရာတေးဝတ်စုံဝတ်ထားတဲ့ လူနှစ်ယောက်က က ကားနောက်ခန်းတံခါးလာဖွင့်ပေးတယ်။ ကားအောက်လည်းရော အသက်ဆယ်နှစ်လောက်ရှိမယ့် ကရာတေးဝတ်စုံနဲ့ ကလေးမလေးတစ် ယောက်က တိုးတိုးကို မေမြို့ပန်းတစ်စည်းလာပေးပါတယ်။

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီပန်းစည်းက ဘာလုပ်ဖို့ပါလိမ့်"

အူကြောင်ကြောင်နဲ့ ပန်းစည်းကို လှမ်းယူလိုက်ရတယ်။

ပန်းစည်းပေးတဲ့ ကောင်မလေးက သူ့သွားသုံးချောင်းပြူးကြီး ကျိုးနေတာတောင် အားမနာဘဲ အားပါးတရ ပြုံးပြနေလို့။ တိုးတိုးလည်း ပြန်ပြုံးပြလိုက်ရတယ်။ မေပျိုကို လှမ်းကြည့်လိုက်တော့ သူ့လက်ထဲလည်း ပန်းစည်းတစ်စည်းနဲ့။ မဟုတ်မှလွဲရော ဒီကလေးမလေး တွေက တိုးတိုးတို့ကို အထူးဧည့်သည်တော်ဆိုပြီး ပန်းစည်းဆက်တာနဲ့ တူတယ်။ အတွေးမဆုံးခင်မှာပဲ တစ်ဖောင်းဖောင်းတစ်ဒိုင်းဒိုင်းနဲ့ ဗျောက်အိုးဖောက်သံတွေ ကြားလိုက်ရပါတယ်။ ဟာ တရုတ်မင်္ဂလာဆောင်နဲ့ မှားလာပြီလား မသိဘူး။ တစ်ဆက်ထဲမှာ ဒေါင်လိုက်လိပ်ထားတဲ့ နဖူးစည်းစာတမ်းကြီးက ပြေကျလာပါတယ်။ ရွှေရောင်စာလုံးတွေနဲ့ ဘာတွေများ ရေးထားပါလိမ့်။

'ကိုတိုးတိုးနှင့် မမေပျိုတို့အား လှိုက်လှဲပျူငှာစွာ ကြိုဆိုပါ၏' တဲ့။

ဟိုက်၊ ကျောချမ္မ ခေါ်ပြမှန်းသိ၊ ငါးပါးတင်မက သံယာစင်ပါ မှောက်ပြီထင်ရဲ့။ ဒါ စနစ်တကျ လုပ်ကြံခံရတာပဲ။ တိုးတိုးက ပါးစပ်ကြီး ပြဲပြီး မေပျိုကိုကြည့်တယ်။ ~~မေပျိုကလည်း ပါးစပ်ကလေးပြဲပြီး~~ တိုးတိုးကို ပြန်ကြည့်ပါတယ်။ တိုးတိုးက တစ်ခုခုပြောမလို့ လုပ်တုံးမှာ စောစောက တံခါးဖွင့်ပေးတဲ့ လူက တိုးတိုးကို ဆွဲခေါ်သွားပါတယ်။ လေချိုက မေပျိုကို တွန်းပို့တယ်။ ရှေ့မှာ လှမ်းမြင်နေရတာက ကရာတေးဝတ်စုံနဲ့ လူအယောက် သုံးဆယ် ညီညီညာညာ စီတန်းပြီး ရပ်နေကြတာပါပဲ။ ~~အင်း~~ ဂုဏ်ပြုကြမလို့ စောင့်နေကြတာ ထင်ရဲ့။ တစ်သက်မှာ ဒီတစ်ခါပဲ ဒီလို ဂုဏ်ပြုခံရသေးတယ်။ မတန်မရာတွေ ,မြှောက်စားခံရတော့ ချီးစိမ်းပန်းမှာတောင် ကြောက်ရသေး။ အခုတောင် ဗိုက်ထဲက ရစ်ချင်လာသလို၊ နာချင်လာသလိုနဲ့။ မေပျိုကို ကြည့်လိုက်တော့လည်း အတင်းကို ကြိတ်မှိတ်မြိုသိပ်ထားရတဲ့ ရုပ်မျိုးနဲ့။ မရှုနိုင်မကယ်နိုင်ဆိုတာ ဒါမျိုးကို ခေါ်တာပဲ ထင်ရဲ့။ တိုးတိုးခမျာ တန်းစီနေတဲ့ လူတွေက ဦးညွှတ် လိုက်တိုင်း ပြန်ပြီး ဦးညွှတ်ရတော့မလို၊ ဖင်ပဲ ကုတ်ရမလို၊ ခေါင်းပဲ ကုတ်ရမလိုနဲ့။ သူ့ထက်စာရင် မေပျိုကမှ အိနြွေရသေး။ ဟိုကြည့်ဒီကြည့် နဲ့ တောထဲက မျောက်၊ တိရစ္ဆာန်ရုံရောက်လာသလို လျှောက်လာတဲ့





ိုးခမျာ ဘေးချင်းကပ်လျှောက်လာတဲ့ မေပျို့ခြေဖျားလေးကို နင်းမိပါ ယ်။

"အား အမယ်လေး"

"ဟာ၊ ဆောရီး ဆောရီး"

slipper ဝတ်လာတဲ့ နေ့မှ shoe အဖျားလေးနဲ့ နင်းမိတာဆိုတော့ ပျိုခမျာ အသည်းခိုက်အောင် နာသွားပါတယ်။

"ကဲ ဟယ်"

စိတ်နာနာနဲ့ တိုးတိုးရဲ့ ညို့သကျည်းကို လမ်းလျှောက်နေရင်း န်ထည့်လိုက်ပါတယ်။

"အား"

တိုးတိုးခမျာလည်း အီစလံဝေသွားရတယ်။ ဒီကောင်မလေးနှယ် ည်းခံစိတ် ခေါင်းပါးလှချည်လား။ မတော်တဆ ဖြစ်တာကို ပြန်လုပ် ာယ်လို့။ အခုတော့လည်း ဂုဏ်ပြုခံရတဲ့ နှစ်ယောက်က တစ်ယောက်က ာ့နဲ့ ထော့နဲ့။ တစ်ယောက်က ထောက်ကြွ၊ ထောက်ကြွ။ လိုက်တော့ က်သား။ သူတို့နောက်က ကပ်လိုက်လာတဲ့ ငွေကိုနဲ့ လေချိုကတော့ ယ်ချင်တဲ့စိတ်ကို အတင်းမြိုသိပ်ထားလိုက်ရတယ်။

"အင်း ကိုယ်တင် လက်ဆပြင်းသလား အောင့်မေ့တယ်၊ ကိုကြီး ွေညိုတို့ လုပ်ချလိုက်တာကလည်း ပွဲသိမ်းပါပဲလား။ အပျော်နဲ့ပဲ မ်းမလား၊ အလွမ်းနဲ့ပဲ သိမ်းမလား၊ အကြမ်းအရမ်းနဲ့ပဲ သိမ်းမလား ပြောတတ်ဘူး"

လေချိုက စိတ်ထဲက တွေးမိတာပါ။ သူ့ခမျာလည်း အစ်ကိုတွေ ပ်လို့သာ လိုက်လုပ်နေရတယ်။ ဒီလောက်ကြီးကျတော့ တိုးတိုးနဲ့ ညီမကို အားနာမိသလိုပါပဲ။ အတွေးမဆုံးခင်မှာပဲ ဇာတ်လိုက်ကျော် ်းသားကြီး ကိုဆွေညိုက ကရာတေးဝတ်စုံ၊ ရွှေရောင်ဖိတ်ဖိတ်တောက် ်နဲ့ ရောက်ချလာပါပြီ။ ဘယ် ဇာတ်အဖွဲ့က ငှားလာတာလဲ မသိဘူး။ မယ် နဂါးရုပ်ကြီးတောင် ပါလိုက်သေး။ ဆွေညိုက တိုးတိုးကို သေသေ ာချာ ကြည့်တယ်။ ခွာကြည့်တယ်။ ကပ်ကြည့်တယ်။ နောက်က ည့်တယ်။ ရှေ့ကကြည့်တယ်။ ပြီးမှ ကျေနပ်သွားပုံနဲ့ တိုးတိုးပခုံးနှစ် ်ကို ဖြောင်းကနဲ ရိုက်ထည့်လိုက်တယ်။

"ဟား ဟား တွေ့ရတာဝမ်းသာပါတယ်၊ တကယ့်ကို အ[illegible]နဲ့



www.burmeseclassic.com

www.burmeseclassic.com



တူတာကိုး။ နှုတ်ခမ်းမွှေးမပါတာ တစ်ခုတည်းပဲကွာတယ်။ နှုတ်ခမ်းမွှေ က နဂိုမပေါက်တာလား ရိတ်ထားတာလား ဟင်။ ညီမလေးက တကယ် တော်တာပဲ။ အဖေနဲ့တူတဲ့လူကို ရအောင် ရွေးတတ်ပလေ"

"ကိုကြီး"

မေပျို့အသံက စူးကနဲ ထွက်လာပါတယ်။ ဆွေညိုကတော ဝရှုစိုက်ပုံ မရပါဘူး။ စောစောက ဝမ်းသာတဲ့ မျက်နှာက ဝမ်းနည်း ပုံစံပြောင်းသွားပြန်တယ်။

"အဖေနဲ့အမေတို့ကို သတိရလိုက်တာကွာ။ အဖေ ကျွန်တော်တို့ကို လာကြည့်လှည့်ပါဦးဗျာ"

ဆွေညိုက တိုးတိုးကို လှမ်းဖက်လိုက်ပြီး သူ့အဖေကို တ ငိုပါတယ်။ ငွေကိုနဲ့ လေချိုခမျာ ရယ်မချမိအောင် မနည်းကြီး ပါး ကိုက်ထားလိုက်ရတယ်။ သူ့အစ်ကိုကြီးက ကရာတေးပဲ ဆော့တတ်တ အောင့်မေ့တာ။ အခုလို အလွမ်းလေး ဘာလေးလည်း ရတာကိ တိုးတိုးခမျာ သွေးမတော်သားမစပ် ယောကျ်ားရင့်မာကြီးတစ်ယော ဖက်ထားတာခံလိုက်ရတော့ သူ့ခမျာ ဖိန်းတိန်းရှိန်းတိန်းနဲ့။ အမလေး တစ်ကိုယ်လုံး ယားပြီး လူပဲ ခြောက်ချင်လာသလိုလို။ နွံ့ချင်လာသလိုလို

"ဟာ ဟေ့လူ။ လွှတ်ပါဗျ။ ယောကျ်ားချင်းချင်း ဒီလိုမလုပ်ပါ ဟင်းနော် လွှတ်ဆို"

အဲဒီတော့မှပဲ ဆွေညိုက လွှတ်ပေးလိုက်ပါတယ်။ ဘုရား ဘု ရေတိမ်နစ်တော့မလို့ ဟင်း။ တိုးတိုးက မျက်လုံးရွဲကြီးနဲ့ ကြည့်နေ မေပျို့ကို မျက်စောင်းထိုးကြည့်လိုက်ပါတယ်။ မေပျို့က ခစ်ကနဲ ရယ် လိုက်တယ်။

"ထိုင်ကြ ထိုင်ကြ"

ဆွေညိုက အားလုံးကို ထိုင်ခိုင်းလိုက်ပါတယ်။ ထိုင်ရမှာက ကုလ ထိုင်မရှိဘာမရှိ ကြမ်းပြင်ပေါ်။ ဂျပန်စတိုင်လုပ်ထားမှတော့လ ကြမ်းပြင်ပေါ်ထိုင်ရတော့မှာပေါ့။ ဒီနေ့မှ တိုးတိုးက rider ဂျင်းဘော ဘီအကျပ်ဝတ်မိလျက်သား။ အမေရိကန်နွားကျောင်းသား ဘောင်း ဝတ်ထားတဲ့ တိုးတိုးဆိုတဲ့ မြန်မာလေးကတော့ ဂျပန်စတိုင်နဲ့ ခမ္မာသော ဖြစ်လို့နေပါတယ်။ အဲ့ အခုမှ သတိထားမိတယ်။ တိုးတိုးနဲ့ မေပျို့ ယှဉ်လျက်သား။ သူတို့နှစ်ယောက်ရှေ့မှာ ဆွေညိုက မျက်နှာချင်း



နှိမ့်ကြီးဆိုတော့၊ သူတို့ရဲ့ ပုံစံက လက်ထပ်ပြီးစ ဇနီးမောင်နှံက ဆွေမျိုး တွေကို လိုက်ပြီး ကန်တော့တဲ့ ပုံစံဖြစ်နေပါတယ်။ ဆွေညိုသူတို့နှစ်ယောက် ကို ကြည့်ပြီး စကားစပါတယ်။ လေသံက ဝမ်းနည်းသံကြီးနဲ့။

"တို့ ညီအစ်ကိုတွေက မေပျို့ကို သိပ်ချစ်တာကွ။ မျက်စိအောက်မှာ အရိပ်တကြည့်ကြည့်နဲ့ ဖူးဖူးမှုတ်ထားတာကွ"

ချစ်ပါလိမ့်မယ် အားကြီးကြီး။ သူတို့ခမျာ မေပျို့ကိုဆို ကြောက် လွန်လွန်းလို့။ အရိပ်တကြည့်ကြည့်ဆိုတာက ဘယ်အချိန်ဘယ်အခါပေါက် ဒုက္ခပေးမလဲဆိုတာစောင့်ကြည့်နေတာ ဖြစ်မှာပေါ့။ တစ်ဖူးဖူး မှုတ် တာကတော့ ဒဏ်ပြင်းတွေနေလိမ့်မယ်။ ဆွေညိုက သူ့စကားကို သူဆက် ်နှိန်တယ်။

"ငါတို့က ညီမလေးကို တစ်သက်လုံး စောင့်ရှောက်သွားကြမယ် ဆိုပြီး လူပျိုကြီး လုပ်နေကြတာ။ အခု ညီမလေးက ချစ်သူရှိနေပြီဆိုတော့ ..."

ဟား ဟား ဟား လို့တောင် ရယ်လိုက်ချင်သေး။ အမယ်လေး သူတို့ကများ မေပျို့လေးကို စောင့်ရှောက်ချင်လွန်းလို့ လူပျိုကြီး လုပ်နေကြ တာဆိုပဲ။ နားရှိလို့သာကြားရ။ ဒီညီမတစ်ယောက်ကို ဦးလေးလွန်းလို့ ယ်လို ပထုတ်ရမယ်ဆိုတာပဲ စဉ်းစားနေကြတာ။ ဒါကြောင့်မို့ တိုးတိုး ခွင်မဝင်ဝင်အောင် ရိုက်နေကြတာပေါ့။ တိုးတိုးမှာတော့ ပါးစပ် ဟောင်းသားလေး။ မေပျို့ကတော့ စိတ်ပျက်လက်ပျက်။

"အခုညီမလေးက ချစ်သူရှိနေပြီဆိုတော့ တို့ညီအစ်ကိုတွေ မ်းနည်းကြေကွဲရတာပေါ့ကွာ။ ဒါပေမယ့် ညီမလေးစိတ်ချမ်းသာဖို့ ဟင့်၊ ငါတို့က ရင်နာနာ လိုက်လျောရတော့မှာပေါ့ကွာ။ ဟုတ်တယ် လား ညီလေးတို့ရာ"

ဆွေညိုအသံက ကြေကြေကွဲကွဲ အက်အက်ကွဲကွဲ။ နောက်က ဟ်လိုလိုက်လာတဲ့ ငွေကိုနဲ့ လေချိုက

"ဟုတ်တာပေါ့၊ ကိုကြီးရာ ဟဲ ဟဲ"

အော် ထဟဲဟဲနဲ့ ဝမ်းနည်းနေလိုက်ကြတာ။ သွားတောင် မစေ့နိုင် း။ တိုးတိုးခမျာ ဆွေညိုရဲ့ဝမ်းနည်းကြေကွဲသံကြီးကြားတော့ သူပါရော ဝမ်းန ်းသွားပါတယ်။ မျက်ရည်လေးတောင် စို့တို့တို့ ဖြစ်သွားပါတယ်။

ဂ်မကောင်းလိုက်တာ ကိုဆွေညိုရာ။ ဒါပေမယ့် အခုအချိန်က



www.burmeseclassic.com

www.burmeseclassic.com



စပြီး ကိုဆွေညို ဘာမှ စိတ်မကောင်းမဖြစ်နဲ့တော့ သိလား။ ဝမ်း
တော့။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်နဲ့ မေပျိုက ဘာမှမဟုတ်ဘူး
ဘာမှလည်း မဖြစ်ဘူး။ ကျွန်တော်ကလည်း မေပျို့ကို မချစ်ဘူး။ မေပျို
လည်း ကျွန်တော့်ကို မချစ်ဘူး"

"ဟာ ဘာတွေ လာပြောနေတာတုံး"

ဆွေညိုက ကုန်းအော်ထည့်လိုက်ပါတယ်။ တိုးတိုးက မေပျိုဘ
လှည့်ရင်း

"ဟုတ်တယ်။ ကျွန်တော်အခု ဒီကို ရောက်လာတာ ဒီအကြော
တွေ ရှင်းပြချင်လို့။ ကျွန်တော်နဲ့မေပျို ဘာမှမဖြစ်ကြဘူးဆိုတာ ဘုရား
သိကြားသိ၊ နတ်တွေသိ၊ မေပျိုလည်းသိပါတယ်ဗျာ။ မေပျို ခင်
အစ်ကိုတွေကို ရှင်းပြပေးမယ် ဆို။ အခုရှင်းပြလိုက်ပါဦး။ သူတို့အထင်
နေတာတွေကို ရှင်းပြလိုက်ပါဦး"

မေပျိုဆီက ဘာအသံမှ ထွက်မလာပါဘူး။ အံကြိတ်ပြီး မျက်
တွေဝဲလို့။ ဘယ်လိုဘယ်အကြောင်းများကြောင့် ရှင်းပြရခက်နေရ
လည်း မေပျိုရယ်။ သူပဲ ကတိတွေပေးခဲ့ပြီးတော့။ မေပျို့ရင်ညွှန့်မှာ
ဆို့ဆို့နင့်နင့်ကြီး။ စကားသံအစား မျက်ရည်တွေသာ တသွင်
စီးလာတော့တယ်။

"မင်း. . ."

ဆွေညိုရဲ့ အသံက ဒေါသတကြီး. . .

'ဝုန်း'

ဘေးနားချထားတဲ့ စားပွဲက ဓားစားခံဖြစ်သွားရှာတယ်။

"အား ကျွတ် ကျွတ်"

ဆွေညိုက သူ့ခေါင်းကို သူ့လက်နဲ့ ဖိထားလိုက်ပါတယ်။
အုတ်ခဲစာ ကျွေးခဲ့တဲ့ နေရာက ချက်ချင်းလက်ငင်း နာလာသလ
ဦးခေါင်းခွံကြီးပါ ကျွတ်ထွက်သွားမလား အောင့်မေ့ရပါတယ်။ ငွေ
လေချိုက သူ့အစ်ကိုကြီးကို လှမ်းပွေ့ထားလိုက်တယ်။

"ဟာ အစ်ကိုကြီး ရလား။ ဆေးရုံပို့ရမယ်ထင်တယ်"

တိုးတိုးက မတ်တပ်ရပ်လိုက်ပြီး ညီအစ်ကို သုံးယောက်ကို
ကြည့်လိုက်ပါတယ်။

"အခု ခင်ဗျားတို့ ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော် နားမ





ပါဘူး။ ဒါပေမယ့် ကျွန်တော့်ကြောင့် တစ်ခုခု ဖြစ်သွားတယ်ဆိုရင် တောင်းပန်ပါတယ်။ ကျွန်တော်စကား အကုန်ပြောပြီးသွားပြီ။ ပြီးတော့ ကျွန်တော့်မှာလည်း ရည်ရွယ်ထားတဲ့လူရှိတယ်။ ကျွန်တော်တို့ နောက်ထပ် ပတ်သက်စရာမရှိတော့ဘူး ထင်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး။ မမေပျို ကျွန်တော်သွားတော့မယ်"

မေပျိုက ခေါင်းသာတွင်တွင်ငုံ့နေပါတယ်။ မျက်ရည်တွေက ကြမ်းပြင်ပေါ်မှာ အိုင်ထွန်းလို့။ တိုးတိုးရင်ထဲ ကျင်ကနဲ တစ်ချက် ဖြစ်သွားပါတယ်။

"ဘာကြောင့်များ ဒီလောက်တောင် ငိုနေရတာလဲ မေပျိုလေးရယ်။ ဘာတွေနာကျင်ကြေကွဲစရာများ ရှိနေလို့လဲ"

တိုးတိုးက သူ့ဘာသာသူ စိတ်ထဲမှာ ပြောလိုက်တာပါ။ တစ်ဆက်တည်း ကိုယ့်ကိုယ်ကို လှမ်းပြီး အားပေးလိုက်တယ်။

"သူ့ဘာသာသူ ဘာပဲဖြစ်ဖြစ် မင်းနဲ့မဆိုင်ဘူး တိုးတိုး"

တိုးတိုးက အမြန်ဆုံး လှမ်းထွက်ခဲ့ပါတယ်။ ခြေလှမ်းတွေကသာ ရှေ့ရောက်သွားပေမယ့် စိတ်ကတော့ နောက်မှာ ကျန်ခဲ့တယ်။ တိတိကျကျ ပြောရရင် မေပျိုလေးဆီမှာပါ။ ဘယ်ကနေ ဘယ်လိုဖြစ်တာပါလိမ့်။ ဒီလောက်ရှင်းလင်းပြီးတာတောင် ဒီရင်က ဘာကြောင့် မွန်းကြပ်နေရပါလိမ့်။ မေပျိုလေးကလည်း ထွက်သွားတဲ့ တိုးတိုးနောက်ကို လည်ပြန်ကြည့်ပါတယ်။ ဒါပေမယ့် မျက်ရည်တွေကြောင့် မှုန်မှုန်ဝါးဝါး။ တိုးတိုးရဲ့ ပုံရိပ်ပျောက်ကွယ်သွားချိန်မှာတော့ မေပျိုလည်း မျက်နှာကို လက်ဝါးနဲ့ အုပ်လို့ ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါတယ်။

"မေပျို ညီမ"

"နေပါစေကွာ"

လေချိုကို ငွေကိုက အသာတားလိုက်ပါတယ်။ ညီအစ်ကိုသုံးယောက်ရဲ့ မျက်နှာမှာလည်း ဝမ်းနည်းကြေကွဲရိပ်အတိုင်းသား။ ခဏကြာမှ ဆွေညိုရဲ့အသံက ကြေကြေကွဲကွဲကြီး ထွက်လာပါတယ်။ ဒီတစ်ခါတော့ ဟန်ဆောင်ပြီး ကြေကွဲတာ မဟုတ်ပါဘူး။ တကယ့်အစစ်ပါ။

"ငါတို့မှားသွားပြီ ထင်ပါရဲ့ကွာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



မေပျိုလေးတစ်ယောက် သူ့အိပ်ခန်းထဲ ခွေခွေလေး။ ဟိုနေ့က တိုးတိုးနဲ့ ပြဿနာတွေ ရှင်းပြီးကတည်းက သူ့ခမျာ တစ်ကိုယ်လုံးမှာ ရှိတဲ့ အင်တွေအားတွေ စုပ်ယူခံလိုက်ရသလိုပါပဲ။ အော် ဘယ်လိုများ ဖြစ်တာပါလိမ့်။

"ငါ သူ့ကို ချစ်မိသွားတာလား။ ငါဘာကြောင့်များ ဒီလောက် တောင် ဝမ်းနည်းသွားရပါလိမ့်။ ငါသူ့ကို ချစ်မိသွားလို့လား"

ဘယ်လောက်ပဲ စဉ်းစားစဉ်းစား အဖြေမထွက်နိုင်ဘဲ ခေါင်းထဲက ချာလည်ချာလည်နဲ့။ တကယ်တော့ အချစ်ဆိုတာ ဦးနှောက်က စဉ်းစား ရတာမဟုတ်ဘူးလေ။ နှလုံးသားက ဆုံးဖြတ်ရတာ။ ဒါကို မေပျိုလေး တစ်ယောက် ဖတ်ဖူးမှတ်ဖူး၊ သိထားဖူးရဲ့နဲ့။ တကယ်တမ်းတော့ တွေ့တွေ့ ဆိုင်ဆိုင်ကြီး အချစ်ဆိုတာကို ကြုံလိုက်ရတော့လည်း ဦးနှောက်က လက်ခံဖို့ ခက်ခဲနေရပါတယ်။ 'ဆန်ဆုံစား၊ ကံကုန်သွား' ရယ်လို့ လွယ်လွယ်လေး တွေးလိုက်ဖို့မှ မလွယ်တာ။ လူဆိုတဲ့ သတ္တဝါက သံယောဇဉ်ဆိုတာတွေနဲ့ ရှုပ်ချင်ပွချင်နေတတ်တာမျိုးလေ။

"မေပျို၊ ညီမလေး"

အိပ်ခန်းထဲ ဝင်လာတဲ့ လူက ငွေကိုရယ်ပါ။ မေပျိုက ဘယ်ဘက် လှည့်ခွေနေရာက ညာဘက်ပြောင်းခွေလိုက်ပါတယ်။

"ငါ့ညီမကို မုန့်ဖိုးမပေးရတာတောင် ကြာနေပြီ၊ ရော့ ညီမလေး အတွက် မုန့်ဖိုး။ ပဲများမနေနဲ့နော်။ ရတုံးယူထားလိုက်။ ငါက ဒီနေ့တစ် ရက်ပဲ စိတ်ကောင်းဝင်တာ။ နောက်နေ့မှလာပြီး ကိုလတ်ရေ မုန့်ဖိုးဆိုလို့ ကတော့ ဆောရီးပဲ"

"ဘာမှမလိုချင်ပါဘူး ကိုလတ်ရာ"

မေပျိုရဲ့အသံကနဲ့ခြောက်နဲ့ခြောက်။ အဲဒီအချိန် အိပ်ခန်းပေါက်ဝ က လေချို့အသံကြားရပြန်တယ်။

"မေပျိုရေ၊ နင့်အကောင်ကို ငါလမ်းထိပ်ကမြီးရှည်ဆိုင်မှာတွေ့ခဲ့ တယ် သိလား"

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေပျိုခေါင်းက ဆတ်ကနဲ ထောင်လာတယ်။ 'နင့်အကောင်' တဲ့ သူလေလား။

"ဘယ်သူလဲဟင်"

"နင်နဲ့တွဲနေတဲ့ ယောကျ်ားလျာလေးလေ။ နင့်ကိုလာစောင့်နေတာလား မသိဘူး"

မေပျို့ခေါင်းက ဖုတ်ကနဲ ပြန်ကျသွားတယ်။ သူ အောင့်မေ့လို့။ အင်းလေ သူ့ကို နင့်အကောင်လို့မှ သတ်မှတ်လို့မှ မရတာ။ အစကတည်းက ဆိုင်မှမဆိုင်ကြပဲလေ။

"နင်မတွေ့ချင်ရင် ငါသွားတွေ့လိုက်မှာနော်။ အဲဒီကောင်က မိန်းကလေးလို ဝတ်ရင်နင့်ထက်တောင် လှဦးမှာ။ ငါက မောင်နှမ အချင်းချင်း ရှုံးစားလုဖက် ဖြစ်နေမှာစိုးလို့"

လေချိုက သူ့ညီမ စိတ်ရွှင်သွားအောင် နောက်လိုက်တာပါ။ မေပျိုက မပြောချင်ပြောချင် လေသံနဲ့

"တွေ့ချင်လည်း သွားတွေ့လိုက်ပေါ့။ အဲဒီတစ်ယောက် မိန်းမပြန်ဖြစ်သွားလည်း ကောင်းတာပဲ"

ငွေကိုနဲ့ လေချိုတစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိတယ်။ မေပျိုတစ်ယောက် မစားနိုင် မသောက်နိုင် တစ်ပိန်ပိန်တစ်လိန်လိန်ဖြစ်နေတာ တစ်ပတ်လောက် ရှိသွားပါပြီ။ အစကတော့ မသိလိုက်မသိဘာသာ ငြိမ်ငြိမ်ရော ထားလိုက်ပေမယ့် တစ်ပတ်ဆိုတော့ မေပျိုလေးအတွက် စိုးရိမ်စပြုလာပါပြီ။ သူတို့လုပ်ရပ်က မေပျိုလေးအတွက် အရမ်းများ ထိခိုက်သွားလားမသိဘူး။ ပါးစပ်ကနေ ဘယ်လောက်ပဲ မချစ်ဘူးပြောပြော၊ ဒီလို ဂီလာနရုပ်နဲ့ သူ့ညီမကို မြင်ရတော့လည်း ငွေကိုခမျာအတော်လေး ခံစားရပါတယ်။ အရေးကြုံတော့လည်း သွေးက စကားပြောပြီပေါ့။

"မေပျို. . .။ နင်ဒီလို မှိုင်တွေတွေကြီး လုပ်မနေပါနဲ့ဟာ။ ငါတို့မနေတတ်လို့ပါ။ အရင်ကလို ငါတို့ကို စိတ်ဆိုးအောင် ဒေါပွအောင်ထသတ်ချင်အောင် လုပ်စမ်းပါဦး။ ထ ဟာ ထ။ နင်ဒီလိုကြီး ခွေမနေနဲ့။ မေပျို ထစမ်းပါ။ ရော့ ဒီမှာကားသော့၊ ဒီမှာပိုက်ဆံ။ နင်ငါ့ကားယူသွားပြီး သွားချင်တဲ့ နေရာသွား၊ သုံးချင်တာသုံးခဲ့။ မကျေနပ်လို့ တစ်ခုခုကို ဝင်တိုက် ပစ်ချင်တယ်ဆိုလည်း လူကလွဲရင် ကြိုက်တာကိုတိုက်ပစ်ခဲ့။ ဖြစ်သမျှ ပြဿနာ ငါရှင်းမယ်။ ကားတစ်စီးလုံး ဖြစ်ချင်တာ





ဖြစ်သွားပစေ။ ငါစိတ်မဆိုးဘူး။ ထဟာ မေပျို။ နင်အရင်လို နေတာပဲ ငါမြင်ချင်တယ် ထဟာ"

ငွေကိုက မေပျို့ကို အတင်းဆွဲထူပါတယ်။ မေပျိုကတော့ တစ်ဟီးဟီးနဲ့ ရှိုက်ငိုနေပါပြီ။

"ညီမလေးရာ၊ ငါကွာ"

ငွေကို့အသံက ကွဲအက်အက်ကြီး။ သူ့ရှေ့မှာ ကြေကွဲဝမ်းနည်းနေတဲ့ ငွေကိုနဲ့မေပျိုကိုကြည့်ရင်း လေချို့ရင်ထဲမှာလည်း ဖို့ပြီး တက်လာပါတယ်။

"မေပျို၊ နင်ငါတို့ကို စိတ်ဆိုးနေလားဟင်။ ငါတို့က နင့်ကို အရှုပ်ထုပ်လို့ သဘောထားခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် အစ်ကိုတစ်ယောက်က ညီမတစ်ယောက်အပေါ် ထားသင့်တဲ့ စေတနာတွေလည်း ထားခဲ့ပါတယ် မေပျိုရယ်။ ဒါကြောင့်လည်း နင်နဲ့ယောကျ်ားလျာနဲ့ မဖြစ်နိုင်တာတွေ မဖြစ်ရအောင်၊ ငါတို့သဘောကျတဲ့ တိုးတိုးနဲ့ မနီးစပ်နီးစပ်အောင် အတင်းလုပ်ခဲ့တာပါ။ ငါတို့မှားတယ် ဆိုရင်လည်း ဒါစေတနာအမှားရယ်လို့ လက်ခံပေးပါဟာ"

မေပျို့ရဲ့အသံက ငိုတစ်ဝက် ရှိုက်တစ်ဝက်နဲ့ ထွက်လာပါတယ်။

"မေပျို ကိုလေးတို့၊ ကိုလတ်တို့ကို စိတ်မဆိုးပါဘူး။ ဒါပေမယ့် ဖြစ်ခဲ့တဲ့အမှားတွေက အားလုံးရဲ့သိက္ခာနဲ့ အလျော်အစားလုပ်ခဲ့ရတာလေ။ မေပျိုတင်မကပါဘူး။ အခြားတစ်ဖက်မှာလည်း သူ့မိသားစုတွေပါ သိက္ခာကျသွားကြတယ်။ ဘယ်သူမှ အကျိုးအမြတ်မရှိပါဘူး ကိုလတ်ရယ်"

"ဒါတွေ အားလုံး ငါ့အမှားတွေပါ မေပျိုရယ်။ ငါက နင့်ကို ကားတစ်စီးရောင်းသလို၊ ဝယ်သလို ခွင်မဝင်ဝင်အောင် ဆင်ပြီး ရိုက်ခဲ့တာကိုး။ ငါ့ကို ခွင့်မလွှတ်ပါနဲ့ မေပျိုရယ်။ ကိုလတ်ဘာပြန်လုပ်ပေးရမလဲ ညီမလေးရယ်"

"ဘာမှ ပြန်လုပ်မပေးပါနဲ့တော့ ကိုလတ်ရယ်။ ဒီအတိုင်းပဲ ထားလိုက်ပါတော့။ ကံစီမံရာလို့သာ သဘောထားလိုက်ပါတော့။ ကိုလတ်တို့က ဖြစ်စေချင်ပေမယ့် ဖြစ်မလာတာ လက်တွေ့ပဲလေ။ ပြီးတော့ အိမ်ထောင်ရေးဆိုတာက တစ်ယောက်နဲ့တစ်ယောက် နားလည်နှစ်သက်နိုင်ကြမှ ခိုင်မြဲမှာပေါ့။ တိုးတိုးက. . .၊ သူက. . . မေပျိုကို ချစ်မှမချစ်နိုင်တာလေ။ အချိန်တွေကြာလာတော့လည်း အားလုံး မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မေပျိုရဲ့ စကားသံကို နားထောင်ရင်း လေချိုက တစ်ခုခုကို တစ္ဆန်းတစ ခံစားသိရှိလိုက်ရသလိုလို။ တကယ်လို့များ. . .။ လေချိုရဲ့ ရင်ထဲမှာ ထိတ်ကနဲ။

"ညီမလေး မေပျို"

"ရှင် ကိုလေး"

"နင် တိုးတိုးကို ချစ်မိသွားသေးလားဟင်"

မေပျိုက ခေါင်းကလေးငုံ့သွားတယ်။ ငိုနေတာတွေလည်း တိတ်သွားပါတယ်။ စိုလက်နေတဲ့ မျက်ဝန်းမှာ မျက်တောင်ရှည်တွေက ပုတ်ခတ်၊ ပုတ်ခတ်နဲ့။ ပြီးတော့ ဟင်းကနဲ သက်ပြင်းချသံ။ ပြီးတော့မှ အသံတိုးတိုးတိတ်တိတ်နဲ့-

"မပြောတတ်ပါဘူး ကိုလေးရယ်။ ဒါပေမယ့်. . ."

မေပျိုက သူ့ဘယ်ဘက်ရင်အုံကို ညာလက်နဲ့ အုပ်လိုက်ပြီး-

"ဒါပေမယ့်၊ ဒီအထဲကနေ တစ်ခုခု ဆွဲနှုတ်ခံလိုက်ရသလိုပါပဲ"

☺ ☺ ☺





တိုးတိုးတစ်ယောက် ခုတစ်လော စိတ်မရွှင်သလိုပါပဲ။ အလုပ်လုပ်ရတာကိုက ပေါ့ရွှတ်ရွှတ်နဲ့။ ဒီပစ္စည်းကိုင်မိလည်း စိတ်ထဲမှာ ကိုင်မိသလို မကိုင်မိသလိုနဲ့။ တစ်ခါတလေတော့လည်း မော်နီတာကြီးကို ဒီတိုင်းဖွင့်ထားပြီး ငေးချင်တာငေးလို့၊ သတိရတဲ့ စိတ်လေးဝင်လာလို့ မော်နီတာပြန်ကြည့်လိုက်တိုင်း computer က energy saving လုပ်ပြီးသား။ ဒီအရွယ်က တက်တက်ကြွကြွဖြစ်နေရမယ့်အရွယ် မဟုတ်လား။ အခုတော့ လင်းတမှိုင်ကြီး မှိုင်လို့။ ဘာတွေများ တွေးနေငေးနေတာပါလိမ့် တိုးတိုးရယ်။

တိုးတိုးရဲ့အာရုံထဲမှာတော့ ငိုနေတဲ့ မေပျိုမျက်နှာလေးပဲ စွဲကျန်ရစ်ပါတယ်။ တောက်တောက်ခါးခါး ဇာတ်လမ်းဖြတ်တုံးကလည်း သူပါပဲ။ အခုမှ ဒင်းက သတိရလိုက်၊ လွမ်းဆွတ်လိုက်နဲ့။ ဒင်း စိတ်ကိုက ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ 2 in 1 ဖြစ်နေတာ။

"အော် မေပျိုလေးတစ်ယောက် နေသာထိုင်သာမှ ရှိရဲ့လား မသိဘူး"

တိုးတိုးကတော့ နေမရ ထိုင်မရနဲ့။ သက်သာလိုဗြား ဖုန်းနံပါတ်လေးတွေ နှိပ်ပြီးတော့မှ ပြန်ချရတာလည်း ခဏခဏ။ မေပျိုလေးအသံကြားရုံ သက်သက်ကတော့ ဆေးမြီးတိုနဲ့ ကုသလို ခဏလေးပဲ သက်သာတော့မှာပေါ့။ ဟယ် မတတ်နိုင်တော့ဘူး။ တစ်စက္ကန့် တစ်မိနစ်ပဲ ဖြစ်ဖြစ် ငရဲမီးထဲမှာ နှင်းစက်ကလေး တစ်စက် ရှာသလိုမျိုး သက်သာလို သက်သာဗြား ရှာကြည့်ရတော့မယ်။ တိုးတိုးက အလွတ်ရနေတဲ့ ဂဏန်းခြောက်လုံးကို နှိပ်လိုက်ပါတယ်။ ဖုန်းခေါ်သံကြားရတယ်။

"ဘုရား သိကြားမလို့။ ဟိုညောင်ရမ်းညီနောင်နဲ့ မတိုးပါစေနဲ့"

တိုးတိုးတစ်ယောက် ဆုတောင်းပြည့်ပါတယ်။ တစ်ဖက်က ဖုန်းကိုင်လိုက်တာက မေပျိုရယ်ပါ။ ခွေခေါက်နေတဲ့ မေပျိုလေးလည်း အသံကြားရ ရက်လောက်ဆိုတော့ ကျောယားလာပါပြီ။ သူ့အစ်ကိုတွေရှေ့မှာ ဟန်မပျက်လေး ပုပုံဖမ်းနေပေမယ့် သူ့အစ်ကိုတွေ အပြင်ထွက်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာနဲ့ ခွေနေရာက ထလာတော့တာပဲ။ ထူထူထောင်ထောင် လန်းလန်းရွှင်ရွှင် မဟုတ်ပေမယ့် ဘယ်သူက တစ်ချိန်လုံး အိပ်ယာထဲ ခွေနေနိုင်မှာလဲ၊ ဘယ်လောက်ပဲ ချစ်ချစ် လွမ်းနာကျပြီး သေမယ့်မသာထဲမှာတော့ မေပျို့တို့က မပါသေးပါဘူး။

"ဟလို"

ဖုန်းပြန်ထူးလိုက်တဲ့ မေပျို့ရဲ့ အသံက ပုံမှန်ပါ။ အဲဒီအသံကြားပြီး မကျေမနပ်ဖြစ်သွားရတာက တိုးတိုး။ ဟိုနေ့က သည်းသည်းထန်ထန် ငိုထားတာဆိုတော့ ကောင်မလေးရဲ့အသံကို ပျော့ပျော့ဖတ်ဖတ်လေး မျှော်လင့်ထားတာ။ အခုတော့ အသံက ပုံမှန်အတိုင်း မာဆတ်ဆတ်နဲ့။ တော်ပြီ ကမ္ဘာပေါ်မှာ မယုံကြည်ရဆုံးဟာ မိန်းမမျက်ရည်တွေပဲ။ မိန်းမမျက်ရည်လိမ်းမှ ပျောက်မယ့် အနာဆိုးမျိုးဆိုရင်တောင် တစ်ကိုယ်လုံး အနူသာ ခံလိုက်တော့မယ်၊ ဟင်း။

"ဟလို အခုပြောနေတာ ဘယ်သူပါလဲ"

မေပျို့ရဲ့ အသံက စိတ်မရှည်သံ ပါလာပါတယ်။ ဘယ်လိုလူမှန်း မသိဘူး၊ ဖုန်းခေါ်ပြီး ပြောလည်း မပြောဘူး။ စိတ်တိုနေတုန်း တစ်ဖက်က အသံထွက်လာပါတယ်။

"တိုးတိုး ပြောနေတာပါ"

မေပျို့ရင်ထဲ ဝုန်းကနဲ တောင်ပြိုသလို ပြိုကျသွားတယ်။ ဘာကြောင့်များ ဆက်တာပါလိမ့် တိုးတိုးရယ်။

"တွေ့စရာကိစ္စလေးရှိလို့ အခုလာတွေ့နိုင်မလား မသိဘူး"

"အခု"

"ဟုတ်တယ် အခု။ ဘယ်လာတွေ့ရမှာလဲ"

"ဟို မေပျို့ နေမကောင်းလို့"

မေပျို့က နည်းနည်းလောက်တော့ မူလိုက်ပါတယ်။ တကယ်ဆိုရင် သူလည်း တွေ့ချင်တာပါပဲ။ ဒါပေမယ့် မိန်းကလေးဆိုတော့ နည်းနည်းလောက်မှ မအင်လိုက်ရရင် တန်ဖိုးနည်းသွားမယ်လေ။ အဖိုးနည်းရင် အိုးကွဲနဲ့တိုးတတ်တယ်လို့ ဆိုထားတယ် မဟုတ်လား။

"လမ်းထိပ်လောက်တော့ လာနိုင်တယ် မဟုတ်လား။ လမ်းထိပ်က ဘောလုံးကွင်းဘေးမှာ စောင့်နေမယ်"

တိုးတိုးက ပြောပြောဆိုဆို ဖုန်းချသွားတယ်။





"ဟလို ဟလို"

မေပျို့လည်း ဒေါသဖြစ်ဖြစ်နဲ့ ဖုန်းကို ဆောင့်ချလိုက်ပါတယ်။

"တောက် အလကားလူ။ အကျော်ကြီးနဲ့ ဖုန်းချသွားတယ်။ လူမှုရေး တစ်စက်မှ နားမလည်တဲ့လူ။ လူကိုများ အထင်သေးလို့။ လာမယ်ဆိုပြီး အပိုင်တွက်ထားပုံနဲ့။ မိန်းကလေးတစ်ယောက်ကို အကျော်ကြီးနဲ့။ ဟင်း ရမယ် ဒါမျိုး။ ဒင်းက ဖုန်းဆက်ခေါ်တိုင်း သွားရမှာလား။ မသွားဘူး။ မ. . . သွား. . . ဘူး။ လုံး ဝ မ သွား ဘူး။ အင်း မသွားပြန်ရင်လည်း ဖုန်းဆက်ပြီး တစ်ဂွမ်ဂွမ် ထပ်လုပ်နေဦးမယ်။ ဒီတော့ မိန်းကလေးတစ်ယောက်ကို ဒီလို အချိုးမျိုးချိုးလို့ မရဘူးဆိုတာတော့ ရှင်ကြီးသိအောင် ကိုယ်တိုင်ကိုယ်ကျ ရှင်းပြမှ ရတော့မယ် ဟင်း"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်စက်ဝိုင်းနားမှာတော့ ကောင်းကင်အရောင်က ပြာလဲ့တောက်ပလို့။ နေ့လည်နေ့ခင်းပေမယ့် တိမ်ဖြူတိမ်လိပ်တွေ အုပ်ထားလို့ နေကရိုပ်နေပါတယ်။ အဲဒီအချိန်မှာ တိုးတိုးတစ်ယောက် ဘောလုံးကွင်းဘေးက သစ်ပင်တစ်ပင်ကို မှီပြီး ရုပ်ရှင်မင်းသားစတိုင်မျိုးနဲ့ မေပျို့ကို စောင့်နေပါတယ်။ ခဏကြာတော့ ပခုံးနားက စစ်ကနဲ ဖြစ်သွားတယ်။ ဟိုက် ခါချဉ်ကောင် ကိုက်ပြီ ထင်တယ်။ ကမန်းကတန်းသစ်ပင်ကို လှမ်းကြည့်တယ်။ သေချာပါပြီ။ ခါချဉ်ကောင်တွေက အတန်းလိုက်။ ကောင်းတယ် ရှိုးပေးချင်ဦး။ တိုးတိုးလည်း အကျီကို ဖြေချပြီး ရန်သူခါချဉ်ကောင်တွေကို ချေမှုန်းရေး လုပ်ရပါတယ်။ ဟိုခါဒီခါနဲ့ အဝေးကကြည့်ရင် Rap ကနေသလိုလို။ ဟို ခပ်လှမ်းလှမ်းကနေ တစ်လှမ်းချင်း လျှောက်လာတာ မေပျိုထင်ရဲ့။ အဲလေ လူပဲ တစ်လှမ်းချင်း လျှောက်ရမှာပေါ့။ သားမိုက်ကောင်လို ခုန်ဆွခုန်ဆွ လျှောက်လို့မှ မဖြစ်တာ။

"အင်း ဒီကောင်မလေး အတော့်ကို ပိန်ကျသွားတာပဲ"

တိုးတိုးက Rap ကနေရာက သတိဆွဲရင်း စိတ်ထဲက တွေးမိတာပါ။ လူချင်းတဖြည်းဖြည်း နီးလာတာနဲ့အမျှ နှစ်ယောက်စလုံးရဲ့ ရင်ခုန်သံတွေ ဆူညံလွန်းလို့၊ ဒါ ရင်ခုန်တာလား၊ လက်ခမောင်းခတ်တာလား ဆိုပြီးတောင် ပြန်စဉ်းစားရပါသေးတယ်။ လူချင်းနီးလာလေ၊ ရင်ခုန်သံက မြန်လာလေ။ အကွာအဝေးနဲ့ ရင်ခုန်သံက ပြောင်းပြန်အချိုးကျ နေပါတယ်။ သိပ္ပံနည်းကျ ဖော်ပြရရင်တော့

$$\text{heart beats} \propto \frac{1}{\text{distance}}$$ ပေါ့။

စိတ်ဝင်စားတဲ့ ပညာရှင်တွေ equation တစ်ကြောင်းလောက်တော့ ရေးထားသင့်ပါတယ်။ မေပျိုက ကိုယ့်ကိုယ်ကို တည်ငြိမ်အောင် ထိန်းရင်း တိုးတိုးရှေ့ရပ်လိုက်ပါတယ်။

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကျွန်မပြောမယ်၊ သေချာနားထောင်။ မိန်းကလေ တစ်ယောက်ကို ဖုန်းဆက်ပဲချိန်းချိန်း၊ ကိုယ်တိုင်ပဲ ချိန်းချိန်း၊ မိန်းကလေ ရဲ့ သဘောတူညီချက်ကို ရအောင် ယူရတယ်ရှင့်။ ငါချိန်းလိုက်ရင်တော ဒီကောင်မလေးလာမှာပဲဆိုပြီး ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မာနတက် မနေနဲ့။ အခု ကျွန်မလာတာ ရှင်ခုနက လုပ်သွားတဲ့ အချိုးကို မကျေနပ် လို့ ရန်တွေ့ချင်လို့ လာတာ။ ရှင်ချိန်းထားလို့ လာတယ်အောင့်မေ့ မနေနဲ့ ဒါပဲ ကျွန်မပြန်မယ်"

အမယ် ဟုတ်ဟုတ်ချည်သေး။ ရန်ဖြစ်ဖို့ပဲ လာလာ၊ ချစ်ကြည်ရေ လုပ်ဖို့ပဲလာလာ၊ ဘာပဲဖြစ်ဖြစ် လာတော့လာရသေးတာပဲ။ အမှန်ကတော မေပျို့ခမျာ လာချင်လိုက်တာမှ တစ်ပိုင်းတောင် မကပါဘူး။ သုံးလေးပိုင် လောက်ကို သေနေတာပါ။ ဒါပေမယ့် သူက မိန်းကလေးမဟုတ်လား မိန်းကလေးဆိုတာမျိုးက သူ့ကို ဂရုစိုက်တာ ဦးစားပေးတာမျိုးပဲ လိုချ တာပါ။ တရားရုံး ဝရမ်းကပ်သလို လေသံမျိုးနဲ့ ချိန်းတာမျိုးတော့ ဒီအထ ရောက်လာတာကိုက လွန်လှပြီ။ မေပျို့က ပြောပြီးဆိုပြီးတာနဲ့ ဖိုးက ဆတ်ကနဲ ထွက်လာခဲ့ပါတယ်။ စိတ်ထဲကတော့-

"လက်ကိုဖမ်းဆွဲပြီး နေဦးဆိုပြီး ထားလိုက်လေ။ အခုမှ ဘာ အ ချင်ယောင်ဆောင်နေရတာလည်း မသိဘူး။ ဆွဲပါတော့ မြန်မြန် တစ်. နှ . သုံး. လေး"

တိုးတိုးကတော့ သစ်ပင်ကို မှီလျက်သား။ မေပျို့ကို ပြုံး စိုက်ကြည့်ကျန်ခဲ့တယ်။

ဒီထိရောက်လာမှတော့ ပါးစပ်က ဘာတွေပြောပြော မေပျို အောက်ဖဲက ဘာဆိုတာ တိုးတိုးတစ်ယောက် ကျိန်းသေသိသွားပါ ကိုယ်လည်း ခပ်ညံ့ညံ့ကောင်မှ မဟုတ်တာ။ ရင်ခုန်ရတဲ့ လူချင်းတူ အောက်ဖဲ သိထားတဲ့ လူဆိုတော့ စင်ပေါ်ကပဲပေါ့။ ဘောပွဲ ဘယ် သင်းနိုင်မယ် ခန့်မှန်းတာကမှ ခက်နေဦးမယ်။ ကျောခိုင်းထွက်သွား မေပျို့က ဆတ်ကနဲ ပြန်လှည့်လာတယ်။

"ဒီမှာ ရှင် ကျွန်မကို ဘာပြောမလို့ ဒီကို ချိန်းတာလဲ"

မေပျို့ဘက်က တစ်ဆင့်လျှော့လာပါပြီ။ မေးသာမေးရ သိပ်စိတ်တိုတာဖဲ။ တိုးတိုးက မေပျို့ကို စချင်နောက်ချင်တဲ့စိတ်နဲ့။

"ဟာ ဘယ်သူက ချိန်းလို့လဲ"





"ဘာ"

မေပျို့ 'ဘာ' က အတော်ကျယ်ပါတယ်။ သစ်ပင်ပေါ်မှာ အီစီကလီ ရိုက်နေတဲ့ ငှက်နှစ်ကောင်တောင် လန့်ပြီး ထပျံသွားတယ်။ မေပျို့က ဒေါသသံနဲ့

"ဒါဖြင့် ရှင်က ဒီမှာဘာရပ်လုပ်နေတာတုံး"

"ဟာ ဒါပြည်သူပိုင်လမ်းမပေါ်လေ၊ ဘယ်သူရပ်ရပ်ပေါ့။ ကိုယ့်ဘာသာကိုယ် ကားမောင်းလာရင်း ခေါင်းကိုက်လာလို့ လေကောင်း လေသန့်ရှူနေတာ။ နေစမ်းပါဦး၊ မင်းတို့မောင်နှမတွေက လူကိုတွေ့တာနဲ့ ဇာတ်လမ်းတစ်မျိုးပြီးတစ်မျိုး ဆင်နေတော့တာပဲလား"

မေပျို့ခမျာ ဆွေ့ဆွေ့ခုန်သွားပါတယ်။ အဲဒါကြောင့်ပြောတာ ကျားနှစ်ကျား ဘယ်ကျားမှ မသနားလေနဲ့တဲ့။ ပြီးတော့ ဝမ်းလည်းအရမ်း နည်းသွားပါတယ်။ ဒီကောင်မလေးဟာ သွားရင်းလာရင်း အပျင်းပြေ ခေါ်ကျပ်လို့ ရတယ်များ ထွက်လိုက်ပြီလား တိုးတိုးရယ်။ အင်းလေ မိန်းမဈေးဖျက်ပြီး သွားတွေ့မိတဲ့ ကိုယ့်အမှားပေါ့။ မေပျို့ရဲ့အသံက တုန်တုန်ရီရီ။

"ဒီမှာ ရှင်လွန်လှချည်လား။ လူကို အထင်သေးလှချည်လား။ ကျွန်မကို ဘယ်လိုမိန်းကလေးများ အောင့်မေ့လို့လဲ"

"မသိနိုင်ဘူးလေ။ မင်းတို့ ဥစ္စာတွေက လူကို အမဲလိုက်သလို ညာသံပေး၊ တောခြောက်ပြီး ထောင်ချောက်ထဲ မောင်းသွင်းနေတော့။ ကမ္ဘာဦးက လူတွေ အမဲလိုက်တာ ကျနေတာပဲ။ မင်းလင်မရမှာ ဒီလောက်တောင် စိုးရိမ်နေလား"

တိုးတိုးလည်း စချင်ဇောနဲ့ ပြောလိုက်တာ ဒီစကားတွေ အရမ်းလွန် သွားပါတယ်။ ဒီတစ်ခါတော့ မေပျို့က သည်းခံနိုင်တဲ့ အဆင့်ကျော်သွား ပါပြီ။ ကျော်သွားတဲ့ စိတ်နဲ့အတူ လက်သီးက တိုးတိုးမျက်ခွက်ဆီ ရောက်သွားပါတယ်။ ကိုယ့်စကားလွန်သွားလို့ သတိရှိနေတဲ့ တိုးတိုးက မေပျို့လက်ကို အတိအကျ ဖမ်းဆွဲထားလိုက်နိုင်ပါတယ်။

"ဟင်း ဟင်း တစ်ခါပဲရမယ်။ ကဲ အခုဘာတတ်နိုင်သေးလဲ"

တိုးတိုးမေးပုံက ကြွက်ကိုမိထားတဲ့ ကြောင်ဖားကြီး လေသံနဲ့။ ဘာမှမတတ်နိုင်ရှာတော့တဲ့ မေပျို့က စီးထားတဲ့ ဖိနပ်နဲ့ တိုးတိုး ခြေမကို တအားဆောင့်နင်းထည့်လိုက်ပါတယ်။

"အောင်မလေး သေပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရန်သူကို လျှော့တွက်ရင် မှားသွားမှာပေါ့ တိုးတိုးရယ်။ ဖိနပ်ကအိမ်နေရင်းစီးဖို့ဝယ်ထားတဲ့ ခွာအမာနဲ့ဆိုတော့ ခံလိုက်ရတဲ့ တိုးတိုးခမျာသွေးမြေးတစ်ဝမ်းကွဲလောက်အထိ မေ့သွားပါတယ်။ မေပျို့က တိုးတိုးကိုင်ထားတဲ့လက်ကို ဆောင့်ရုန်းထည့်လိုက်တယ်။ ကဲ မှတ်ပြီလား။ မေပျို့က ကုန်းကုန်းကွကွ ဖြစ်နေတဲ့ တိုးတိုးကို မျက်စောင်း ထိုးရင်းသည်ထွက်လိုက်ပါတယ်။ ရှင်နဲ့ကျွန်မ ဒီဘဝတော့ ဒီလောက်ပဲ ရေစက်ပါတယ်ထင်ရဲ့။ ဒါပေမယ့် ရေစက်လောက်တင် မကျေနပ်နိုင်ပဲ ဂျိုးဖြုတ်လိုက်ကြီးလောက် သဒ္ဒါလွန်ချင်နေတဲ့ တိုးတိုးက ကုန်းကုန်းကွကွနေ့က ပိတ်ထားလိုက်တယ်။

"ဖယ်ပါ၊ လူကို သိက္ခာချ၊ ဘာကျန်သေးလဲ။ ဟုတ်တယ်ချင်ပြောသလို ကျွန်မတို့က ရှင့်ကို ပေပခြောက်ပြီး ထောင်ခြောက်ထဲအောင်းသွင်းကြတာ။ ရှင်လို လူ့အဖိုးတန်ကြီးကို မရမှာစိုးလို့လေ ဟွန်း။ ကျွန်မအစ်ကိုတွေက ရှင့်တို့မိသားစုလို ဆရာဝန်ကြီးတွေ၊ ဆေးရုံအုပ်ကြီးတွေက မွေးလာတာ မဟုတ်တော့ မယဉ်ကျေးကြဘူး။ သူတို့ရဲ့ညီမ ကျွန်မလည်း မယဉ်ကျေးဘူး။ ရိုင်းတယ်။. ကဲ ရှင်ကျေနပ်ပြီလား၊ ဘာပြောစရာ ကျန်သေးလဲ"

မေပျို့လေးခမျာ ပြောရင်းပြောရင်း တဖြည်းဖြည်း ဝမ်းနည်းလာပါတယ်။ မျက်ရည်တွေက ဝိုင်းပြီး စုဖွဲ့ရှိနေရာက ပိုးပိုးပေါက်ပေါက် ကျလာပါတယ်။

"ဟာ မငိုနဲ့လေ"

တိုးတိုးက မျက်ရည်တွေ မိုးပြိုသလို ပြိုကျလာတဲ့ မေပျို့ကြောင့်သောဘီကို အထိတ်တလန့်ကြည့်ပါတယ်။ တော်ပါသေးရဲ့ လမ်းသွားလမ်းလာတွေ မရှိကြလို့။ တကယ်ဆိုရင် ငိုချင်းငို တိုးတိုးက ငိုရမှာ။ အခုတော့သူကလည်း ဖိနပ်နဲ့ဆောင့်နင်းသေး၊ ဦးအောင်လည်း ငိုသေး။ တိုးတိုးကမငိုနဲ့ပြောမှ မေပျို့ခမျာ တွာကျိုးသလို သွန်ကျပြီး ရှိုက်ကြီးတငင် ဖြစ်လာပါတော့တယ်။ အော် မိန်းမများ ငိုတာတောင် ချော့မယ်ဆိုတာ သေချာမှ အပီအပြင် ငိုတော့တာကိုး။ မေပျို့လေး ရှိုက်ငိုရင်း-

"ငိုစရာရှိတာ ငိုမှာပဲ လာမတားနဲ့ ဟွီးဟီး၊ ဒီမှာ ကိုတိုးတိုး၊ ကျွန်မအစ်ကိုတွေက ဘယ်လိုစရိုက်မျိုးရှိပါစေ၊ ဒါ ကျွန်မအစ်ကိုတွေပါပဲ။ သူတို့ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ဒါကျွန်မမိသားစုပဲ။ သူတို့ပျော်ရင်





ကျွန်မလည်း ပျော်မယ်။ သူတို့ဝမ်းနည်းရင် ကျွန်မလည်း ဝမ်းနည်းမယ်။ စိတ်ချပါ ကိုတိုးတိုး။ နောက်ဆိုရင် ရှင်စိတ်အနှောက်အယှက် ဘာမှမဖြစ်စေရတော့ပါဘူး။ ဒါပဲ မဟုတ်လား။ ရှင်သွားပါတော့ တိုးတိုးရယ်၊ ဟီးဟီး"

မေပျို့ဆောင့်ကြောင့်လေးထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုနေပါတော့တယ်။ တိုးတိုးရင်ထဲမှာလည်း လေဆင်နှာမောင်းကြီး တစ်ခုဝင်မွှေသွားသလို ဖရိုဖရဲ ဝုန်းဒိုင်းကြလို့။ အော် ဘယ်လောက်ပဲ စင်ပေါ်ရောက်နေရောက်နေ၊ မိန်းမမျက်ရည်နဲ့တွေ့တော့၊ စင်ပေါ်က ဖင်ထိုင်လျက်ပြုတ်ကျပါရောလား တိုးတိုးရယ်။ ( ) က်ဆုံးမတော့ သူ့ရှေ့က ငိုနေတဲ့ မိန်းကလေးကို ဆွဲထူလိုက်ရပါတော့တယ်။

"မငိုပါနဲ့ မေပျို့လေးရယ်။ ကိုယ်က အဲဒီလို သဘောမျိုးနဲ့ ပြောတာမျိုးမဟုတ်ပါဘူး။ ကိုယ်က နောက်ချင်ရုံသက်သက်ပါကွာ။ ဒီပါးစပ်ကွာ ဘာကြောင့်များ ဒါတွေ ထွက်သွားရပါလိမ့်။ ကိုယ်တောင်းပန်ပါတယ် မေပျို့လေးရယ်"

တိုးတိုးဆွဲထူလို့ မတ်တပ်ပါလာတဲ့ မေပျို့ခမျာ တိုးတိုးရင်ဘတ်ပေါ် မျက်နှာအပ်ပြီး ငိုချလိုက်ရပါတယ်။ အချင်းချင်း လက်တို့ပြီး ပြောလိုက်ရဦးမယ်။ မိန်းကလေးတစ်ယောက်ငိုလို့ အကောင်းဆုံးနေရာဟာ ယောကျ်ားလေးတစ်ယောက်ရဲ့ ရင်ခွင်ပါ။ ဒုတိယအကောင်းဆုံးနေရာကတော့ ကိုယ့်အိပ်ယာထဲမှာပါ။ မယုံရင် လက်တွေ့စမ်းသပ်ကြည့်နိုင်ပါတယ်။ ငိုစရာ ရင်ဘတ်မရှိတဲ့ ကောင်မလေးတွေအတွက် ရင်ဘတ်ငှားတဲ့ အေဂျင်စီများဖွင့်ရင် ကြီးပွားလောက်မယ်ထင်ရဲ့။ တိုးတိုးကတော့ သူ့ရင်ဘတ်ထဲ ဇိမ်ကျကျ ဝင်ငိုနေတဲ့ ကောင်မလေးကို ဆံပင်လေး အသာသပ်ပေးရင်း တီးတိုးလေးငြီးညူမိပါတယ်။

"ငို ငို ဝအောင်သာငို။ ငါ့နှလုံးသား တစ်ခုလုံး မင်းမျက်ရည်တွေအောက်မှာ နစ်မြုပ်သွားအောင်သာ ငိုလိုက်ပါတော့ မေပျို့လေးရယ်"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"မေပျိုလေးရဲ့အခြေအနေ ဘယ်လိုလဲ"

ဆွေညိုက ခရီးရောက်မဆိုက်၊ သူ့ညီနှစ်ယောက်ကို မေးလိုက်တာပါ။ သူ့ခမျာလည်း အုတ်ခဲနဲ့ခေါင်း မဟာမိတ်ဖြစ်ပြီးကတည်းက ဆေးရုံမှာ လာပြီး ခဏခဏ ဆေးအစစ်ခံနေရပါတယ်။ ဆရာဝန်ကတော့ ဘာမှ မဖြစ်ပါဘူး ပြောပေမယ့် သူကတော့ မကြာခဏ ခေါင်းကိုက်တတ်လာပါတယ်။ မေပျိုလက်ဆောင်ပေးသွားတဲ့ ရောဂါပေါ့။ ဒဏ်ရာကြောင့် ဒေါသထွက်ပေမယ့် မေပျိုလေး တမှိုင်မှိုင်တတွေတွေ ဖြစ်နေတယ်ဆိုတော့ အစ်ကိုတစ်ယောက်အနေနဲ့ ခံစားရတာပါပဲ။ ငွေကိုက သူ့အစ်ကိုရဲ့ မေးခွန်းကို ဖြေလိုက်ပါတယ်။

"အရင်ကလိုတော့ လန်းလန်းဆန်းဆန်း မရှိဘူးပေါ့။ ဒါပေမယ့် သွားသွားလာလာတော့ လုပ်နေပြီ။ ကြည့်ရတာ သူ့ကိုယ်သူ ထိန်းနိုင်မှာပါ။ တဖြည်းဖြည်း အနည်ထိုင်သွားမှာပေါ့"

ငွေကိုပြောတဲ့အတိုင်း မေပျိုလေးလည်း တိုးတိုးရင်ခွင်ထဲဝင်ငိုပြီးကတည်းက အနည်ထိုင်သွားတာပါ။ အားရပါးရငိုချလိုက်တော့ ဝေဒနာတွေ ပေါ့သွားရှာတယ်ထင်ရဲ့။ ငွေကိုက မကျေမချမ်းနဲ့-

"တောက် ဘယ်ကောင်တွေ ကြားထဲက ဝင်ဖွသွားလဲ မသိဘူးကွာ။ ငါဖွတဲ့အထဲ မေပျိုလေးကိုယ်ဝန်ရှိတာတို့၊ ဟိုကောင်တိုးတိုးအမေက ဖျက်ချပေးတာတို့ မပါဘူးကွ။ ကိုယ့်ညီမ ဒီလောက်သိက္ခာကျမယ့် စကားမျိုး ငါ့ပါးစပ်က ထွက်ပါ့မလားကွာ။ အခုတော့ တောက်"

အော် ကောလဟာလ၊ ကောလဟာလ၊ အတော့်ကို ကြောက်စရာကောင်းပါလား။ ဒါတောင် သဝေထိုး ဗျာစ်လုံးပဲပါပေလို့။ 'ကောဓလဟော လေ' ဆိုရင်တော့ စဉ်းတောင်မစဉ်းစားရဲတော့ဘူး။

"ကိုကြီးနဲ့ကိုလတ်က ရိုက်ချက်ပြင်းသွားတာကို။ အမှန်က အချစ်ကိစ္စဆိုတာ အရမ်းကို သိမ်မွေ့နူးညံ့တာ။ ဘိန်းမုန့်ဖုတ်သလို အပေါ်မီးအောက်မီး တိုက်လို့ရတဲ့ ကိစ္စမဟုတ်ဘူး။ ရွံ့ပျော့ထဲကို ခဲလုံးလေး တစ်လုံးပစ်ချလိုက်သလို၊ တအိအိနဲ့နစ်ဝင်သွားအောင် လုပ်ရမှာ။ ဒါပေမယ့် တစ်ခုကတော့ ကောင်းသွားတယ်"

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ကောင်းသွားတာလဲ"

အစ်ကိုနှစ်ယောက်ရဲ့ အမေးကို လေချိုက ချက်ချင်းမဖြေသေးဘဲ ခဏဆိုင်းလိုက်ပြီးမှ. . .

"အခုဆိုရင် သူတို့နှစ်ယောက်စလုံးရဲ့ နှလုံးသားတွေဟာ ရပ်တည်ရာ ရှာမတွေ့နိုင်ဘဲ တည်ရာမဲ့ရာနားခိုရာကို လိုက်ရှာနေကြရပြီ။ ဒီလို အချိန်မျိုးမှာ မေပျို့နဲ့တိုးတိုးကို အမှတ်မထင်လေး ထိမိရှမိအောင် ရှန်တိ လုပ်ရုံလေး လုပ်ပေးလိုက်မယ်ဆိုရင်. . ."

စကားမဆုံးခင် ငွေကိုဆီက ကန့်ကွက်သံထွက်လာပါတယ်။

"ငါ-သဘောမတူဘူး။ နှောင်တရသွားပြီ။ မေပျိုလေးကို ထပ်ပြီး မထိခိုက်စေချင်တော့ဘူး"

"ဟုတ်တယ် ငါလည်း သဘောမတူဘူး။ ပိုနေမြဲ ကျားနေမြဲ ကောင်းပါတယ်။ ငါတို့ညီမကို တစ်ရှက်ကနေ နှစ်ရှက် မဖြစ်ပါစေ တော့ကွာ"

ဆွေညို့ဆီကလည်း သဘောမကျတဲ့ လေသံနဲ့။ လေချိုကတော့ မလျှော့သေးပါဘူး။

"အခုမှ တကယ့်အချိန်ကောင်း နက္ခတ်သင့်တာ။ ကုမ္ပဏီအသစ် အဖွင့်ပါမစ်က ချအပေး ကွက်တိပဲ။ ကျွန်တော်တို့က ဘာမှတော လုပ်ပေးစရာမလိုဘူး၊ လမ်းကြောင်းတည့်ရုံပဲ တည့်ပေးရမှာ"

"ဒီမှာလေချို၊ မင်းရည်းစားများတာ အတွေ့အကြုံများတာ ငါတို့ အသိအမှတ်ပြုတယ်။ ဒါပေမယ့် ဒီကိစ္စကို ဆက်မလုပ်နဲ့ ဒါပဲ"

ဆွေညိုက အစ်ကိုအကြီးဆုံးရဲ့ လုပ်ပိုင်ခွင့်ကို သုံးပြီး တစ်ချက် လွှတ်အမိန့်ချလိုက်ပါတယ်။ ဆွေညိုက အယူခံဝင်တယ်။

"ဒီမှာကိုကြီး၊ ဟိုတစ်နေ့က မေပျိုနဲ့ တိုးတိုး လမ်းထိပ်ဘောလုံး ကွင်းမှာ တွေ့ကြတာ ကိုကြီးတို့သိရဲ့လား"

"ဟေ၊ ဘာ... တိုးတိုးဆိုတဲ့ကောင်က တို့ကို သောက်ရှ ... လား၊ ဘာ... မေပျိုနဲ့ကြိုက်နေပြီလား"

"ကြိုက်တော့ မကြိုက်သေးဘူး။ ဟိုကောင်အသုံးမကျလို့ ကျွန်တော် သာ သူနေရာဆို အဲဒီနေ့ကပွဲသိမ်းတယ်။ ကိုယ့်ညီမကိုယ်ပြောရတာလည်း မကောင်းပါဘူး ကိုကြီးရာ။ အဲဒါ လမ်းကြောင်းလေး မသိမှသာ ချော်နေလို့။ ကျွန်တော်တို့ ညီအစ်ကိုတွေ ဝိုင်းပြီး တည့်မတ်ပေးမလို့





"တော်ပါတော့ လေချိုရာ။ သူတို့အသုံးမကျလည်း သူတို့ထိုက် သူတို့ကံရှိပါစေတော့။ ငွေကိုတုန်းကလည်း ပိုင်ပါတယ်ဆိုပြီး လူများ တံတွေးခွက်ထဲ မမျောရုံတမယ်လေး ကျန်ရစ်ခဲ့တာ။ မေပျို့ကို ထပ်မနှိပ် စက်ချင်နဲ့တော့"

"ဟုတ်တယ်လေချို။ ငါလည်း ဘာမှကို မလုပ်စေချင်ဘူး။ အခု တလော ငါအတော့်ကို ကံနိမ့်နေတာ။ ကားလည်း တစ်စီးမှ အရောင်း အဝယ်မဖြစ်ဘူး။ ခွင်ပိတ်နေရတဲ့ကြားထဲ အိုးစားမယ့်ကိစ္စတွေ စိတ်မဝင် စားဘူး။ အခုလောလောဆယ်၊ ငါအမိဋ္ဌာန်နဲ့ ပုတီးသွားစိပ်မလို့။ အဲဒီတော့ ငါမှာခဲ့မယ်။ ရှုပ်ရှုပ်ရှက်ရှက် မလုပ်နဲ့။ ပြဿနာဖြစ်ရင် မင်းကိုပါ အရှင်မထားဘူး ကြားလား"

ငွေကိုက အပီအပြင်ကြိမ်းနေပါတယ်။ နည်းနည်းလောက် မခံချင် ဖြစ်သွားတဲ့ လေချိုက ပြန်ပက်လိုက်ပါတယ်။

"အင်း လောဘနဲ့ဝင်တဲ့ အဓိဋ္ဌာန်က အတော့်ကို အကျိုးပေးတော့ မှာပဲ"

"ငါကသာ ငါလောဘနဲ့ပဲဝင်ဝင်၊ ဒေါသနဲ့ပဲဝင်ဝင်၊ အာရုံကျဖို့ အရေးကြီးတယ်။ တော်ပြီ ဒီကိစ္စဒီမှာတင်ပြတ်တော့"

ငွေကိုက စကားကိုပတ်တောပိတ်လိုက်ပါတယ်။ လေချိုက ဆွေညိုဘက်လှည့်ပြီး-

"ကိုကြီး. . ."

"ဟေး၊ ငါလည်း ငါ့ကောင်လေးတွေ ပြိုင်ပွဲနီးပြီ။ camp သွင်းပြီး ဖိဖိစီးစီး ထရိန်နင်ပေးရဦးမှာ။ မင်းတို့ဆီတောင် နောက်တစ်ပတ်လာနိုင် မှာ မဟုတ်ဘူး. . ."

ဆွေညိုက စကားဦးသန်းကတည်းက ကြိုကာထားပါတယ်။ အင်း ဒါကြောင့် ကရာတေးနည်းပြဖြစ်နေတာပေါ့။ လာမယ့်ဘေး ... တဲ့ နည်းပြလေ။

"စတုံးက သူတို့ပဲ တက်ကြွတဲ့ကြက်ဖ ... ပြီး အခုတော့ ... ခေါင်း ရှောင်ကုန်ပြီပေါ့။ ရပါတယ် ကိစ္စမရှိဘူး။ ကျွန်တော်တစ်ယောက်တည်း လုပ်မှာပါ။ ဒါပေမယ့် ကုန်ကျစရိတ်လေးတော့ အချိုးကျ. . ."

စကားတောင် မဆုံးလိုက်ပါဘူး။ ဆွေညိုက လေချိုခေါင်းကို ပိတ်ရိုက်ထည့်လိုက်တယ်။ ငွေကိုက ဖြန့်လာတဲ့ လက်ဝါးထဲ လက်... ထိုး ထည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့၊ ဒါပဲရမယ်"

ပြောရင်းဆိုရင်း ညီအစ်ကိုနှစ်ယောက် ထသွားပါတယ်။ လေချိုမှာသာ ကျိန်ဆဲပြီး ကျန်ရစ်ခဲ့ရတယ်။

"အမိဌာန်ဝင်မယ့် လူကြီးလည်း ထိုင်လေရာမှာ ပရွက်ဆိတ်ကိုက်ပါစေဗျာ။ ကရာတေးသမားကြီးလည်း ငယ်ထိပ်အုတ်ခဲပြုတ်ကျပါစေဗျာ"

☺ ☺ ☺





"လာစမ်းပါဟ၊ နင်ကလဲ"

ဆုတ်ကန်ဆုတ်ကန်ပါလာတဲ့ မေပျို့ကို လေချိုက အတင်းလက်ဆွဲခေါ်နေပါတယ်။

"ဟာ မေပျို မဟက်ချင်ပါဘူးလို့ ပြောထားရဲ့သားနဲ့ ကိုလေးရာ"

"နင်ကလည်းဟာ သင်တန်းရှေ့တောင် ရောက်နေမှတော့ ဆက်လိုက်ပါဟာ၊ နင်က လိမ်မာပါတယ်"

"အို မတက်ပါဘူး၊ ရှုတ်ရှုတ်ရှက်ရှက်။ ဘာဘော်ဒီဗျူတီမှ တက်စရာ မလိုဘူး။ မေပျိုတို့က နဂိုကတည်းက လှရော ဘော်ဒီပါ လှပြီးသား"

ဘယ်လိုအစ်ကိုမှန်းလည်း မသိဘူး။ ကိုယ့်ညီမကို ဘော်ဒီဗျူတီသင်တန်းအတင်းတက်ခိုင်းနေတယ်။ ဒီသင်တန်းမျိုး ဂျူနီဖာလိုပက်ဖ်ကိုယ်တိုင်လာသင်မယ်ဆိုတာတောင် မတက်သေးဘူး ဟင်း။

"ငါက နင်ဒီသင်တန်းတက်ရင် ပလက်တီနမ် ကြိုးလေးတစ်ကုံးဝယ်ပေးမလို့ စဉ်းစားထားတာ"

မေပျိုခေါင်းက ဆတ်ကနဲ လည်သွားတယ်။

"အစစ်ဝယ်ပေးမှာလား"

"ဆေးမှုတ်ထားတာပေါ့ဟာ။ အစစ်တော့ နင်လင်ယူမှပဲ ပေးတော့မယ်"

အင်းနည်းနည်းတော့ စိတ်ဝင်စားလာပါပြီ။ မဟုတ်မှလွဲရော အစ်ကိုက ဒီသင်တန်းအတင်းတက်ခိုင်းနေတာ အကြံအစည်တစ်ခုခုတော့ ရှိပုံပါပဲ။ ဟုတ်ပါတယ်။ တကယ်လည်း လေချိုဆီမှာ အကြံအစည်ရှိပါတယ်။ ဒါကတော့ မေပျိုလေးနဲ့ တိုးတိုးကို အမြဲလိုလို ဆုံနိုင်တွေ့နိုင်တဲ့ အခြေအနေလေးတစ်ခု ဖန်တီးနိုင်ဖို့ပါပဲ။ အခုတစ်လော တိုးတိုးက အလုပ်များနေတော့ မေပျိုလေးဆီ စိတ်ရောက်ပေမယ့် လူက မရောက်ဘူးလေ။ ဖုန်းဆက်ပေမယ့် မေပျိုလေးမရှိတာနဲ့ဘဲ တိုးနေရှာတယ်။ ဟုတ်တာပေါ့၊ ဒီရက်ပိုင်းအတွင်း မေပျိုလေးက သူ့အစ်ကို လေချိုရဲ့ ...သောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လေးမှာ သွားသွားပြီး ကူလုပ်ပေးနေတယ်။ ဘယ်လော
နှလုံးသားချင်းနားလည်တယ် ပြောပြော၊ မီးဝေးချိတ်မာ တတ်
သဘာဝပဲ မဟုတ်လား။ ဒါကြောင့်မို့ လေချိုက သူ့ညီမကို တိုးတို
computer အရောင်းဆိုင်နဲ့တစ်လမ်းတည်းမှာရှိတဲ့ ဘော်ဒီဗျူတီသင်တ
ကို အတင်းတက်ခိုင်းနေရတာပါ။ လေချို့အတွက်တော့ မေ့ပျို
သင်တန်းတက်ဖို့ဟာ ကမ္ဘာလိပ်မျိုးတုံးတာထက် အရေးကြီးပါတ
လေချိုက စိတ်ဝင်စားစပြုလာပြီဖြစ်တဲ့ သူ့ညီမကို အကဲခတ်ရင်း-

"တက်မယ်မဟုတ်လား ဟင်၊ နင်တက်ရင် လက်စွပ်လေး
ထပ်ဝယ်ပေးဦးမှာ"

"ဘာကြောင့် ဒီလောက်တောင် ရက်ရောနေရတာတုံး။ လ
နိုင်မယ့် အကြောင်းပြချက်ဆိုရင် တက်မယ်"

လေချိုကလည်း မေပျိုလက်ခံနိုင်မယ့် အကြောင်းပြချက်
အလျင်အမြန် စဉ်းစားရပါတယ်။ ရည်းစားတစ်ဒါဇင်လောက်ကို ဟို
တစ်မျိုးပြော၊ ဒီကိုတစ်မျိုးပြော လုပ်လာခဲ့တဲ့ကောင်ပဲ။ အကြောင်းပြ
တစ်ရာ့ရှစ်မျိုးလောက်တော့ ဦးနှောက်ထဲ data base လုပ်ပြီးသာ
ဒီလမ်းထဲမှာ တိုးတိုးရဲ့ဆိုင်ရှိတယ်လို့ ဒါရိုက်ကြီး ပြောလိုက်ရင် မေပျို
ရှက်ရမ်းရမ်းသွားလိမ့်မယ်။ မေပျို့ကို ကြည့်ရတာ တိုးတိုးရဲ့ဆိုင် ဒီလ
ရှိတာ သိထားပုံမရဘူး။ ဒီတော့. . .

"အဟဲ၊ ငါဒီသင်တန်းက ဆရာမကို သဘောကျနေလို့။ ငါတေ
တဲ့ အထဲမှာတော့ အမိုက်ဆုံးပဲ။ အဲဒါကြောင့် နင့်ကို အတင်းတက်
နေတာ"

မေပျိုက သူ့အစ်ကိုကို မျက်စောင်းထိုးလိုက်ပါတယ်။ သူ့အ
တို့များ ပြောမပြောချင်ဘူး။ မိန်းမဆိုတာနဲ့ ဟင်း။ မေပျိုက ခန်းလုံး
မှန်အမည်းကြီးတွေကာထားတဲ့ အဆောက်အဦထဲ လှမ်းဝင်သွားပါတ
လေချိုကလည်း မေပျိုနောက်က ပြုံးဖြီးဖြီးကြီး လိုက်ဝင်သွားတယ်။
ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတာ ဒါမျိုးပဲ။ သင်တန်းထဲမှာ ချော
လေးတွေလို့ကတော့ ညီမအားကိုးနဲ့ ကျိုင်ပစ်လိုက်ဦးမယ်။ သင်တန်း
ထဲ ဝင်လာတဲ့ သူတို့နှစ်ယောက်ကို ထရပ်ဆုအပေါ်အောက်ဝတ်ထာ
အမျိုးသမီးဝဝကြီးက လှမ်းမေးလိုက်ပါတယ်။

"ဘာကိစ္စရှိလို့ပါလဲ"





မေပျိုက သူ့အစ်ကိုကို လှမ်းကြည့်လိုက်တယ်။ လေချိုက ခပ်သွက်
ွက်နဲ့။

"ဒီက တာဝန်ခံနဲ့ တွေ့ချင်လို့ပါ"

"ကျွန်မက ဒီက တာဝန်ခံပါပဲ"

မြတ်စွာဘုရား။ ဘယ်လိုချိန်ချိန် ပေါင်နှစ်ရာကျော်မယ့် သူကို
ာဝန်ခံခန့်ထားရတယ်လို့။ ဒါကြောင့် ဒီသင်တန်းမှာ လူကျိုးတိုးကျဲတဲ
်နေတာ နေမှာ။ မေပျိုက တာဝန်ခံဆိုတာကြီးကို တစ်လှည့်၊ သူ့အစ်ကို
ို တစ်လှည့်ကြည့်ပါတယ်။ ဒီလမ်းကြိတ်စက်လောက်ဟာကြီးတော့
လချိုမကြိုက်လောက်ဘူး ထင်ပါရဲ့။ လေချိုက ဟိုကြည့်ဒီကြည့်နဲ့. . .

"ဟို သင်တန်းနည်းပြနဲ့လည်း တွေ့ချင်ပါတယ်။ ဟို ကျွန်တော့်
ီမလေးက အခုမှ စကစားမှာဆိုတော့ ဘယ်လိုနည်းစနစ်မျိုးနဲ့ ကစားရင်
ကာင်းမလဲဆိုတာ ဆွေးနွေးချင်လို့ပါ။ ဟဲ ဟဲ"

"ဒီသင်တန်းမှာ တာဝန်ခံကလည်း ကျွန်မ၊ နည်းပြလည်း
ျွန်မပါပဲ"

ဟိုက်သွားပဟ။ ဒါ ဘော်ဒီဗျူတီသင်တန်းမဟုတ်ဘဲ ဆူမိုနပန်း
င်တန်းကျောင်းများ ဖြစ်နေရော့သလား။ သူတို့နှစ်ယောက်နဲ့
မူအယာကြည့်ပြီး ဆရာမက တင်းသွားပုံပါပဲ။

"ရှင်တို့က လူကိုကြည့်ပြီး အထင်သေးတာပေါ့လေ။ လူကိုအထင်
ကြီးချင်ရင်နေပါ။ ပညာနဲ့နည်းစနစ်ကိုတော့ မစော်ကားပါနဲ့။ ဟိုမှာ
ြည့်. . ."

ဆရာမက နံရံကို လက်ညှိုးထိုးပြလိုက်ပါတယ်။ လေချိုနဲ့မေပျိုက
က်ညှိုးညွှန်ရာ ခေါင်းလည်သွားကြတယ်။ နံရံပေါ်မှာ စာလုံးကြီးကြီး
ရေးထားတာက-

'ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့' ဆိုပဲ။

မှတ်သားထိုက်ပါတယ်။ ဆရာမက သူ့ဘောင်းဘီအိတ်ထဲက ပေါင်
န့်ခပ်ကြီးကြီး တစ်လုံးကိုထုတ်၊ တစ်ကိုက်ကိုက်လိုက်ရင်း-

"ဒါ သင်တန်းဆောင်ပုဒ်ပဲ။ အဲဒါကို လိုက်နာနိုင်ရင်တက်၊
လိုက်နာနိုင်ရင် လာလမ်းအတိုင်း ပြန်သာကြွပေတော့"

ဆရာမက ပလုတ်ပလောင်းနဲ့ သင်တန်းပေါက်ဝကို လက်ညှိုးညွှန်
ိုက်ပါတယ်။ လူကလည်း ဝသေး။ အပေါက်ကလည်း ဆိုးသေး။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဆရာမမျိုးနဲ့ သင်ရမယ်ဆိုရင်တောင်၊ သင်ရတဲ့ တပည့်တောင် သိက္ခာ ကျဦးမယ်။ မေပျိုက သူ့အစ်ကိုလက်ဆွဲပြီး ပြန်ထွက်မလို့ ပြင်ပါတယ်။ လေချိုက ပြန်ဆွဲထားလိုက်တယ်။ ဆရာမ ပိန်တာဝတာ အရေးမကြီး ဘူး။ အဓိကက မေပျိုလေးက ဒီသင်တန်းမှန်မှန် တက်ဖို့ပဲလေ။ မေပျို လေချိုကို နားမလည်သလို ကြည့်ရင်း လေသံလေးနဲ့ ဖမ်းမေးလိုက် တယ်။

"ကိုလေးပြောတော့ ဒီကသင်တန်းဆရာမကို သဘောကျလို့ဆို ဒါကြီးကို သဘောကျတာလား"

"ထွက်၊ ငါက ဒါကြီးကို သဘောကျရမှာလား။ ဖွ ဟဲ့ လွဲပါ ဖယ်ပါစေ"

"ဒါဖြင့် သင်တန်းမှားလာတာလား"

"မမှားဘူး ဒီသင်တန်းပဲ"

"ဒါဆို ဆရာမ ပြောင်းသွားတာလား"

"ဒါလည်း မဟုတ်သေးဘူး"

"ဟင် ဒါဆိုရင် ဘာလို့. . ."

"နင် ဆွဲကြိုးနဲ့လက်စွပ်လိုချင်တယ် မဟုတ်လား"

မေပျိုမျက်နှာကြီးက ရှုံ့မဲ့သွားတယ်။

"လိုတော့ လိုချင်တာပေါ့ ဒါပေမယ့်"

မေပျိုစကားမဆုံးခင်မှာ ဆရာမရဲ့ခေါင်းက လေချိုနဲ့မေပျိုကြား ဝင်လာပါတယ်။

"ဘာတွေများ ပကျစ်ပကျစ်လုပ်နေကြတာတုံး၊ ခုနက ကြားလိုက် ပါတယ်။ ဆရာမကို သဘောကျလို့ဆိုလားလို့"

ကြားမှကြားတတ်ဖလေ။ လေချိုဘက်လှည့်ပြီး ပြုံးပြုံးကြီး မေးလ တဲ့ ဆရာမကို ကြည့်ရင်း လေချိုခမျာ တီကောင်ခါတ်လိုက်သလို ရှုံ့ရှုံ့တွ ဖြစ်သွားပါတယ်။ ကမန်းကတန်းပဲ

"အဟင်းဟင်း၊ ဆရာမပြောပုံဆိုပုံကိုကြည့်ပြီး ဒီသင်တန်း တကယ့်ကို စနစ်ကျမယ့် သင်တန်းလို့ ချီးမွမ်းနေတာ"

"ဟင် ဟုတ်လို့လား၊ ခုနက ကြားတာ ဒီလိုမဟုတ်ပါဘူး"

ဆရာမသံက ပဲသံလေးပါ ပါလာတယ်။ ကုလားပဲလား၊ ဘိုစာ လား၊ စွံတာနီလား၊ စွံတာပြာလား မပြောတတ်ဘူး။ လေချိုက မြန်မြန်





ဆန်ဆန် စာရင်းပြတ်ဖို့ လုပ်ရပါတော့တယ်။

"ဒါနဲ့သင်တန်းချိန်လေး ပြောပါဦး"

"ကိုလေး"

မေပျိုဆီက ကန့်ကွက်သလို အသံထွက်လာပါတယ်။ ဒီသင်တန်း တက်ပြီးမှ နဂိုငါးရံ့ကိုယ်လုံးလေးကနေ ငါးပူတင်းကိုယ်လုံးဖြစ်သွားရင် ဒုက္ခ။ လေချိုက ပိုက်ဆံတစ်ထပ်ကြီးကို ဆွဲထုတ်လိုက်ရင်း-

"ကဲ ဆရာမ၊ သင်တန်းကြေးရော၊ member ကြေးပါ တစ်ခါတည်း အပြတ်သွင်းထားခဲ့မယ်။ ပိုနေသေးတယ်ဆိုရင်လည်း နောက်သွင်းရမယ့် member ကြေးနဲ့သာ နှိမ်ပစ်လိုက်။ ကျွန်တော့်ညီမက အိမ်ထောင် မကျမချင်း ဒီသင်တန်း တက်နေဦးမှာ"

"ဟင်"

မေပျို့ဆီက ဟင် တစ်လုံးပဲ ထွက်လာပါတော့တယ်။ ဆရာမက တော့ မျက်လုံးလေး ပေကလတ် ပေကလတ်နဲ့။

"ဟို ကစားတာက နေ့တိုင်းမကစားရဘူးလေ။ တစ်ပတ်သုံးရက်ပဲ ကစားရမှာ အင်တာနေရှင်နယ်မှာလည်း. . ."

လေချိုက နောက်ထပ်ပိုက်ဆံတစ်ထပ် ဆွဲထုတ်လိုက်ရင်း-

"ရော့ဆရာမ၊ တစ်ပတ်သုံးရက်တွေ အင်တာနေရှင်နယ်တွေ လုပ်မနေနဲ့တော့။ နေ့တိုင်းသာ ကစားခိုင်း၊ ဟောဒီမှာ ကျွန်တော့် visiting card ။ သင်တန်းမှန်မှန်မလာလို့ကတော့ ဖုန်းဆက်သာ တိုင်လိုက်"

ဘုရား ဘုရား၊ လေချိုပြောသလို ကစားခိုင်းရရင်တော့ မေပျို ခမျာ Body တင်မကဘဲ Skeleton ပါ Beauty သွားနိုင်တယ်။ လေချိုက ကြောင်ငငလေး သူ့ကိုကြည့်နေတဲ့ မေပျို့ကို ပခုံးပုတ်လိုက်ပြီး-

"ကဲ ညီမလေး၊ နင် form တွေ ဘာတွေ ဖြည့်စရာရှိတာ ဖြည့်ပြီး နေခဲ့လိုက်တော့။ ငါသွားနှင့်ပြီ"

လေချိုက ကျောက်ရုပ်ဖြစ်ကျန်ခဲ့တဲ့ အမျိုးသမီးနှစ်ယောက်ကို ခေါက်ထားခဲ့ပြီး အမြန်ဆုံးခြေလှမ်းနဲ့ ပြန်ထွက်လာခဲ့ပါတယ်။ အင်း နမူ အစွံထုတ်ရတာ အတော့်ကို ပိုက်ဆံကုန်တာမျိုးပါလား။ တော်ပါသေးရဲ့ ဒီတစ်ယောက်တည်း ရှိပေလို့။ လေချို့ကျောပြင်ကို ကြည့်လိုက်၊ visiting card ကို ကြည့်လိုက်လုပ်နေတဲ့ ဆရာမဝဝလေးဆီက အသံထွက် လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လေချိုတဲ့၊ မိုက်တယ်နော်"

"ရှင်"

"မောင်နှမတော်တာလား"

"ရှင်၊ ဟုတ်၊ ဟုတ်ကဲ့"

ဆရာမက သူ့ရင်ဘတ်ကြီးကို လက်ဝါးနဲ့ ဖြန်းကနဲပုတ်လိုက်ရင်း-

"အမယ်လေးလေး၊ တစ်သက်လုံး ငြိမ်ချက်သားကောင်းနေတဲ့ ဟောဒီနှလုံးသားက တစ်ဒိတ်ဒိတ်နဲ့ ခုန်နေလိုက်တာနော်။ ခြေဖျားလက်ဖျားလေးတွေတောင် အေးလာပြီ။ ဒါဖူးစာရှင်မှန်လို့ ထင်ပါရဲ့"

ဖိလင်အပြည့်နဲ့ ပြောနေတဲ့ သင်တန်းဆရာမကို ကြည့်ပြီး မေပျိုခမျာ အတိုးရော အရင်းပါ ပေါင်းပြီး စိတ်ဓာတ်ကျသွားရပါတယ်။ ဒီလောက်ဝတဲ့ဟာကြီးနဲ့တော့ သူ့အစ်ကိုကို သဘောမတူနိုင်သေးပေါင်။ ဒါပေမယ့် ပလက်တီနမ်ဆွဲကြိုးမျက်နှာထောက်ပြီးတော့ သင်တန်းတော့ ပြီးအောင် တက်ရဦးမှာပါပဲ။ ဝတုတ်ပြဲပြဲ အဖြစ်သည်းနေတဲ့ ဆရာမဆီက အသံထွက်လာပါတယ်။

"အော် လက်စသတ်တော့ အချစ်ဟာ လေချိုပါလားနော်"

☺ ☺ ☺





မေပျိုတစ်ယောက် body beauty သင်တန်းသွားတက်ဖြစ်နေပါပြီ။ မေပျိုကို မြင်တာနဲ့ ပြာပြာသလဲဖြစ်နေတဲ့ ဆရာမဝဝလေးကို အမြင်ကပ်ကပ်နဲ့ ပုံစံပေးရင်း သင်တန်းတက်ရတာတောင် ပျော်သလိုလို ဖြစ်လာပါတယ်။ ဆရာမဝဝလေးခမျာလည်း မေပျိုအနားကပ်လာရင် မျက်ခုံးက ခပ်လှုပ်လှုပ်။ လက်မောင်းက နာသလိုလို၊ ခါးက အောင့်လာသလိုလိုနဲ့။ ဟင်း ဒီက အစ်ကိုမျက်နှာနဲ့သည်းခံနေတာကို။ အခုလည်း မေပျိုက ဆရာမနားရောက်လာပြန်ပါပြီ။

"မမရေ"

မေပျိုက သူတို့သင်တန်းဆရာမကို မမပဲ ခေါ်ပါတယ်။

"မီး ဒိုက်ထိုးတာ အချိုးမကျလို့ အဲဒါပုံစံလေး ပြပေးပါဦး"

ဇာတ်လမ်းက စလာပါပြီ။ အင်း ဒီသင်တန်းမှာမှ ဆရာမလာလုပ်ဖြစ်နေတော့ တပည့်တွေအလိုကျ လုပ်ပြရတဲ့ ကျွန်မဘဝပါရှင်လို့တောင် ငြီးရမလိုဖြစ်နေပြီ။ ဒါပေမယ့် ဆရာဆိုတဲ့ ပါဝါလေးနဲ့. . .

"မေပျိုအရင်ထိုးပြလေ၊ မမက လိုအပ်တာ ပြင်ပေးမှာပေါ့"

အင်း ဖက်တီးမကြီးတော့ ခံရဖန်များလို့ အကြောနပ်လာပြီထင်ရဲ့၊ တစ်ခြားသင်တန်းသားတွေကို ပါးစပ်လေးနဲ့ ဟိုလိုလုပ် ဒီလိုလုပ်ပြောခဲ့သမျှ မေပျိုနဲ့ကျမှ ကိုယ်တိုင်သရုပ်ပြနေရတယ်။ မေပျိုသင်တန်းတက်တဲ့ သုံးရက်အတွင်း ဆရာမလေးခမျာ သုံးပေါင်တိတိကြီးများတောင် အလေးချိန်ကျသွားပါတယ်။ ဒီအတိုင်းဆိုရင် ဒီဘော်ဒီဗျူတီသင်တန်းက ကိုယ့်အတွက်ကိုယ်ဖွင့်တာတောင် ဖြစ်နေပြီ။ မေပျိုက ဆရာမကို လက်ကာပြလိုက်ရင်း-

"ဟင်း မမကလည်း၊ မီးတစ်သက်လုံး အဲဒါမျိုးကြီး မလုပ်ဖူးဘူး၊ ကုန်းကုန်းကြီးလည်း မနေရဲဘူး။ ဒါပဲနော်၊ မမလုပ်ပြရင် ကိုလေချိုဆီ ဖုန်းဆက်လိုက်မှာနော်၊ ကိုလေးရဲ့ သင်တန်းဆရာမက အာပလာကြီးဆို"

"အမယ်လေး၊ ကိုလေချိုဆီတော့ ဖုန်းမဆက်လိုက်ပါနဲ့၊ ကဲ မမလုပ်ပြမယ် ကဲကြည့်"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆို ဆရာမလေးက အမျိုးသမီးထုတစ်ရပ်လုံး နမူနာယူနိုင်ဖို့အတွက် ကမ္ဘာကျော်လေဒီဖတ်ရဲ့ နည်းစနစ်အတိုင်း ဒိုက်ထိုးပြပါတယ်။ ပထမအဆင့်ကြမ်းပြင်ပေါ် ဝမ်းလျားမှောက်လိုက်တယ်။ အင်းဝက်မကြီးရေနစ်နေတဲ့အတိုင်းပါပဲ။ ဒုတိယအဆင့် လက်နှစ်ဖက်ကို ကြမ်းပေါ်ထောက်ထားလိုက်တယ်။ လက်မောင်းက ဆန့်သွားပေမယ့် ဗိုက်ပူကြီးက ကြမ်းနဲ့တရွတ်တိုက် တစ်အိအိနဲ့။ Discovery channel မှာ ကြည့်ဖူးတဲ့ စပါးကြီးမြွေ၊ သားကောင်မြိုပြီး အစာနင်နေတဲ့ အတိုင်းပါပဲ။ ဒီခန္ဓာကိုယ်ကြီး ကြွလာဖို့ဆိုရင်တော့ အနည်းဆုံးငါးတန် ဟိုက်ဒြောလစ်နဲ့ ပင့်တင်မှရတော့မယ်။

"အား၊ ကျွတ်၊ ကျွတ်၊ အီး"

ဒိုက်ထိုးနေတဲ့ မမဝဝဆီက သံစုံထွက်လာပါတယ်။ ဆန့်နေတဲ့ လက်က ပြန်ကွေးသွားတယ်။ ချက်ချင်းပြန်တွန်းတင်တယ်။ ဒီတစ်ခါတော့ ခန္ဓာကိုယ်အလယ်ပိုင်းက ကြွတက်လာပါတယ်။ ရေထဲမှာ ဖင်ဘူးတောင်းလေးထောင်ပြီး အစာရှာစားနေတဲ့ ရေမြင်းပုံစံဖြစ်သွားပါတယ်။ ကြွတက်လာတဲ့ ခါးပိုင်းက ဖုတ်ကနဲ ပြန်ကျသွားတယ်။

"အီး"

ဒီတစ်ခါတော့ ခန္ဓာကိုယ်တစ်ခုလုံး ပါးစပ်ပဲ လှုပ်လို့ရပါတော့တယ်၊ မေပျိုအပါအဝင် သင်တန်းသူတွေကလည်း သူတို့ဆရာမရဲ့ three steps ဒိုက်ထိုးနည်းကို မမှိတ်မသုန် ရှုစားကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက်နဲ့ မျက်စပစ်ပြီး ခေါင်းခါပြလိုက်ကြတယ်။ ဒီလောက်ကြိုးစားပမ်းစား လုပ်ပြလိုက်တော့ မေပျို့ဆီက ကရုဏာသံလေး ထွက်လာပါတယ်။

"မယ်၊ မောသွားပြီလား မမရဲ့၊ မမလို ဆရာမရင့်မာကြီးတောင် မနည်းလုပ်ရတာပဲ။ မေပျိုတို့ဆိုရင် ဘာဆိုလုပ်နိုင်ပါ့မလဲ၊ အားတော့နာပါတယ် မမရယ်။ ခုနက လုပ်ပြတာ သိပ်မမှတ်မိလိုက်လို့ တစ်ခေါက်လောက် ထပ်လုပ်ပြပါဦးလို့"

"ဟယ်၊ ဒီက သေလုမျောပါး ဖြစ်နေတဲ့ဟာကို။ ဝင်း အစ်ကိုကို မရလည်းနေပါစေတော့။ အသက်တော့ အသေမခံနိုင်ဘူး။ ဆရာမဆီက မျက်စောင်းနဲ့ အသံအစ်အစ်ပဲ ထွက်လာပါတော့တယ်။

"မရတော့ဘူး။ ငါ့ကို လာထူပေးကြပါဦး"



ဒီတော့မှပဲ မေပျိုနဲ့သင်တန်းသူတွေက သူတို့ရဲ့ ဆရာမကို ဖြိုင်တူဆွဲထူဖို့ ကြိုးစားရပါတယ်။

'ချွတ်ကဝါရီ ဗေလေဆပ်' 'ဗေလေဆပ်၊ ဗေလေဆပ်'

အိန္ဒိယနွယ်ဖွား သင်တန်းသူတစ်ဦးရဲ့ တိုင်သံနဲ့၊ သင်တန်းသူငါးဦးလုံး ညာသံပေးလို့ ထူတော့မှပဲ ဆရာမလေးလည်း မှောက်ရာမှလဲ၊ လဲရာမှ ကြွ၊ ကြွရာမှ ထိုင်၊ ထိုင်ရာမှ ထနိုင်ပါတော့တယ်။ အင်း ဒီအတိုင်းဆိုရင် ဘာလေ့ကျင့်ခန်းမှ မလုပ်ဘဲ၊ ဆရာမကို တစ်နေ့ငါးခေါက်လောက် ဆွဲထူရုံနဲ့တောင် ကယ်လိုရီတွေ အတော်လောင်ကျွမ်းပြီး အဆီတွေကျ၊ အသားတွေကျစ်ပြီး၊ ဘော်ဒီပါလှသွားနိုင်တယ်။ စမ်းသပ်ကြည့်ပြီး အောင်မြင်လို့ကတော့ ကမ္ဘာကျော်နည်းစနစ်တွေ အသာလေးခေါက်ထားလိုက်လို့ရတယ်။

သင်တန်းသူအပျိုမတွေ ရုတ်ရုတ်သည်းသည်း ဖြစ်နေချိန်မှာပဲ၊ လေချိုတစ်ယောက် ခွေးပေါက်စလေးတစ်ကောင် ပိုက်ပြီး သင်တန်းပေါက်ဝကို ခိုးကြောင်ခိုးဝှက် ရောက်လာပါတယ်။ ဆူညံနေတဲ့ မေဇရုတ်တွေ ကြားမှာ သူညီမကို ရှာပါတယ်။ တွေ့ပါပြီ ဟောင်ဖွာ ဟောင်ဖွာ အသံအကျယ်ဆုံးဟာ မေပျိုလေးပါပဲ။ အမယ်ဒင်းက ပြုံးလို့ ရွှင်လို့၊ အိမ်မှာနေရင် မျောက်မောင်းမ ငပိအိုးပေါ် ထိုင်မိတဲ့အတိုင်း ရှုံ့မဲ့နေတာ၊ မဟုတ်မှလွဲရော ဒင်းလေးက အစ်ကိုတွေကို လက်ချာပြန်ပေးနေပြီလား မသိဘူး။ အိုဘာပဲဖြစ်ဖြစ် မူလအစီအစဉ်အတိုင်း လုပ်ရတော့မှာပဲ၊ လေချိုက ခွေးလေးကို သင်တန်းခန်းထဲ အသာလွှတ်ပေးလိုက်ပြီး အသံတိတ် ပြန်သွားပါတယ်။

"ဝုတ် ဝုတ်"

ခွေးကလေးက နေရာစိမ်း၊ ဒေသစိမ်းမှာ လူစိမ်းတွေနဲ့ တွေ့လိုက်ရတာမို့ ကမန်းကတန်း ဟောင်လိုက်ရပါတယ်။ အဲဒီဟောင်သံကို အင်္ဂလိပ်လို ဘာသာပြန်ရရင်တော့ How do you do? လို့ အဓိပ္ပာယ်ရမယ် ထင်ပါရဲ့။ ဆရာမဝဝကြီးက ခွေးဆော်သေးလေးကို မြင်မြင်ချင်းမှာ ချစ်သွားပါတယ်။ သူ့ခမျာ လူမြင်လည်းချစ်၊ ခွေးမြင်လည်း ချစ်နဲ့ ချစ်တတ်လိုက်တာမျိုး ဟင်း။

"ဟယ်၊ ခွေးငယ်လေးက ချစ်စရာ။ အို့ အို့ အို့။ ဂိမိမိ လာလာလာ"

ဆရာမက သူ့ကိုယ်လုံးမှ အားမနာခွေးလေးကို ပိုက်ဖမ်းပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



ခွေးလေးကလည်း ကြောက်လန့်တကြား သင်တန်းခန်းမထဲ လှည့်ပတ်ပြေး ပါတယ်။ သင်တန်းသူတွေလည်း ဘယ်နေမလိမ့်တုံး။ အဲဒီခွေးလေးနောက် တပျော်တပါးလိုက်ဖမ်းကြပါတယ်။

"ဟဲ့ ဟဲ့ မိတော့မယ်"

"ဟဲ့ အမိနာ ဟိုဘက်က ပိတ်ထား"

"မေပျို နင်ရှေ့က ပိတ်ဖမ်းလိုက်။ ဟဲ့ တံခါးသွားပိတ်ထားလိုက်ဦး"

"ဟဲ့ ကိုက်ဦးမယ်နော်"

နောက်ဆုံးမတော့ ခွေးလေးခမျာ မချောခုနှစ်ယောက်ရဲ့ ပူးပေါင်း စစ်ဆင်ရေး ကွန်ယက်အောက်ကနေ ရုန်းမထွက်နိုင်ပဲ အမိခံလိုက်ရပါ တော့တယ်။ အော် အခုတော့ 'ဝုတ်'ကနဲတောင် မအော်နိုင်တော့ပါလား ခွေးလေးရယ်။ လက်ရဖမ်းမိသွားတဲ့ အမိနာက-

"ဟယ်၊ လည်ပတ်မှာ စာတစ်စောင်ပါသေးတယ်တော့"

"အမယ်လေး ရင်တွေ ခုန်လိုက်တာနော်"

"ဟေ့ နာမည်မပါရင် ငါ့စာဟေ့"

"ဟဲ့၊ ဘာတွေ ရေးထားတာတုံး"

တစ်ယောက်တစ်ပေါက်နဲ့ ခေါင်းချင်းဆိုင်ပြီး ခွေးလည်ပင်းက စာကို အလုအယက်ဖတ်ကြတယ်။

"ဟယ်၊ မေပျိုတဲ့"

"ဟင်၊ ဟုတ်ပဲနဲ့"

"ဟုတ်တယ် ဟဲ့။ တကယ်ရေးထားတာ"

ဘယ်သူက ဆတ်ဆတ်ခဲ့ဆော့ဆော့ ခွေးလည်ပတ်ထဲ မေပျိုနာမည် ရေးသွားပါလိမ့်။ ပုဒ်မ ၅၀၈ စာမိချင်ပြီ ထင်တယ်။ မေပျိုက ခေါင်းနှစ် လုံးကြား အတင်းဝင်ပြီး စာကို ဖတ်လိုက်ပါတယ်။ ဟုတ်ပါရဲ့ ရေးထား တာက

"မေပျို. . . ကျွန်တော့်ကို တိုးတိုးလို့ခေါ်ပါ။ သင်တန်းကပြန်ရင် ဘယ်ဘက်ကို ကြည့်ပါတဲ့"

"ဟဲ့၊ တိုးတိုးဆိုတာ ဘယ်သူတုံး"

အမိနာက မေပျိုကို လှမ်းမေးပါတယ်။ မေပျိုက အမိနာ့လက်ထဲ က ခွေးလေးကို တယုတယလှမ်းယူလိုက်ရင်း-

"တိုးတိုးဆိုတာ သူပဲပေါ့ဟ"



မေပျိုက ရှက်ပြုံးလေး ပြုံးနေပါတယ်။ နောက်ထပ်သင်တန်းသူ တစ်ယောက်က မေးပြန်တယ်။

"ဒါနဲ့၊ သင်တန်းက ပြန်ရင် ဘာဖြစ်လို့ ဘယ်ဘက်ကို ကြည့်ခိုင်း တာတုံး"

မေပျိုလေးလည်း ဘာကြောင့် ကြည့်ခိုင်းမှန်းမသိပါဘူး။ ဒါပေမယ့် အလကားနေအခွန်မဆောင်ရတိုင်း ကြည့်ခိုင်းတာတော့ မဖြစ်နိုင်ပါဘူး။ အဓိပ္ပာယ်တစ်ခုခုတော့ သေချာပေါက်ရှိမှာပါ။ ပါးစပ်ကတော့ ပြီးစလွယ် ပြောလိုက်ပါတယ်။

"အို၊ ကားတိုက်မှာ စိုးလို့ ဖြစ်မှာပေါ့ဟ"

သင်တန်းသူတစ်ယောက်က တွေးတွေးဆဆ ဝင်ပြောပါတယ်။

"ဟဲ့ ဘယ်ဘယ်ကြည့်နေတုံး။ ညာဘက်က ကားဝင်တိုက်သွားရင် ဘယ်လိုလုပ်မလဲ"

"သေပေါ့ဟ၊ ကားဆိုမှတော့ ဘယ်ဘက်က တိုက်တိုက်၊ ညာဘက် က တိုက်တိုက်၊ အနည်းဆုံးဆေးရုံဆေးခန်းတော့ရောက်မှာပေါ့ဟ။ ရေတ်ဆီပွတ်ရုံနဲ့ ပျောက်မှာမှ မဟုတ်တာ"

"ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေဟယ်"

မေပျိုက နှာခေါင်းလေးရှုံ့ပြရင်း ခွေးကလေးတိုးတိုးကို အပေါ် မြှောက်ပြီးမြှူလိုက်ပါတယ်။ ဆရာမဆီက အသံထွက်လာပါတယ်။

"ဟယ် အထီးလေးတော့"

အင်း သူပဲ မြင်တတ်ပလေ၊ ဟင်း။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ရဲ့ လမ်းမတွေပေါ်မှာ နီယွန်မီးတွေထွန်းစ အချိန်ပါ။ လူတွေကားတွေက ဟိုမှာ ဒီမှာ ရှုပ်လို့ ထွေးလို့။ အဲဒီလိုရှုပ်ပြီးထွေးနေတဲ့ လူသိန်းပေါင်းများစွာထဲမှာမှ ဆတ်တောက်ဆတ်တောက်နဲ့ ခေါင်းကြီးကို ဘယ်ဘက်စောင်းပြီး ခွေးကလေးပိုက်လို့လျှောက်လာတာက မေပျို့ရယ် ပါ။ ခေါင်းကြီးက ဘယ်ဘက်စောင်းနေတယ်ဆိုတော့ အုံးလွဲနေတယ်လို့ လူများတွေ ထင်ကုန်တော့မှာပဲ။ အမယ် ဒီလိုတစ်ဖက်စောင်းပြီး လျှောက် ရတာ လွယ်တယ်များ အောင့်မေ့လို့။ အနိမ့်အမြင့် မညီတဲ့ ပလက်ဖောင်း တွေမှာ မလဲအောင်လည်း သတိထားရသေးတယ်။ မတော်လို့ မြောင်း အဖုံးတွေ ပွင့်နေတာနဲ့ကြုံရင်လည်း ရေမြောင်းထဲ ပြုတ်မကျအောင် ဂရုစိုက်ရသေးတယ်။ ပြီးတော့ ကိုယ့်ကိုလှမ်းလှမ်းရှိုးနေတဲ့ ကောင်လေး တွေကိုလည်း မသိမသာလေး check လုပ်ရသေးတယ်။ ပြီးတော့ ဘာမသိ ညာမသိနဲ့ ဘယ်ဘက်ကို ကြည့်ခိုင်းထားတဲ့ကိစ္စကိုလည်း အာရုံစိုက်ရပါ သေးတယ်။

အဲဒီအချိန်မှာ တိုးတိုးတစ်ယောက် ဆိုင်သိမ်းမလို့ ပြင်ဆင်နေပါ ပြီ။ သူ့ဆိုင်က ညနေခြောက်နာရီ ပိတ်နေကျပါ။ ဆိုင်က ကောင်လေး တွေကို မှာစရာရှိတာမှာ၊ စာရင်းတွေ ပြန်စစ်၊ လက်ကျန်တွေစစ်၊ ငွေ တွေစစ်နဲ့ တကယ့်ကိုအလုပ်ရှုပ်တဲ့ အချိန်ပေါ့။

"ဟေ့ကောင့်တွေ နဲ့ခ်ဖော့ေတံခါးကို သေချာပိတ်ဦး။ ဟိုတစ်ခါ တုံးကလို ဖြစ်ဦးမယ်"

"ဟုတ်ကဲ့ Boss"

"ဇော်မင်းရေ နေ့လည်က ဆိပ်ကမ်းသွားထားတဲ့ကိစ္စ ငါ့ကိုစာရင်း ပြန်မရှင်းသေးဘူးနော်"

"ဟုတ်တယ် ကိုတိုးတိုး၊ ကိစ္စမပြတ်သေးလို့။ မနက်ဖြန်ဆိုပြီး လောက်ပါပြီ"

"မပြီးသေးလည်း အကျိုးအကြောင်းတော့ လာပြောရမှာပေါ့ကွ။ မင်းတို့က အလုပ်တော့ လုပ်ပါရဲ့။ ပြန်ပြီးသတင်းမပို့တော့ ငါကဘာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်ရမှာလဲ။ တစ်နေ့တစ်နေ့ ငါဆိုင်လာတာ မင်းတို့ရုပ်တွေချော လွန်းလို့ လာကြည့်နေတယ်များ အောင့်မေ့နေလား"

"ဟဲ ဟဲ"

"ဟဲ ဟဲ လုပ်မနေနဲ့။ မနက်ဖြန် ဆိုင်ကို မလာခင် အဲဒီကိစ္စတွေ ပြတ်အောင် လုပ်ခဲ့"

"ဟုတ်ကဲ့ ကိုတိုးတိုး"

အဲဒီအချိန်မှာ တိုးတိုးရဲ့ ဟန်းဖုန်းက တီးလုံးသံလေးမြည်လာပါ တယ်။

"တိုးတိုးပါ"

"ဟုတ်ကဲ့ ကိုတိုးတိုးခင်ဗျား၊ ကျေးဇူးပြုပြီး ညာဘက်ကို ကြည့်ပေးပါခင်ဗျာ"

"ဗျာ"

"ကျေးဇူးပြုပြီး ညာဘက်ကို ကြည့်ပေးပါလို့"

ဖုန်းနံပါတ်က မသိတဲ့ ဖုန်းနံပါတ်။ အသံကလည်း မကြားဖူးတဲ့ အသံပဲ၊ အဲဒီလူက ညာဘက်ကြည့်ဆိုတော့။ တိုးတိုးက သူထိုင်နေကျ နေရာကနေ ညာဘက်ကို ကြည့်လိုက်ပါတယ်။ ဆိုင်က မှန်ချပ်အကြည် တွေနဲ့ ကာထားတာဆိုတော့ လမ်းပေါ်ကို အထင်းသားမြင်ရပါတယ်။ အဲဒီလိုပဲ လမ်းပေါ်ကလည်း တိုးတိုးကို အထင်းသား တွေ့ရပါတယ်။ ကြည့်သာကြည့်ရ ဘာမှလည်း ထူးထူးခြားခြား မတွေ့ရဘူး။ တိုးတိုးက ဖုန်းကိုနားမှာ ကပ်လျက်သား ဟိုကြည့်ဒီကြည့် လျှောက်ကြည့်နေပါ သေးတယ်။ အဲဒီအချိန်မှာ မေပျိုလေးကလည်း ခေါင်းကို ဘယ်ဘက် စောင်းလျက်သား တိုးတိုးဆိုင်ရှေ့နား ရောက်လာပါတယ်။

"ကျွတ်၊ ဇက်တွေလည်း ညောင်းလှပြီ။ ဘာမှ ထူးထူးခြားခြား လည်း မတွေ့ရဘူး"

ဒါ မေပျိုလေးရဲ့ အတွေးပါ။

"တောက် ဘယ်ကောင်ဖုန်းဆက်ပြီး နောက်သလဲ မသိဘူး"

ဒါ တိုးတိုးရဲ့ အတွေး။

မေပျိုလေးက ဆိုင်းဘုတ်တွေ၊ လူတွေ၊ ဆိုင်ခန်းတွေကြည့်ပြီး လျှောက်သွားတယ်။

'ဆရာလီပ်၊ ၂လပြတ်' 'ဒေါက်တာအောင် အထူးကုဆေးခန်း'





'ကိုအေးကိုကို၊ ချစ်တီးထမင်းဆိုင်' 'ဆိုင်ရှေ့ ကားပိတ်မရပ်ရ'

'Toe Toe computer sale & service'

တိုးတိုးကလည်း သူမြင်ကွင်းထဲ ဝင်လာသူတွေကို ကြည့်လို့။

"ဟိုကောင်မလေး စကတ်ကလည်း ပေါင်ရင်းရောက်တော့မယ်။ ဟိုအန်တီကြီးပါးစပ်က လက်လက် လက်လက်နဲ့။ ဟာ မကြီးမငယ်နဲ့ သွားထဲ စိန်မြှုပ်ထားတာပဲ။ အော် သူမလဲဒုက္ခ။ ကြွားချင်လွန်းတော့ ဟိုလူ့ကို သွားဖြဲပြ။ ဒီလူ့ကို သွားဖြဲပြရနဲ့။ ဟိုကုလားကြီးကလည်း ဟိုကောင်မလေး ပေါင်ကို ကြည့်နေလိုက်တာ။ ရွက်ထားတဲ့ နွားနို့ပုံးတော့ မှောက်တော့မှာပဲ။ အင်း ဟိုနောက်က ကောင်မလေးက စောင်းငန်း စောင်းငန်းနဲ့ ခွေးကြီးပိုက်လို့။ ဒီကောင်မလေး ငါမြင်ဖူးပါတယ်"

မေပျိုက 'Toe Toe Computer sale & service' ဆိုတဲ့ ဆိုင်း ဘုတ်ကို မော့ကြည့်နေရာက အောက်ကို ဆင်းကြည့်လိုက်ပါတယ်။ တိုးတိုး ကလည်း ခွေးကလေး ပိုက်ထားတဲ့ မေပျိုကို သေချာကြည့်လိုက်ပါတယ်။

"ဟင်၊ သူ"

"ဟာ မေပျို"

သူတို့နှစ်ယောက်က တစ်ပြိုင်နက် မျက်လုံးချင်း ဆုံမိသွားတဲ့အချိန်၊ နှစ်ယောက်စလုံး မျက်လုံးထဲမှာရော၊ ဦးနှောက်ထဲမှာရော၊ နှလုံးသားထဲ မှာရော ဒိန်းကနဲဖြစ်ပြီး လင်းထိန်သွားပါတယ်။ တစ်ယောက်နဲ့တစ် ယောက် တွေ့လိမ့်မယ်လို့ မျှော်လင့်မထားကြဘူးလေ။ နှစ်ယောက်စလုံး အံ့ဩသွားကြသလို ရင်ခုန်သံတွေလည်း အမြင့်ဆုံး မြည်ဟီးပြီးတိကနဲ ရပ်သွားကြတယ်။ ဆူညံနေတဲ့မြို့တော်ကြီးတောင် အသံတွေ လုံးဝတိတ် သွားသလိုပါပဲ။ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်၊ လေးစက္ကန့် . . . ကိုးစက္ကန့်၊ ဆယ်စက္ကန့်။

နှစ်ယောက်သားစိုက်ကြည့်နေလိုက်ကြတာ ကားဘီးပေါက်သံကြား မှပဲ မေပျိုလေးလည်း သတိပြန်ဝင်လာပါတယ်။ ရှက်ကိုးရှက်ကန်း မျက်လုံးရွှဲကြီးနဲ့ တိုးတိုးကို တစ်ချက်စိုက်ကြည့်ပြီး ခပ်သုတ်သုတ် ထွက်သွားပါတယ်။ အခုအချိန်ကစပြီး ဘယ်ဘက်စောင်းနေတဲ့ မေပျိုရဲ့ ခေါင်းဟာလည်း တည့်သွားပါပြီ။ ဒါပေမယ့် ငုံ့လျက်သားလေး။ တိုးတိုး ကတော့ မေပျိုနောက် မျက်လုံးပါသွားပါတယ်။ မြင်ကွင်းထဲကနေ ပျောက်သွားမှ တိုးတိုးခမျာ နှမြောတသဖြစ်ကျန်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်၊ ချက်ချင်း ကောက်လိုက်သွားရမှာ"

ဘာကြောင့်များ မေပျို့လေးနောက်လိုက်သွားလို့ သူ့ဦးနှောက်က ဆုံးဖြတ်ချက်ချမပေးလိုက်နိုင်တာပါလိမ့်။ အလကားဦးနှောက်၊ အသုံးမကျတဲ့ဦးနှောက်၊ အရေးရယ် အကြောင်းရယ်ဆို သုံးစားမရတဲ့ ဦးနှောက်။ တိုးတိုးရဲ့နှလုံးသားက တိုးတိုးရဲ့ ဦးနှောက်ကို ရက်ရက်စက်စက် အပြစ်တင်လို့ နေပါတယ်။

"ဟလို ကိုတိုးတိုး"

ဟင် ဖုန်းလိုင်းက ပြတ်မသွားသေးပဲကို။ ပြီးတော့ ဖုန်းကလည်း နားနဲ့ကပ်လျှက်သား။ တိုးတိုးတစ်ယောက် ဘယ်လောက်တောင်များ သတိလက်လွတ်ဖြစ်သွားရပါလိမ့်။ ဖုန်းထဲက အသံရှင်က ဆက်ပြောပါတယ်။

"အခု ညနေ ခြောက်နာရီပါ။ ကျေးဇူးတင်ပါတယ်"

"ဟလို. . . ဟလို"

ဖုန်းလိုင်းက ပြတ်သွားပါပြီ။ တိုးတိုးက သူ့နာရီကို ငုံ့ကြည့်လိုက်ပါတယ်။ ဟုတ်ပါတယ်။ ညနေ ခြောက်နာရီတိတိပါပဲ။

☺ ☺ ☺





အဲဒီနေ့ကစပြီး တိုးတိုးတစ်ယောက်လည်း ညနေခြောက်နာရီထိုး ခါနီးတိုင်း ဆိုင်ပေါက်ဝနားရစ်သီရစ်သီ လုပ်တတ်လာပါတယ်။ ညနေခြောက်နာရီထိုးတိုင်း ရင်ကိုလာလာခြောက်တဲ့ တစ္ဆေမလေးကို မျှော်မိတာပေါ့။ တကယ်တော့ ဆိုင်သိမ်းချိန်ဆိုတာ တကယ့်ကို အလုပ်ရှုပ်တဲ့ အချိန်ပါ။ တစ်ခါတလေ ဆိုင်သိမ်းခါနီးမှ ရောက်လာတတ်တဲ့ customer နဲ့ ဆိုရင် ရှာကိုလည်ရောပဲ။ မေပျို့လေးကို ပထမဆုံးစမျှော်တဲ့နေ့ကဆိုရင် ဆိုင်သိမ်းခါနီးမှ stock တွေက ဝင်လာ၊ sample တွေကို စစ်နဲ့ အလုပ်ရှုပ်သွားတာများ။ အပြင်လမ်းမကို ကြည့်လိုက် ပစ္စည်းတွေစစ်လိုက်နဲ့ ဂဏာမငြိမ်ဖြစ်နေတဲ့ တိုးတိုးကို ဘေးကတောင် ပြောယူရတယ်။

"ဟေ့လူ ကိုတိုးတိုး၊ ကျီးကြည့်ကြောင်ကြည့်နဲ့။ ဘာဖြစ်နေတာတုံး။ ကျွန်တော်တို့ပို့တာ တရားဝင်ပစ္စည်းတွေ ချည်းပါပဲနော်"

"အေးပါဗျာ"

လူကသာ အေးပါ၊ မျက်လုံးကတော့ လမ်းဆီမှာ။ ဟာ သွားပြီ။ မေပျို့လေးက မျက်လွှာလေးချပြီး တိုးတိုးရဲ့ဆိုင်ရှေ့က ဖြတ်လျှောက်သွားပါပြီ။ ဆိုင်ရှေ့အရောက် မျက်လုံးလေးကို ဘယ်ထောင့်ကပ်ပြီး မသိမသာ ခိုးကြည့်သွားတယ်။ ပါကင်ပုံးတွေကြားကနေ သူ့ကိုကြည့်နေတဲ့ တိုးတိုးနဲ့ နှစ်ယောက်သား သုံးစက္ကန့်လောက် မျက်လုံးချင်း ကာတင်ပစ်ပြီးတဲ့ နောက်မှာတော့ မေပျို့လေးက သူ့လမ်းသူဆက်လျှောက်သွားပါတယ်။ တိုးတိုးက သက်ပြင်းချလိုက်ပြီး ပစ္စည်းလာပို့တဲ့ ကုမ္ပဏီက လူတွေကို ပြောလိုက်ပါတယ်။

"နောက်ဆို ခင်ဗျားတို့ ပစ္စည်းလာပို့ရင် ခြောက်နာရီဝန်းကျင်ဆို လာကိုမပို့နဲ့ ကြားလား"

အော် ပြောတတ်လိုက်တာနော်။ ဒါက ပထမဆုံးနေ့က အဖြစ်အပျက်ပါ။ ဒုတိယနေ့ကျတော့ တိုးတိုးက customer တစ်ယောက်နဲ့ စကားပြောနေတုံး စိတ်ထဲတစ်မျိုးကလေး ဖြစ်လာတာနဲ့ လမ်းမကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ မေပျို။ ဟာ ခြောက်နာရီထိုးဖို့ ၁၀မိနစ်ကြီးများ လိုသေးတဲ့ ဥစ္စာကို။ တိုးတိုးက 'customer' ဖက်လှည့်ပြီး အနူးအညွတ် တောင်းပန်လိုက်ပါတယ်။

"အစ်မကြီး၊ ခဏလေးဗျာ၊ တစ်မိနစ်လောက်ပါပဲ"

"အော် ရပါတယ်"

customer အစ်မကြီးလည်း တိုးတိုးတစ်ယောက် ဘာများ အရေးကြီးသလဲပေါ့။ တိုးတိုးက ဆိုင်ပေါက်ဝ ထွက်လာပါတယ်။ မေပျိုနဲ့ မျက်လုံးချင်းဆုံတယ်။ တိုးတိုးက မေပျိုကို ပြုံးပြလိုက်ပါတယ်။ မေပျိုရင်ထဲမှာ နွေးကနဲ။ အပြုံးဆိုတဲ့ ဟာမျိုးမှာလည်း အပူစွမ်းအင်တွေ ပါတတ်တာကို။ စွမ်းအင်ရှားပါးလာတဲ့ ကမ္ဘာကြီးမှာ အဲဒီလိုအပြုံးတွေကို စုပေါင်းပြီး စွမ်းအင်ထုတ်ပေးတဲ့ ဓါတ်ပေါင်းဖိုတစ်မျိုး သိပ္ပံပညာရှင်တွေကို တီထွင်ခိုင်းရမယ်။ လူသားတွေလည်း များများပြုံးရလို့ သက်ရှည်ကျန်းမာလို့။ စွမ်းအင်တွေလည်း ပေါပေါသီသီ ရလို့။ ဘယ်လောက်တောင် အဆင်ပြေလိုက်မလဲ။ မေပျိုကလည်း ငါးသလောက်ပြုံးလေး ပြန်ပြုံးပြပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်သွားပါတယ်။ တိုးတိုးရင်ထဲမှာလည်း အာဖရိကန်စုံသံလေးတွေ ညံသွားပါတယ်။ ဘာမသိညာမသိနဲ့ သူတို့ကို လိုက်ကြည့်နေတဲ့ customer မမကြီးတောင် ပြုံးပြုံးလေးဖြစ်သွားတယ်။ အော် မမကြီးနှယ် သူနဲ့ဘာဆိုင်တာမှတ်လို့၊ အော် အပြုံးဆိုတာလည်း virus လိုပဲ ကူးစက်တတ်တာကို။

ဒီနေ့ဆိုရင် မေပျိုလေးကို စောင့်ကြည့်နေတာ တတိယမြောက်နေ့၊ ပစ္စည်းလည်း မဝင်ဘူး။ customer လည်း မရှိဘူး။ အချိန်က ညနေ ခြောက်နာရီထိုးလုထိုးခင်။

"ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ မေပျိုလေးနဲ့ စကားပြောဖြစ်အောင် သွားပြောရမယ်။ အဆင်ပြေရင် ဆိုင်သိမ်းတာ ချိုကာ့ စောင့်ခိုင်းပြီး တစ်ခုခုသွားစား၊ ပြီးရင် အိမ်ပြန်ပို့။ အဆင်မပြေဘူးဆိုလည်း လမ်းထိပ်အထိတော့ လိုက်ပို့ရမယ်"

တိုးတိုးတစ်ယောက် သူ့စိတ်ကူး နဲ့ သူအကွက်ရွှေ့နေပါတယ်။ ဒါပေမယ့် မထင်မှတ်တာကြီးက သူ့ရွှေ့ တဲ့ အကွက်ထဲ ပါလာပါတယ်။

"ဟာ မေပျိုဘေး ပါလာတာ၊ ဘယ်က ဖတ်တီးမကြီးပါလိမ့်"

ဟုတ်ပါရဲ့ မေပျိုလေးက သူ့ရဲ့သင်တန်းဆရာမနဲ့အတူ လျှောက်





လာတာကို။ အခုတော့ တိုးတိုးနဲ့မေပျို့အကြား ဖက်တီးမကြီး ခြားနေပါတယ်။ မေပျိုတို့ နှစ်ယောက် တိုးတိုးဆိုင်ရှေ့တည့်တည့်ရောက်လာပါပြီ။ တိုးတိုးက မေပျို့ကို မချိုပြုံးလေး လှမ်းပြုံးပြလိုက်တယ်။ ဒါပေမယ့် မိန်းမဝဝကြီး ကွယ်လိုက်တဲ့အတွက် တိုးတိုးရဲ့အပြုံးတွေက မေပျို့ဆီ မရောက်ဘဲ ဖက်တီးမကြီးခန္ဓာကိုယ်နဲ့ ရိုက်မိပြီး ပြန်ကန်ထွက်ကုန်ပါတယ်။

"တောက်၊ အပြုံးတစ်စင်းတော့ အလဟဿဖြစ်သွားရှာပြီ။ နှမြောလိုက်ပါဘိ"

မေပျိုကလည်း ကွယ်နေတဲ့သူ့ဆရာမကိုယ်လုံးကို ကျော်ပြီး တိုးတိုးကို လှမ်းကြည့်ပါတယ်။ တိုးတိုးက နောက်ကျန်နေတော့ မမြင်ရဘူး။ ဒါနဲ့ခြေလှမ်းကို တုံ့ဆိုင်းဆိုင်းပြီး ထပ်ကြည့်မလို့ ကြိုးစားတယ်။

"မေပျို ဘာဖြစ်လို့တုံး၊ နှေးတုံ့နှေးတုံ့နဲ့၊ လာလေ"

ဆရာမက လက်တုတ်တုတ်ကြီးနဲ့ စပယ်ယာဆွဲ လှမ်းဆွဲလိုက်တော့ မေပျိုခမျာ ဆရာမဘေး စွေ့ကနဲ ရောက်သွားပါတယ်။ သွားပါပြီ ဒီနေ့တော့ သူ့မျက်နှာလေး မြင်ရတော့မှာ မဟုတ်ပါဘူး။ သူတို့ခမျာလည်း လူတစ်ယောက်ခြားနေရုံနဲ့ မျက်လုံးချင်းတောင် မဆုံလိုက်ရတဲ့အဖြစ်။ ရှေးလူကြီးတွေ ပြောတဲ့ 'ကြားလေသွေးတယ် ဝေးတယ်ထင်' ဆိုတာ အစက ပိုတယ် ထင်တာ။ အခုတော့ လိုနေသေးတယ်တောင် ထင်မိတော့တယ်။ သူတို့နှစ်ယောက်ရဲ့ ရင်ထဲက စကားတွေတရားဝင်ဖြစ်သင့်ပြီထင်ပါရဲ့။ အခုတော့ လုံးဝသေချာသွားပါပြီ။ တိုးတိုးရဲ့နှလုံးသားဟာ မေပျိုဆိုတဲ့ ကောင်မလေးအတွက်ပါပဲ။ ဒါဆို မေပျိုရဲ့နှလုံးသားကရော။ အင်း တိုးတိုးအတွက်ပဲပေါ့။ တစ်လှမ်းချင်း လျှောက်သွားနေကြတဲ့ မေပျိုနဲ့ သူ့ဆရာမဝဝကြီးရဲ့ နောက်ကျောကိုကြည့်ရင်း တိုးတိုးက ရက်ရက်ရောရော မေတ္တာပို့လိုက်ပါတယ်။

"ဗြိတ္တာမကြီး၊ ဝမ်းလျှောပြီး ခုနှစ်ရက်လောက်အိပ်ယာက မထနိုင်ပါစေနဲ့ဗျာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးတစ်ယောက် စပရေးဘူးတစ်ဘူးနဲ့ နှင်းဆီနီတစ်ပွင့်ကို ဆေးမှုတ်နေပါတယ်။ ပန်းသွေးရောင်နှင်းဆီလည်း တိုးတိုးနဲ့တွေ့မှ metallic blue ပြောင်းသွားပါတယ်။ နှင်းဆီပြာက ရှာမရတော့ နှင်းဆီနီကို လွယ်လွယ်ပဲ ဆေးမှုတ်လိုက်တာပေါ့။ 'love is blue' လို့ ဆိုထားတယ် မဟုတ်လား။ ဒီနေ့တော့ တိုးတိုးက အပြာရောင်နှင်းဆီပွင့်နဲ့ မေပျို့ကို ချစ်ခွင့်ပန်မလို့ပါ။ တိုးတိုးက နှင်းဆီပန်းလေးကို အားရပါးရ နမ်းလိုက်ပါတယ်။

"ဟင်၊ ခါတ်ဆီနံ့လိုလို၊ ဆေးနံ့လိုလို"

ဟာ ဒုက္ခပါပဲ။ ညနေခြောက်နာရီကလည်း ထိုးတော့မယ်။ တိုးတိုးက သူ့ဆိုင်က ကောင်လေးတွေကို လှမ်းမေးလိုက်ပါတယ်။

"ဟေ့ကောင်တွေ၊ မင်းတို့ဆီမှာ ရေမွှေးတို့၊ Gel တို့ မပါဘူးလား"

"မပါဘူး Boss "

"ကျွတ်. . . မင်းတို့ တစ်ယောက်မှ အသုံးကိုမကျဘူး"

ဟာ ဟုတ်ပြီ။ ရေချိုးခန်းထဲမှာ After Shave ပုလင်းရှိတာပဲ။ တိုးတိုးလည်း ဆေးမှုတ်ထားတဲ့ နှင်းဆီပွင့်ထဲ၊ After Shave တွေ လောင်းချလိုက်ပါတယ်။ အနံ့က သံပုရာနံ့။ အော် သဘာဝနှင်းဆီပွင့်လည်း တိုးတိုးလက်ထဲရောက်မှ ဆေးမှုတ်ခံရပြီး သံပုရာနံ့ပါနံ့ရတဲ့ ဘဝ ပါလားနော်။ အဲဒီအချိန်မှာ မေပျိုလေးက ထုံးစံအတိုင်း သင်တန်းက ပြန်လာပါတယ်။ တိုးတိုးဆိုင်ရှေ့ရောက်လာပါပြီ။ ကိုယ်ကိုမတ်လိုက်ပါတယ်။ ခါးကို နွဲ့လိုက်တယ်။ မျက်လုံးကို ဘယ်ဘက်ထောင့်ပို့လိုက်ပြီး တိုးတိုးရဲ့ အရိပ်အယောင်ကို မသိမသာရှာဖွေပါတယ်။ ဒါကို တိုးတိုးက ဆိုင်နောက်ခန်းကအထွက် လှမ်းမြင်လိုက်ပါတယ်။ မေပျိုလေးမမြင်မိခင်မှာပဲ စက္ကူဂျပ်ပုံးခွံတွေနောက် ဝင်ပုန်းလိုက်ပါတယ်။ မေပျိုလေးက တိုးတိုးကို မမြင်မိတော့ ဆိုင်ထဲကို မျက်လုံးစွေကြည့်တယ်။ ခေါင်းလေး ငဲ့ကြည့်တယ်။ လည်ပင်းပါစောင်းကြည့်တယ်။

"ဟင် တွေ့လည်း မတွေ့ဘူး။ ဒီလူကြီး ဘယ်သွားနေလည်း



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ သူများက သူရှိမယ်ထင်ပြီး၊ အလှတွေပြင်လာလိုက်ရတာ၊ အခုတော့ အလကားဖြစ်ကုန်ပြီ"

မေပျိုလေးက စိတ်တိုသွားပြီး ဘောက်ဆတ်ဆတ်နဲ့ ဆိုင်ရှေ့က ထွက်သွားပါတော့တယ်။ အဲဒီတော့မှ တိုးတိုးလည်း ကွယ်နေရာကထွက်၊ ကျောပိုးအိတ်လေး လွယ်ပြီး နှင်းဆီပန်းလေးရင်ဘတ်အိတ်ထဲ ထည့်ပြီး မေပျိုနောက် လိုက်ရပါတယ်။ ဆိုင်ကိုတော့ တပည့်တစ်ယောက်ကို သိမ်းခိုင်းထားပါတယ်။ အင်း တစ်နေ့တစ်ရက်နဲ့တော့ စီးပွားမပျက်နိုင်လောက်ဘူး ထင်ပါရဲ့။ ဝမ်းရေးထက် လွမ်းရေးပိုခက်နေတာကို။

"အလကားဟာမလေး၊ မြောက်ကြွမြောက်ကြွနဲ့ အတင်းကိုလျှောက်နေတာပဲ၊ လေဒီရှူးနဲ့ဘယ်နားခြေခေါက်လဲဦးမလဲ မသိဘူး"

တိုးတိုးက မေပျိုလေးနဲ့ ခပ်ခွာခွာလိုက်ရင်း တွေးမိတာပါ။ ဒီဘလောက်က ဆိုင်ခန်းတွေ လူတွေ ရှုပ်သေးတယ်။ နောက်တစ်ဘလောက်ကျမှ လူတွေ ရှင်းမယ်။ အဲဒီတော့မှ မေပျိုလေး နားကပ်ပြီး ချစ်တဲ့အကြောင်းပြောရဦးမယ်။ ဒီကောင်မလေးက သူ့ကို ရည်းစားစကားလာပြောတဲ့ လူကိုတော့ လက်သီးနဲ့ မထိုးလောက်ဘူးထင်ပါရဲ့။ ပြောလို့တော့မရဘူး။ စိတ်နဲ့လက်က ခပ်မြန်မြန်ရယ်။ မေပျိုက ဘေးဘီကို လှည့်ကြည့်ပြီး ကားလမ်းဖြတ်ကူးသွားပါတယ်။ နောက်ကလိုက်လာတဲ့ တိုးတိုးက မါတ်တိုင်နဲ့ ကွယ်လိုက်ရသေးတယ်။

"ဒီကောင်မလေး ဂါဝန်ကလည်း ကြယ်သီးတွေ များလိုက်တာ"

တိုးတိုးက မေပျိုဂါဝန်က ကြယ်သီးတွေကို သတိထားမိသွားတယ်။ မေပျိုရဲ့ဝတ်စုံက evening dress လို အင်္ကျီနဲ့ ဂါဝန်ကို တစ်ဆက်တည်း ချုပ်ထားပြီး ကိုယ်လုံးအတိအကျ fit ဖြစ်အောင် ချုပ်ထားပါတယ်။ ခါးသား၊ ကျောသား ဖော်ထားတာမျိုး မဟုတ်ဘဲ လည်ပင်းအထိ ကျော့ဖြည့်ချုပ်ထားတာပါ။ လက်ပြတ်ဆိုတော့ လက်မောင်းသား တင်းတင်းကြီးတွေက ဝင်းလို့။ ဒီဝတ်စုံဝတ်လိုက်မှပဲ ဒီကောင်မလေး ကိုယ်လုံးကိုယ်ပေါက်အတော်လှမှန်း တိုးတိုးသိလိုက်ရပါတယ်။

"ဟယ် လက်လွတ်ခံလို့တော့ မဖြစ်တော့ဘူး၊ တော်ကြာ လွတ်တဲ့ငါးကြီးနေဦးမယ်"

တိုးတိုးက မေပျို့နောက်ပိုင်းအလှကို ရှုစားရင်း အလကားနေ အလကားဆိုပြီး မေပျို့အင်္ကျီက ကြယ်သီးလေးတွေ ရေကြည့်ပါတယ်။





လည်ပင်းကနေ ခြေသလုံးသား တစ်ဝက်အထိ ၂၅လုံးတိတိ။ ဘိုးဘိုးတို့ ဘဘတို့ ခေတ်တုံးက ကာတွန်းဆရာတွေက အင်္ကျီပါးတွေ၊ လည်ဟိုက်တွေ ဝတ်တဲ့အမျိုးသမီးဖက်ရှင်တွေကို 'ကိုကိုမကြည့်ဝံ့' တို့၊ 'မောင်မောင့်သဘောရှိ' ဆိုပြီး နာမည်တွေပေးပြီး သရော်ခဲ့ဘူးပါတယ်။ သူတို့ ခေတ်က မကြည့်ဝံ့ပေမယ့် ဒီခေတ်ဒီအခါမှာ ဒီလောက်ကတော့ မျက်စိအေးနားအေးရုံပဲ ရှိပါသေးတယ်။ အခုမေပျိုလေးရဲ့ အင်္ကျီကို ဒီခေတ်အမြင်နဲ့ နာမည်ပေးရမယ်ဆိုရင်တော့ 'ကိုကိုစိတ်မရှည်' လို့ ပေးရမယ်ထင်ရဲ့။ ကြယ်သီးက ၂၅လုံးတောင်မှဆိုတော့ ဘယ်ယောကျ်ားလေးက စိတ်ရှည်မှာလည်းနော်။ ကောင်မလေးက သွားရင်းလာရင်း တံ့ကနဲ ရပ်သွားတယ်။ နောက်ကလိုက်လာတဲ့ တိုးတိုးလည်း ကမန်းကတန်း သစ်ပင်နဲ့ ကွယ်လိုက်ရပါတယ်။ ဒီကောင်မလေးဘာလို့ ရပ်လိုက်တာပါလိမ့်။ တိုးတိုးလိုက်လာတာများသိသွားလို့လား။ လတ်စသတ်တော့ မေပျိုက သတိပေးဆိုင်းဘုတ်ကို လှမ်းဖတ်နေတာကိုး။ ဘာတွေများ ရေးထားပါလိမ့်။

## သတိ

### မြေအောက်လျှပ်စစ်လိုင်းပြုပြင်ရန် မြောင်းတူးနေသည်။

အော် ဟော်၊ ရှေ့မှာ မြောင်းခံနေလို့ ရပ်သွားတာကိုး။ ဟုတ်ပါရဲ့ မြောင်းတူးတဲ့လူတွေကလည်း မြောင်းကူး သစ်သားဘောင်လေးတောင် ချမပေးထားဘူး။ မေပျိုက မြောင်းရှေ့တွေတွေကြီးရပ်လို့။

"ကျွတ် ဒုက္ခပါပဲ။ ဒီမြောင်းက ဘယ်အချိန်က တူးလိုက်မှန်း မသိဘူး။ ဒီနေ့မှ pencil heel ဝတ်လာမိတယ်၊ ဒုသတော့မှာပဲ"

ကောင်မလေးက ညည်းညည်းညူညူနဲ့ ဘေးဘီဝဲယာ ရှေ့နောက် လှည့်ကြည့်ပါတယ်။ တိုးတိုးက သူ့ကိုယ်ကို လုံအောင် ကွယ်ထားလိုက်ပါတယ်။ ကဲ မေပျိုလေးရေ၊ ရှေ့မှာမြောင်း၊ နောက်မှာက တိုးတိုး၊ ရှေ့ဆက်တိုးမလား၊ နောက်ပြန်ဆုတ်မလား။ နောက်ပြန်လှည့်လာမယ်ဆိုရင်တော့ ညောင်ညိုပင်အောက်မှာ နှင်းဆီတစ်ပွင့်နဲ့ စောင့်နေတဲ့ တိုးတိုးရဲ့ ရင်ခုန်သံတွေနဲ့ ဝင်တိုးမိတော့မှာ။

ဒါပေမယ့် ကောင်မလေးက မိုက်မိုက်ကန်းကန်း မြောင်းကို ခုန်ကျော်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အော် 'မြင်းမိုရ်တစ်တောင်လုံးတောင်



www.burmeseclassic.com

www.burmeseclassic.com



တုံးမှတ်လို့ခုန်' ခဲ့ဖူးတဲ့သူတွေ ရှိဖူးတာပဲ။ မြောင်းကျော်တာလောက် တော့ စာမဖွဲ့လောက်ဖူး ထင်ပါရဲ့။ ကောင်မလေးက လေဒီရှူးကို ချွတ်ပြီး လက်က ကိုင်လိုက်တယ်။ ဂါဝန်ကို အသာပင့်လိုက်ပြီး မြောင်းကို ခုန်ကျော်ဖို့ လုပ်ပါတယ်။ ဒါပေမယ့် မြောင်းတူးတဲ့လူတွေက စေတနာပိုပို အားရပါးရတူးထားတော့ မြောင်းက အတော်လေး ကျယ်နေပါတယ်။ စကတ်ကလည်း တုတ်နေတော့ ခြေထောက်ကိုလည်း လွတ်လွတ်လပ်လပ် မြှောက်လို့မရ။ ဟယ်မတတ်နိုင်တော့ဘူး။ မေပျိုက ရှေ့နောက်ကို တစ်ချက်ကြည့်ပြီး စကတ်အောက်ဆုံးက ကြယ်သီးတစ်လုံးကို ဖြုတ်လိုက်ပါတယ်။

"ဘုရား ဘုရား၊ ဒီကောင်မလေး ဘာလုပ်တာပါလိမ့်"

ချောင်းကြည့်နေတဲ့ တိုးတိုးလည်း ကုန်းကုန်းကွကွနဲ့ ကြယ်သီးဖြုတ်နေတဲ့ မေပျိုကိုကြည့်ရင်း မျက်လုံးလေးပြူးသွားပါတယ်။ မေပျိုက ခြေထောက်ကို ကျယ်ကျယ်လှမ်းကြည့်တယ်။ မရသေးဘူး။ တုတ်နေတုံးပဲ။ မေပျိုက နောက်ထပ်ကြယ်သီးတစ်လုံး ထပ်ဖြုတ်ရပြန်တယ်။ ကြယ်သီးဖြုတ်ရင်း ဒီအကျႌဒီဇိုင်နာကို ကျိန်ဆဲပါတယ်။

"အလကား ဒီဇိုင်နာ၊ တစ်စက်မှ အသုံးကို မကျဘူး"

အင်း ဒီဇိုင်နာကလည်း မော်ဒယ်တွေ catwalk လျှောက်ရုံလောက်ပဲ စဉ်းစားမိမှာ။ ဒီလိုမြောင်းကျော်ရမယ့်ကိစ္စ ထည့်စဉ်းစားမိမှာမဟုတ်ဘူး။ မြန်မာပြည်မှာ ဖက်ရှင်ဒီဇိုင်နာလုပ်မယ်ဆိုရင်တော့ ဒီလို special case တွေပါ ထည့်တွက်ဖို့လိုပါတယ်။ အခြေအနေမှန် အရပ်ရပ်ကို သဘောပေါက်သွားတဲ့ တိုးတိုးလည်း စပ်ဖြဲဖြဲ ဖြစ်သွားပါတယ်။

"အင်း ဒီကောင်မလေး နောက်ထပ်ကြယ်သီးတစ်လုံး မဖြုတ်ခင် climax မှ ဖြစ်တော့မှာပါလား။ တော်တော်ကြာ ကြယ်သီးသာကုန်၊ မေပျို မြောင်းကျော်မရ" ဆိုတဲ့ စကားပုံပေါ်လာလို့ နောင်လာနောက်သားတွေ ကျက်မှတ်နေရဦးမယ်"

တိုးတိုးက သိကြားမင်းလေသံမျိုးနဲ့ ရေရွတ်ရင်း၊ မေပျိုအနားရောက်သွားပါတယ်။ တတိယမြောက်ကြယ်သီးကို လက်လှမ်းနေတဲ့ မေပျိုခမျာ ပြုံးစားကြီးတိုးတိုးကို တွေ့လိုက်ရတော့ ကုန်းကုန်းကွကွ အိုးတိုးအမ်းတမ်းနဲ့။

"သေသာသေလိုက်ချင်တော့တာပဲ။ အရှက်တွေတော့ ကွဲကုန်ပါပြီ။





ဒီတိုးတိုးဆိုတဲ့လူ ဘယ်အချိန်ကတည်းက လာကြည့်နေတာလည်း မသိဘူး။ ရှက်လိုက်တာနော်"

တိုးတိုးက ယောကျ်ားဘသား မြောင်းကို လွှားကနဲ ကျော်သွားတယ်။ ပြီးတော့ ကုန်းကုန်းကွကွနဲ့ ရှက်သွေးဖြာနေတဲ့ မေပျိုကို ပြုံးပြုံးကြီး ကြည့်ပါတယ်။

"အင်း ဒီလို ကုန်းကုန်းကွကွနဲ့ ရှက်သွေးဖြာနေတဲ့ပုံကို ပန်းပုထုထားလိုက်ရရင်တော့ ကမ္ဘာကျော်တော့မှာပဲ။ ပြီးရင် ရိုဒင်ရဲ့ thinker ဆိုတဲ့ ရေရေလည်လည်တွေးနေတဲ့ ရုပ်တုနား ကပ်ပြီး ထားလိုက်ရမယ်။ အဲဒီ thinker ကြီး ဆက်ပြီး တွေးနိုင်ဦးမလား ကြည့်ရအောင်"

တိုးတိုးက သူ့ရဲ့ညာလက်ကို မေပျို့ကို ကမ်းပေးလိုက်ပါတယ်။ မေပျိုက ယောင်နနနဲ့ သူ့လက်ထဲကိုင်ထားတဲ့ လေဒီရှူးကို ကမ်းပေးလိုက်တယ်။

"ဟာ ဒါကြီး ဘာလုပ်ရမှာတုံး။ ဒီက ရှူးလိုချင်တာမဟုတ်ဘူး၊ လေဒီပဲ လိုချင်တာ"

တိုးတိုးက ယောင်ပြီးယူထားလိုက်တဲ့ လေဒီရှူးကို မြေကြီးပေါ် ပစ်ချလိုက်ပါတယ်။ မေပျို့ဆီက စွာကျယ်ကျယ် အသံထွက်လာတယ်။

"ဟာ ဘာလို့ အရမ်းပစ်ချတာတုံး၊ ဒါဘယ်လောက်တန်လဲ သိရဲ့လား"

"လူလောက် ဘယ်ဟာမှ အဖိုးမတန်ဘူး၊ ကဲ လာ"

တိုးတိုးက ဒုတိယမ္ပိ လက်ကမ်းပေးလိုက်တယ်။ ဒီတစ်ခါတော့ ကောင်မလေးက တိုးတိုးကမ်းတဲ့ လက်ကို ဖမ်းကိုင်ပြီး မြောင်းကို ခုန်ကျော်လိုက်ပါတယ်။ အရှိန်နဲ့ကျော်လာတဲ့ မေပျိုတစ်ယောက် တိုးတိုးရဲ့ ရင်ခွင်ထဲတန်းရောက်သွားပါတယ်။ တိုးတိုးက အလိုက်သင့် ဆီးဖက်လိုက်တယ်ဆိုရင်ပဲ

"အား" "အမယ်လေး"

အော်သံက နှစ်ယောက်စလုံးဆီကပါ။ ဟာ ဘာတွေများ ဖြစ်ကုန်ကြပါလိမ့်။

"အမယ်လေး၊ စူးတယ်၊ ဘာနဲ့စူးမိတာလဲ မသိဘူး"

မေပျိုရဲ့အသံက ရှုံ့မဲ့ရှုံ့မဲ့နဲ့ထွက်လာပါတယ်။ နှစ်ယောက်စလုံးရဲ့ ရင်ကို စူးကနဲဖြစ်စေတဲ့ လက်သည်ကို ဆွဲထုတ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပွင့်ရယ်ပါ။ ဆူးတွေ မခြွေမိတော့ တိုးတိုးနဲ့ ရင်ဘတ်ထဲ ထည့်ထားတဲ့ နှင်းဆီပွင့်ကို အရှိန်နဲ့ကျလာတဲ့ မေပျိုက ဖိမိပြီး နှစ်ယောက်စလုံး နှင်းဆီဆူးစူးမိကြတာပါ။

"အား ကျွတ် ကျွတ်၊ ရှင်က အဲဒီပန်းကို ဘာကိစ္စရင်ဘတ်ထဲ ထည့်ထားရတာတုံး။ ကျွတ် သွေးတွေ ထွက်ကုန်ပြီလား မသိဘူး"

"ဒီနှင်းဆီပွင့်လေးက မေပျိုကို လက်ဆောင်ပေးမလို့။ ပြီးတော့ မေပျို့ကို ချစ်စကားလည်း ပြောမလို့။ အတော်နာသွားလားဟင်။ မှန်းဒဏ်ရာ ကြည့်ရအောင်"

ရင်ဘတ်စူးမိတာပါဆိုမှ ဒဏ်ရာကြည့်ရအောင် လုပ်နေသေး။ အတော့်ကို 'အ'သေးတယ်။ မေပျိုက မျက်စောင်းနာနာ ထိုးထည့်လိုက်ပြီး-

"ရှင်က မိန်းကလေးကိုပေးမယ့် နှင်းဆီပန်းကို ဆူးလေးဘာလေး ခြွေရမယ်ဆိုတာတောင် နားမလည်ဘူးလား"

"ဘယ်မိန်းကလေးကိုမှ ပန်းမပေးဖူးတာ၊ ဘယ်သိပါ့မလဲ။ တော်ပါသေးရဲ့ ပွင့်ချပ်တွေ မကြွေကုန်လို့"

"ဟင် ပန်းအရောင်က ပြာတာတာ လှတဲ့တဲ့နဲ့"

"ဟုတ်တယ်၊ metallic rose လေ။ ကမ္ဘာပေါ်မှာ တစ်ပွင့်တည်းပွင့်တာ။ မေပျိုလေးအတွက် တိုးတိုးရင်ထဲမှာ ပွင့်တာ။ လက်ခံလိုက်ပါ မေပျိုလေးရယ်"

"ဟင် ကိုပိုကြီး"

မေပျိုလေးက နှာခေါင်းလေးရှုံ့ပြပြီး နှင်းဆီပန်းကို လှမ်းယူပြီး အားရပါးရ နမ်းလိုက်ပါတယ်။ နမ်းပြီးတာနဲ့ နှာခေါင်းက ရှုံ့ပွရှုံ့ပွဖြစ်သွားပါတယ်။

"ဟတ်၊ ဟတ်၊ ဟတ်ချိုး။ ဟာ ဘာနံ့ကြီးလဲ မသိဘူး။ ဟတ် ဟတ်ချိုး"

တိုးတိုးက ကမန်းကတန်း နှင်းဆီတစ်ပွင့်ကို နမ်းကြည့်လိုက်တယ်။ စပရေးနဲ့ မှုတ်ထားတာရော၊ after shave တွေ ဖြန်းထားတာရောကြောင့် ပန်းနံ့မထွက်ဘဲ ဓါတ်ဆီနံ့လိုလို၊ ဆေးနံ့လိုလို အမွှေးနံ့နဲ့ရောပြီး ဘာနံ့မှန်းမသိတာကြီး ထွက်လာပါတယ်။ တိုးတိုးက နှင်းဆီပန်းကို လွှတ်ချလိုက်ပြီး တစ်ဟပ်တည်းချိုးပြီး တချေတည်း ချေနေတဲ့ ကောင်မလေးကို တစ်ရှူးထုတ်ပေးလိုက်ရတယ်။ မေပျိုက တစ်ရှူးကိုယူ နှပ်ချေးညှစ်ရင်း-





"ရှင်လုပ်လိုက်ရင် တစ်လွဲကြီးပဲ၊ ကဲ ဖယ်ပါ"

ဟုတ်ပါရဲ့။ မြောင်းခုန်ကူးကတည်းက တိုးတိုးက မေပျို့ကို ဖက်ထားမိတာ မလွှတ်ရသေးဘူး။ ကြားထဲကိစ္စဝိစ္စတွေ ပေါ်နေတာနဲ့ မလွှတ်ဘဲထားမိတာ တီဗီထဲကြော်ငြာတစ်ခါဝင်စာလောက်တောင် ကြာသွားပြီထင်ရဲ့။ အင်း. . . အမေ့ကောင်းပဲ။ တိုးတိုးက မလွှတ်ဘဲ တိုးဖက်လိုက်ရင်း-

"မလွှတ်တော့ဘူး မေပျိုလေးရယ်။ တို့ မေပျိုလေးကို တကယ်ချစ်မိနေပြီ။ ဒါတို့ရင်ထဲက စကားပါ။ ဘာပယောဂမှ မပါတဲ့ နှလုံးသားစေ့ဆော်မှုသက်သက်နဲ့ ပြောတဲ့စကားပါ မေပျိုရယ်။ မေပျို့ကို တို့သိပ်ချစ်တယ်"

မေပျိုလေးခမျာ မျက်ရည်တွေ ဝိုင်းလာပါတယ်။ ရည်းစားစကားပြောခံရတာများ မျက်ရည်ဝိုင်းစရာလား မေပျိုလေးရယ်။ ဒါဝမ်းသာလို့လား၊ ဝမ်းနည်းလို့လား။ မျက်ရည်တွေ ဝိုင်းရာက မျက်လုံးတွေပါ နီလာတယ်။ နှာရည်တွေပါ ကျလာပြီး-

"ဟတ်ချိုး၊ ဟတ်ချိုး၊ တစ်ရှူးတစ်ရှူး ပေးပါဦး။ ငယ်ငယ်ကတည်းက ဓါတ်ဆီနံ့နဲ့ ဓါတ်မတည့်ဘူး"

ကျွတ် ဒုက္ခပါပဲ။ ရည်းစားစကားပြောတာမှုပဲ Allergic ထနေရသေးတယ်။ တိုးတိုးက စိတ်ပျက်လက်ပျက်နဲ့ တစ်ရှူးတစ်ထုပ်လုံးထုပ်လိုက်ပြီး မျက်ရည်တွေ နှာရည်တွေကို ကိုယ်တိုင်သုတ်ပေးရပါတော့တယ်။

"နေသာသွားပြီလား၊ ဆေးခန်းသွားရမှာလား။ ခုနက ကိုယ်ပြောတာကို မေပျိုယုံတယ် မဟုတ်လားဟင်။ ကိုယ်တကယ့်ကို လေးလေးနက်နက်နဲ့ ချစ်ခွင့်ပန်တာပါ မေပျိုရယ်။ တို့ကို အဖြေပြန်ပေးပါနော်"

အော်ဒီလူနှယ် အလိုက်မသိတတ်တာများ။ ရောဂါထနေတဲ့လူဆီက အဖြေရအောင် တောင်းနေရသေးတယ်။ မနက်ဖြန်သဘက်သေရွာသွားမယ့်လူကျနေတာပဲ။

"ရှီး. . ."

မြွေတွန်တာ မဟုတ်ပါဘူး။

နှပ်ချေးညှစ်သံပါ။ တိုးတိုးက တစ်ရှူးတစ်ရွက် အသင့်ထုတ်ထားလိုက်ပါတယ်။ မေပျိုက မျက်ရည်တွေ လက်ခုံနဲ့သုတ်ရင်း-



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာတုံး။ ရှိး . . ။ အခုချက်ချင်း ချစ်စကားပြော ချက်ချင်းအဖြေတောင်းနဲ့။ မိန်းကလေးဆိုတော့ စဉ်းစားရဦးမှာပေါ့လို့ ရှိး၊ နောက်တစ်ရှူးတစ်ရှက်ပေးဦး။ ဟုတ်ချိုး"

အော် မိန်းကလေးတွေများ ရင်ခွင်ထဲရောက်နေတာတောင် မူလို ကောင်းတုံး။ ဒါမျိုးမှ အဖြေရအောင် မတောင်းနိုင်ရင် 'အ အ နင့်ပြဖ ရှိဦးမလား တိုးတိုးရယ်။ တိုးတိုးက မေပျိုလေးကို တင်းနေအောင ဖက်လိုက်ရင်း-

"ကိုယ်အကြာကြီး မစောင့်နိုင်ဘူး မေပျိုရယ်"

"အို မရဘူး။ သုံးနှစ်စောင့် မစောင့်နိုင်ရင် ဆောရီးပဲ"

ကောင်မလေးက နှုပ်ခမ်းတစ်ရှိုးရှိုးနဲ့ အတော့်ကို မာနေပါတယ သုံးနှစ်တိတိ စောင့်ခိုင်းရအောင် သူကိုယ်သူ ကုန်းဘောင်ခေတ မွေးတယ်များ အောင့်မေ့နေသလား မသိဘူး။ အခုအချိန်ကာလ သုံးနှစ်ဆိုတာ အင်္ဂလိပ်တောင် up and down သွားလို့ရတယ်။ တိုးတိုးက လေသံခပ်တင်းတင်းနဲ့။

"ဘာ သုံးနှစ်ဟုတ်လား။ မရဘူး။ သုံးမိနစ်ပဲ စောင့်မယ်"

တိုးတိုးက စပါးကြီးမြွေ သားကောင်ညှစ်သလို တိုးဖက်လိုက်ပ တယ်။

"ဟာ လူဆိုး၊ ဘယ်လိုမှန်းလဲ မသိဘူး။ လူများသားသမီး ဖက်ထာ တာ လွှတ်ဦး"

"မလွှတ်ဘူး၊ ချစ်တယ်ပြောမှ လွှတ်မယ်"

"ကဲ ဒါဆိုလဲ ချစ်တယ်၊ ချစ်တယ်၊ ကဲ လွှတ်တော့ ဟုတ်ချိုး"

တိုးတိုးက သူ့စကားနဲ့သူ ဟပ်ကော့ကြီး ဖြစ်သွားရပါတယ်။

"ဟာ ဒီလောက်ကြီးလည်း မြန်ဖို့ မလိုဘူးလေ။ ဒီမှာ ဖက်လ တောင် မဝသေးဘူး"

"သွား လူလည်ကြီး"

မေပျိုက တိုးတိုးကို အားကုန်တွန်းပြီး ပြေးထွက်သွားပါတယ ယိုင်ကျန်ခဲ့တဲ့ တိုးတိုးက ပြုံးစိစိနဲ့ နောက်က လှမ်းအော်ပါတယ်။

"ဟောဒီမှာဗျို့။ အရူးမလေးတစ်ယောက် ဖိနပ်မပါဘဲ လျှော ပြေးနေတယ်ဗျို့"

ဟုတ်ပါရဲ့၊ မေပျိုက တိုးတိုးဘက်လှည့် ခြေဖျားလေးထောက်ပြ





ခိုတရှိ့ဟန်လေးနဲ့ လက်ဖြန့်လိုက်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီအချိန်မှပဲ နီယွန်မီးတွေက ဖျတ်ကနဲ လင်းလာပါတယ်။ အိုး နီယွန် အောက်က ယမင်းရုပ်လေးပါလား။ ဒီကကောင်တော့ ဒါနဲ့သေတော့မယ် ထင်ရဲ့။

"ဘယ်လောက်တောင် ချစ်စရာကောင်းတဲ့ မိန်းကလေးပါလိမ့်၊ ဒါ ဟောဒီကောင်ရဲ့ချစ်သူ၊ တိုးတိုးရဲ့ ချစ်သူပေါ့"

တိုးတိုးက တစ်လောကလုံးကြားအောင် အော်ပစ်လိုက်ချင်စိတ် ပေါက်သွားပါတယ်။ မျက်လုံးဝိုင်းကြီးက မျက်ရည်စတွေနဲ့စိုလို့။ နှာသီးလေးက ရှုံ့ပွရှုံ့ပွနဲ့။ နှုတ်ခမ်းလေးက ပြုံးလဲ့ချိုရီလို့။ ဒီအမူအယာ မျိုးနဲ့ များ 'ကိုတိုးတိုး၊ ရှင်အခုချက်ချင်း ငရဲကိုသွားစမ်း' လို့ ပြောခဲ့ရင် တိုးတိုးတို့က နှောင်တမရဘဲ ရဲရဲဝံ့ဝံ့ကြီး 'ကိုယ့်ဘာသာကိုယ်သွားပါလား" လို့ ပြန်ပြောရဲပါတယ်။ ဟုတ်တယ် ကိုယ်မှ မသွားရဲတာ။ တိုးတိုးက သူ့ကို လက်ကမ်းနေတဲ့ မေပျိုလေးကို 'ခဏ' ဆိုပြီး လက်ပြခဲ့ တယ်။ ပြီးတော့ မြောင်းတစ်ဖက်ကို ခုန်ကူးသွားရပြန်တယ်။ ကျောပိုး အိတ်ထဲက စပရေးဘူးကို ထုတ်လိုက်ပြီး စောစောက 'မြေအောက်လျှပ်စစ် လိုင်း ပြုပြင်ရန် မြောင်းတူးနေသည်'ဆိုတဲ့ စာသားအောက်မှာ စာဘစ် ကြောင်း ထပ်ရေးခဲ့ပါတယ်။

"Thank you လျှပ်စစ်ဌာနရေ"

အင်္ဂလိပ်တစ်သက်မှာ ဒီတစ်ခေါက်ပဲ ကျေးဇူးတင်ဖူးသေးတယ် ဟင်း။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူနိုင်ဘူးကွ၊ လုံးဝကို သဘောမတူနိုင်ဘူး"

ပုတီးကို လက်မှာကိုင်ထားပြီး ခေါက်တုံ့ခေါက်ပြန်လျှောက်နေတဲ့ ငွေကိုက သူ့ရှေ့ထိုင်နေတဲ့ လေချိုကို ပြောလိုက်တာပါ။

"ဘယ်လိုဖြစ်ရပြန်တာလဲ ကိုလတ်ရာ။ သဘောတူတုံးကလည်း ကိုလတ်အပြင်နှစ်ယောက်မရှိဘူး။ ပြီးတော့ ဒီတိုးတိုးဆိုတဲ့ကောင်ကို ကိုလတ်ပဲ ကျွန်တော်တို့ထဲ ဆွဲသွင်းလာတာ။ အခုသူတို့ဘာသာ သူတို့ အဆင်ပြေသွားကြပြီပဲ။ ဘာလို့ သဘောမတူရတော့တာလဲ"

"အေး အရင်က သဘောတူပေမယ့် အခုသဘောမတူဘူး။ မင်းပဲ စဉ်းစားကြည့်စမ်း။ အဲဒီတိုးတိုးဆိုတဲ့ကောင်က တခြားမိန်းကလေးနဲ့ အဆင်မပြေတော့မှ မေပျိုဖက်လှည့်လာတာ နေမှာပေါ့။ ငါတို့က ဖြစ်စေချင်လွန်းလို့ ကိုယ့်ညီမကို ဈေးပေါင်ကျိုးနဲ့ ချပေးတာတောင် ဒင်းက 'ဟင်' ကနဲ တွက်သွားပြီးမှ ပြန်လှည့်လာတာကို ငါက ကြွပါလာပါ ဖိတ်ခေါ်ရဦးမှာလား။ ပြန်စဉ်းစားကြည့်ရင် အသည်းတောင် နာဖို့ ကောင်းတယ်။ မေပျိုလေးကို ငြင်းတာများ တုတ်ကွေးဖြစ်နေတဲ့ ကြက်နာကို ချက်ကျွေးတာကျနေတာပဲ။ ငါတို့မှာသာ သိက္ခာတွေကျ၊ အရှက်တွေကွဲ၊ ဒီကိစ္စတွေ ငါအသုံးမကျလို့ ဒီလိုဖြစ်သွားတာတော့ မှန်ပါတယ်။ ငါတို့ဘက်က မှားတယ်လွန်တယ်ဆိုပေမယ့် မှားတဲ့လူမှာလည်း မာနလေးတော့ ရှိပါသေးတယ်ကွာ"

"ဒီလိုမျိုးလည်း တစ်ယူမသန်ပါနဲ့ ကိုလတ်ရာ။ ဘာပဲပြောပြော တိုးတိုးက လူကောင်းပါ။ နွားမောင်းကျွဲမောင်းသလို မောင်းသွင်းတာတော့ ဘယ်ယောကျ်ားလေးက ခံချင်မှာတုံး။ အခုဟာက အဆိုးထဲက အကောင်း။ တိုးတိုးက မေပျိုလေးကို တကယ်ချစ်သွားတာ"

ငွေကိုက စိတ်ပုတီးကို လည်ပင်းချိတ်လိုက်ပြီး သူ့ညီကို ခပ်ထေ့ထေ့ ကြည့်လိုက်ပြီး-

"ဟိုး ဟိုး ဟိုး၊ လေချို လေချို၊ မင်းလေသံက အသင်းပြောင်းသွားတဲ့ ဘောလုံးသမား လေသံပါလားကွာ။ ငါအပြတ်ပြောလိုက်မယ်။ ငွေကိုဆိုတဲ့ ကောင်က လူမပြောနဲ့၊ ငါရောင်းမယ့် ကားကိုတောင် အိုင်တင်



www.burmeseclassic.com

www.burmeseclassic.com



တင်လုပ်ပြီး ဈေးဖြတ်၊ တစ်ခြားမှာ သွားပြီး အဆင်မပြေမှ ပြန်လာတဲ့ ကောင်မျိုးကို ဘယ်တော့မှ မရောင်းဘူးကွ မှတ်ထား။ အေး ဒီတစ်ခါ တော့ ငါ့ညီမအတွက် ငါမာနထားတယ်။ ဒါပဲ။ သူ့ဘာသာ သူအဆင် ပြေချင်ပြေ၊ မပြေချင်နေ။ ငါကတော့ လုံးဝသဘောမတူဘူး"

"ကိုလတ်၊ အဲဒီအပေါ်က်မျိုး ချိုးနေလို့ကတော့ ပုတီးစိတ်လက်ပွန်း ရုံ၊ အဓိဋ္ဌာန်လုပ်ဒူးပွန်းရုံပဲရှိမယ်။ ကားအရောင်းအဝယ်တော့ ဖြစ်မှာ မဟုတ်ဘူး။ နောက်ပြီး အခုကိစ္စက ကားရောင်းကားဝယ်လုပ်နေတာ မဟုတ်ဘူး။ မော်တော်ကားဆိုတာ အင်ဂျင်ပဲပါတယ်။ နှလုံးသား မပါဘူး။ ကိုလတ်ကားသော့ထည့်ပေးလိုက်တဲ့လူနောက်ကို ပါသွားရမှာ။ မေပျိုလေး မှာက ခံစားတတ်တဲ့ နှလုံးသားနဲ့။ နှလုံးသားဆိုတာ သော့လှည့်ရုံနဲ့ ဝိုးဒေါက်ဆိုပြီး နိုးတတ်တဲ့ အမျိုးမဟုတ်ဘူး။ အဲ အချိန်တန်လို့ သူ့အလိုလို နိုးလာပြီဆိုရင်လည်း ဘယ်သူမှ တားလို့မရဘူး။ ကိုလတ်လည်း တားမရ ဘူး။ ကျွန်တော်လည်း တားမရဘူး။ မေပျိုလေးကိုယ်တိုင်တောင် တားလို့ မရဘူး။ အခုသူတို့နှစ်ယောက်ရဲ့နှလုံးသားတွေ နိုးထနေကြပြီ ကိုလတ်"

"အို ဘာပဲဖြစ်ဖြစ်၊ ငါက နိုးဆိုရင် ဂိုးပဲပေ့ကောင်၊ မင်းသာ နှလုံးသားသုတေသန လုပ်ကျန်ခဲ့။ ငါကတော့ ဘုရားသွားပြီး အဓိဋ္ဌာန် ပုတီးစိပ်ရဦးမယ်။ ငါသွားခါနီး စိတ်အနှောင့်အယှက် မပေးစမ်းနဲ့ကွာ။ ငါနောက်ဆုံးစကားပြောလိုက်မယ်။ သဘောမတူဘူး၊ လုံးဝသဘောမတူ ဘူး။ ဒါပဲ"

ငွေကိုက ပြောပြောဆိုဆို အိမ်ပေါက်ဝဆီ လှည့်ထွက်သွားတယ်။ အိမ်ပေါက်ဝမှာ ရပ်နေတာက မေပျို။ သူ့မျက်နှာက ပြိုကျတော့မယ့် မိုးတိမ်ညိုအတိုင်း အုံ့မှိုင်းရီမှောင်လို့။ ဒီကောင်မလေး ဘယ်အချိန် ကတည်းက ရောက်နေတာပါလိမ့်။ ကြည့်ရတာ ငွေကိုတို့ ပြောစကားကို အစအဆုံးကြားသွားပုံပါပဲ။ ငွေကိုနဲ့ မေပျိုမျက်လုံးချင်းဆုံကြည့်ပါတယ်။ မေပျိုက မျက်လွှာချလိုက်တယ်။ မျက်တောင်ဖျားဆီက မျက်ရည်တစ် ပေါက်လိမ့်ကနဲ ဆင်းသွားပါတယ်။ ငွေကို့ရင်ထဲနင့်ကနဲ တစ်ချက်ဖြစ် သွားပါတယ်။ အော်သူ့ညီမလေး သူ့ကြောင့် ထပ်ပြီးတော့ နှလုံးသား ပန်းရှာနွမ်းရှာဦးတော့မယ် ထင်ရဲ့။ ငွေကိုက မျက်နှာလွှဲလို့ အိမ်အပြင် ဘက် လှမ်းထွက်သွားပါတယ်။ ငိုတော့မလို ဖြစ်နေတဲ့ မေပျိုနား လေချိုက ရောက်သွားပါတယ်။





"မေပျို ညီမလေး"

မေပျိုဆီက ဘာသံမှ ထွက်မလာပါဘူး။ လေချိုက မေပျိုပုခုံးတို့ ခပ်တင်းတင်း ဆုတ်လိုက်ရင်း

"မေပျို နင်ဘာမှ စိတ်မကောင်းမဖြစ်နဲ့။ နင့်ဘက်မှာ ငါတစ် ယောက်လုံးရှိတယ်။ မငိုနဲ့သိလား။ ငါပြေလည်အောင် လုပ်ပေးမယ်။ ကဲ ငါ့ညီမလေး ပြုံးပြီးသာ နေပေတော့ သိလား"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်နှစ်ချက်ထိုး နေရောင်ခြည်ဟာ ဘုရားရင်ပြင်တော်ပေါ်မှာဖိတ်ဖိတ်တောက်နေပါတယ်။ ဟူး ပူလိုက်တဲ့ နေ။ ဒါတောင် နေက မျက်လုံးတစ်ဖက်ကန်းနေလို့တဲ့။ နေငရမန်ကန်းကြီးပေါ့။ ဒဏ္ဍာရီတစ်ခုရှိပါတယ်။ အရင်တုံးက နေလုံးကြီးက မျက်လုံးနှစ်လုံးနဲ့တဲ့။ နေ့ဖက်မှာ ညာဖက်မျက်လုံးဖွင့်ပြီး ဘယ်ဘက်မျက်လုံးပိတ်ထားသတဲ့။ ညဖက်မှာတော့ ဘယ်ဘက်မျက်လုံးဖွင့်ထားပြီး ညာဘက်မျက်လုံး ပိတ်ထားသတဲ့။ အဲဒီတော့ နေ့နေ့ညည နေထွက်နေတော့တာပေါ့။ ကြာလာတော့ ကမ္ဘာသူကမ္ဘာသားတွေ နေမင်းကြီးကို တောင်းပန်ကြရတော့တယ်။ 'နေမင်းကြီး ညဘက်လေးတော့ မျက်လုံးစုံမှိတ်ပေးထားပါပေါ့'။ နေမင်းကြီးက ပိတ်မပေးတဲ့အပြင် အရွဲ့တိုက်ပြီး မျက်လုံးနှစ်လုံးစုံဖွင့်ပြီး ကမ္ဘာမြေကြီးနားတောင် တိုးလာသတဲ့။ 'ငါ့ဘာသာငါတိုးတာ ဘာဖြစ်လဲ ဘာဖြစ်လဲပေါ့'။ ကမ္ဘာမြေကြီးတစ်ခုလုံး ပူပြင်းလိုက်တာများ ဖိုက ထုတ်လာတဲ့ နံပြားလို ဖုထစ်ကျွတ်ရှုကုန်တယ်ဆိုပဲ။

အဲဒီကမ္ဘာကြီးပေါ်မှာ လူဆိုတဲ့သတ္တဝါတစ်မျိုးရှိသတဲ့။ အဲဒီလူဆိုတဲ့ သတ္တဝါက အင်မတန်ဉာဏ်လည်းများတယ်။ ဒီလိုနေမင်းကြီးသာ ရှေ့တိုးလာရင် သတ္တဝါတွေ အကုန်လုံး ဆာတေးဖြစ်ကုန်တော့မှာပဲ၊ သတ္တဝါတွေအေးချမ်းအောင် ငါကြံမှပဲဆိုပြီး ကိုင်းညွတ်နေတဲ့ သစ်ခြောက်တစ်ပင်မှာ မြွေတစ်ကောင်ကို အမြီးနဲ့ခေါင်းကို တစ်ဖက်စီတင်း... အောင်ချည်၊ ထင်းရှူးချောင်းတစ်ချောင်းကို မြားလုပ်ပြီး လေးညို့ရှင်လ...ှား ထည့်လိုက်တာ၊ နေမင်းကြီးရဲ့ ဘယ်ဘက်မျက်လုံးကို ဒါရိုက်မှန်သွာ...ဝယ် သတဲ့။ နေမင်းကြီးလည်း နာကျင်လွန်းလို့ ကမ္ဘာမြေကြီးနဲ့ ဝေး... သးမွေး ပြေးသွားလိုက်တာ၊ ကမ္ဘာမြေနဲ့ မိုင် ၉၃သန်းလောက် ရောက်... ငှအယ်... မောလွန်းလို့ နားရရှာသတဲ့။ ပြေးရင်းလွှားရင်း ဒဏ်ရာ... အေး...ဆား ဘယ်ဘက်မျက်လုံးဟာ ကမ္ဘာမြေကြီးနဲ့ မိုင်နှစ်သိန်းလေးသေ... မှာ ပြုတ်ကျကျန်ခဲ့တာပေါ့။ အဲဒါကို ဒီခေတ်လူတွေက 'လ'...



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ အဲဒီအချိန်ကစပြီး ကမ္ဘာကြီးမှာ နေ့နဲ့ညဆိုပြီး ဖြစ်ပေါ်လာပါသတဲ့ကွယ်။

အဲဒီလို နေ့နဲ့ည ဖြစ်ပေါ်ပြီး နှစ်သန်းပေါင်းများစွာ ကြာတဲ့ကာလမှာတော့ ငွေကိုတစ်ယောက်ဟာ ဖိတ်ဖိတ်တောက်နေတဲ့ ဘုရားရင်ပြင်ရဲ့ ရှေ့၊ တန်ဆောင်းတစ်ခုအတွင်းမှာ ချွေးတစ်လုံးလုံးနဲ့ မျက်လုံးစုံမှိတ်ပြီး ပုတီးစိပ်နေပါတယ်။ အဲဒီအချိန်မှာ ငွေကိုရဲ့ ဘေးမှာ လူတစ်ယောက် အပြိုင်ဝင်ထိုင်လိုက်ပါတယ်။ သူလည်း ချွေးတစ်လုံးလုံးနဲ့ပါ။ သူ့နာမည်က တိုးတိုးပါ။

မေပျိုလေးက တိုးတိုးဆီကို ဖုန်းထဲက တဆင့် သူ့အစ်ကိုငွေကိုက ခါးခါးသီးသီးဖြစ်နေတဲ့အကြောင်း ရှိုက်သံလေးနှောပြီး အကြောင်းကြားလိုက်တာပါ။ ချစ်သူပုပ္ပနွေးနွေးလေးရဲ့ ရှိုက်သံက ဆက်သွယ်ရေးဖြိုလ်တုကနေတဆင့် တိုးတိုးရဲ့ နားစည်မြှေး၊ အဲဒီနားစည်မြှေးတွေက တုန်ခါသွားပြီး တိုးတိုးရဲ့နှလုံးသားကို ခပ်ဆတ်ဆတ်လေး ရိုက်ခတ်လိုက်သလိုပါပဲ။

"အော် သနားလိုက်တာ မေပျိုလေးရယ်။ ဘယ်လောက်တောင်များ စိတ်ဆင်းရဲနေရှာပါလိမ့်။ မင်းလေးမှာ ကိုယ်နဲ့မချစ်ခင်ကလည်း စိတ်ဆင်းရဲရ၊ ချစ်ပြီးတော့လည်း စိတ်မချမ်းသာရနဲ့။ စိတ်ချပါ မေပျိုလေးရယ်။ မင်းလေးစိတ်ချမ်းသာဖို့ ကိုယ်အစွမ်းကုန်ကြိုးစားပေးပါ့မယ်"

ဒါ တိုးတိုးရဲ့ ရင်ထဲက ခိုင်မာတဲ့ ကတိစကားပါ။ တကယ်သနားဖို့ ကောင်းတာက မေပျိုမဟုတ်ပါဘူး။ တိုးတိုးကိုယ်တိုင်ပါပဲ။ ဟိုက ဖုန်းနံပါတ်လေးနှိပ်ရုံ အားလေးပဲ စိုက်ရတာ။ တိုးတိုးခမျာ ဆင်မကြောက်၊ ကျားမကြောက်၊ အဲလေ၊ နေပူမကြောက်၊ ကားမကြောက် ယောက်ဖလောင်းကို တစ်ယောက်တည်း ရင်ဆိုင်ရတော့မှာ။ သရဏဂုံလေးရော ...င်လာခဲ့ရဲ့လား မသိဘူး။

တိုးတိုးက ဘုရားကို ဦးသုံးကြိမ်ချပြီး သူ့ဘေးက ငွေကိုကို ငဲ့ကြည့်...ယ်။ ငွေကိုကတော့ မျက်စိကို တင်းတင်းမှိတ် အံကိုတင်းတင်းကြိတ် ...ပ်ကပွစိ၊ ပွစိ ရွတ်လိုက်၊ ပုတီးတစ်လုံးချလိုက်နဲ့ပါ။ အင်း မှိတ်ထား ...ာတော့ ရောင်းမထွက်တဲ့ကားကြီးကို အာရုံပြုနေတာ ထင်ပါရဲ့။ ...ာ ဒီလူကြီး ဘယ်အချိန်ကျမှ မျက်လုံးဖွင့်မှာပါလိမ့်။ မျက်လုံး ...ခင် တစ်ခုခု ကြံဦးမှပါပဲ"





တိုးတိုးက ဟိုလျှောက်ကြည့်ဒီလျှောက်ကြည့်နဲ့ အကြံထုတ်နေပါတယ်။ အလှူခံမဏ္ဍပ်ထဲကနေပဲ စပီကာနဲ့ အော်ခိုင်းရရင် ကောင်းမလား မသိဘူး။ ဟယ် ဘေးချင်းကပ်နေမှတော့ ကိုယ်တိုင်ပဲ လုပ်တော့မယ်။ ဘုရားပေါ်မှာ ချီတုံချတုံနဲ့ သင့်တော်မလားလို့လည်း မတွေးမိသေးတယ်။

"ကဲလေ၊ တွေးတောရင် ကြန့်ကြာတယ်။ စဉ်းစားရင် နှောင့်နှေးတယ်။ လုပ်စရာရှိတာ ပြတ်ပြတ်သားသား လုပ်မှပါပဲ"

တိုးတိုးက သူ့ဘာသာသူ စိတ်ထဲမှ ဆုံးဖြတ်ချက် ချလိုက်ပြီးတာနဲ့ တစ်ပြိုင်နက် ပါးစပ်ကလည်း အသံကျယ်ကျယ်နဲ့

"ယခုပြုလုပ်ရသော ကုသိုလ်ကြောင့် တပည့်တော်ချစ်ခရီးလမ်းတွင် အလယ်ယာဉ်ကြောယူမောင်းတဲ့ လေးဘီးကားလို ရှေ့ကနေ ကာဆီးကာဆီး လုပ်နေတဲ့ ယောက်ဖလောင်းများရဲ့ အနှောင့်အယှက်မှ ကင်းဝေး၍ ချစ်ရသော မေပျိုလေးနဲ့ အမြန်ဆုံးနီးရပါလို၏ အရှင်ဘုရား"

ငွေကိုခမျာ ပုတီးစေ့တစ်လုံးချခါနီး တုံ့ကနဲ ဖြစ်သွားတယ်။ ကြားရတဲ့အသံဆီ စိတ်ပါရောက်သွားတယ်။

"ဒီအသံ ငါကြားဖူးပါတယ်"

အတွေးနောက်မှာ မျက်လုံးတစ်ပေါက် ခွပ်မှေးမှေးလေး ပွင့်သွားတယ်။ ဘေးမှာတွေ့လိုက်ရတာက စုဆိန်ပေါက် ဦးချနေတဲ့ တိုးတိုး။ ငွေကိုရဲ့ မျက်လုံးနှစ်လုံးစလုံး ပွင့်ရုံတင်မကဘဲ ပြူးသွားပါတယ်။ ဒါ တိုက်ဆိုင်တာဖြစ်တော့ မဖြစ်နိုင်ဘူး။ မဟုတ်မှလွဲရော "ဟိုကောင်မလေး မေပျိုသူ့မောင်မောင်ဘုရားဆီ သံတော်ဦးတင်လိုက်ပြီထင်ရဲ့။ ငွေကိုခမျာ ပုတီးစိပ်နေတာ မေ့ပြီး ဒေါသထွက်သွားပါတယ်။

"ဟေ့ကောင် မင်းဘာလာလုပ်တာလဲ"

တိုးတိုးက အခုမှ ငွေကိုကို မြင်လိုက်တဲ့ပုံစံနဲ့. . .

"ဟာ ကိုငွေကို. . . ကိုယ့်အာရုံနဲ့ကိုယ်ဆိုတော့ သတိမထားမိလိုက်ဘူး။ ပူတယ်နော် ရာသီဥတုက။ ရင်ထဲက အပူက ပိုဆိုးတယ်ဗျား ကိုငွေကိုရော အဓိဋ္ဌာန်လာလုပ်တာလား။ ကားအရောင်းအဝယ် မကောင်းဘူးနဲ့တူတယ်။ အေးဗျာ အဓိဋ္ဌာန်ဆိုတာ စိတ်ကောင်းလေးမွေး ပြီးလုပ်မှ ပိုထူးတာဗျ။ ကျွန်တော်လည်း အချစ်ရေးကိစ္စ အနှောင့်အယှက် ပေါ်နေလို့ ဘုရားလာပြီး ယတြာလာချေတာ။ ကောင်မလေးက ...ဆေး ပါဗျာ။ ယောက်ဖလောင်းအလတ်က အတော့်ကို ဆိုးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ မင်းဘာစကားပြောတာလဲ"

ငွေကိုက ဒေါသတကြီး ထလိုက်ပါတယ်။ အကြာကြီး တင်ပလ္လင်ခွေထိုင်ထားတော့ ခြေထောက်က ကျင်ပြီး ရုတ်တရက်ထမရဘူး ဖြစ်နေတယ်။ လူကသာ ထမရတာ၊ ဒေါသက နှစ်ဖာလုံလောက် ရောက်သွားပြီ။ တောက် တိုးတိုးဆိုတဲ့ကောင် အတော်ရင့်တာပဲ။ ငွေကို့ကိုများ ပေါ်တင်ကြီး လာဖြုံလို့။ ဘယ်က သတ္တိတွေများ ချေးလာငှားလာလည်း မသိဘူး။ မဟုတ်မှလွဲရော။ ဟိုကောင် လေချို မြှောက်ထိုးပင့်ကော် လုပ်လိုက်တာထင်တယ်။

"ဟာ ကိုငွေကို ပုတီးကြီးနဲ့ ဒေါသမကြီးနဲ့လေ။ စိတ်လျှော့ စိတ်လျှော့"

ငွေကိုက လက်ထဲက ပုတီးအားနာပြီး စိတ်လျှော့လို့ ပြန်ထိုင်လိုက်ရတယ်။

"အေး ဘုရားပေါ်မှာ မို့လို့ပေါ့ကွာ။ ဟော့ကောင် မင်းမြန်မြန်သွားစမ်းကွာ"

"သွားဆိုလည်း သွားပါ့မယ် ကိုငွေကိုရယ်။ ဒါနဲ့ကိုငွေကို့ကားက ဘယ်လောက်နဲ့ဆို လွှတ်မလဲ"

"လေးရာ့ခုနှစ်ဆယ်"

ငွေကို့ပါးစပ်က လွှတ်ကနဲ ထွက်သွားပါတယ်။ အော် ဒီပါးစပ်နှယ်။ ဒီကောင်မေးတာကိုမှ ဖြေလိုက်ရတာယ်လို့။ ကိုယ့်ပါးကိုယ်ရိုက်ပစ်ဖို့သာ ကောင်းတော့တယ်။ တိုးတိုးက ပမ်းသာအားရနဲ့

"ဟာ ဒါဆိုရင် ကိုငွေကို အမိဋ္ဌာန်အောင်တော့မယ်လို့သာ မှတ်လိုက်ပေတော့"

တောက် လေသံက ဘိုးတော်ပေါက်စလေသံနဲ့။ တိုးတိုး သူ့စကားသူ ဆက်ပြန်တယ်။

"ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ကျွန်တော်ချေထားတဲ့ ယတြာအောင်မြင်အောင် ကိုငွေကို ပြန်ကူညီပေးရမယ်"

ဒီလောက်ဆို ငွေကိုက သဘောပေါက်လိုက်ပါပြီ။

"ဘာကွ၊ မင်းပြောတဲ့ပုံစံက ငါက နှမကိုကားနဲ့လဲစားတဲ့ကောင် ဖြစ်နေပြီကွ"

"ဟာ ကိုလတ်စကားက ရင့်သီးလိုက်တာကိုလတ်ရယ်"





တိုးတိုးက ကိုလတ်တွေ ဘာတွေ ဖမ်းခေါ်ပစ်လိုက်ပါတယ်။ ဒီတစ်ပွဲတော့ ဝယ်ရောင်းရင့်မာကြီး ငွေကို နှုပ်ပစ်ခံရတော့မယ် ထင်ပါရဲ့။ တိုးတိုးက ငါးသလဲထိုး ဘီယာသောက်ထားတဲ့ အသံမျိုးနဲ့. . .

"တကယ်ဆိုရင် မေပျိုလေးက ကိုလတ်နှမပါဗျာ။ ဒီလိုတော့ မဖြစ်သင့်ပါဘူး။ ပြီးတော့ ကိုလတ်နဲ့ညီလေးကြား အပေးအယူ စကားတွေ လိုလို့လား ကိုလတ်ရာ။ ကိုလတ်က နှမပေးရတယ်လို့ တွက်နေလို့ပါ။ တကယ်ဆိုရင် ကိုလတ်က နှမပေးရတာမဟုတ်ပါဘူးဗျာ။ ညီလေးတစ်ယောက် သံပိတ်ဝင်အိတ်ဝင်ရတာပါဗျာ။ ကိုလတ်မြတ်တောင် မြတ်နေပါသေးတယ်"

အဲဒီလိုတွက်တော့လည်း ဟုတ်တုတ်တုတ်ပဲ။ အာ ဟုတ်သေးပါဘူး။ ဒီတိုးတိုးဆိုတဲ့ ကောင်က ပတ်ချွဲနှုပ်ချွဲနဲ့။ အူရော လက်သီးပါယားလာပြီ။ ထလုပ်လိုက်ရ ဘုရားပေါ် အသက်ထွက်တော့မယ်။

"ဟော့ကောင် ငါလက်ယားလာပြီနော်။ မင်းမသွားသေးဘူးလား"

တိုးတိုးရဲ့ လေသံက တစ်မျိုးထပ်ပြောင်းသွားပြန်တယ်။ ဒီကောင် ဒါတွေအစက မတတ်ပါဘူး။ မေပျိုလေးနဲ့ ချစ်မိတော့မှပဲ အလိုလိုတတ်လာတာ ထင်ပါရဲ့။

"စဉ်းစားနော် ကိုလတ်၊ ကိုလတ်ကားက အလောင်းတင်ဖူးတယ်လို့ ပွဲစားတွေကြား သတင်းထွက်နေတယ်။ ပြီးတော့ အင်ဂျင်သံကလည်း မမှန်ဘူး။ အဲဒီဈေးနဲ့ ဘယ်သူမှ ဝယ်မှာမဟုတ်ဘူး"

"ဘာကွ၊ မင်းပြန်မလား မပြန်ဘူးလား တစ်ခွန်းတည်းပြော"

"ပြန်ဆိုလည်း ပြန်ပါ့မယ် ကိုလတ်ရာ။ ဒါပဲနော် ညနေကျရင် ကျွန်တော်အိမ်လာပြီး ငွေချေမယ်။ ပျော်ပြီးတော့ ဘီယာဆိုင်လိုက်စမနေနဲ့ဦး။ အဓိဋ္ဌာန်လေးတော့ပြီးအောင် လုပ်သွားပါဦး။ ကဲ သွားပြီနော်"

တိုးတိုးက ထပြန်မလို့ ပြင်လိုက်ပါတယ်။

"ဟော့ကောင် နေဦး. . ."

ငွေကို့အသံက ယောင့်မကျိုးမာတောင့်တောင့်ကြီးနဲ့။ တိုးတိုးက ပြန်ထိုင်လိုက်တယ်။

"အေး မင်းယတြာကို ငါ လေးရာရှစ်ဆယ်ရမှ အောင်မြင်အောင် လုပ်ပေးမယ်"

"ဟာ ကိုလတ်၊ ဒါတော့ ညီလေးကို ပေါ်တင်လိုးတာပဲ အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



က အဲဒီလို ရှုံ့ချည်နှပ်ချည်လုပ်လို့ရလား။ ပြောတော့ နှမကို ကားနဲ့ လဲမစားဘူးလေး ဘာလေးနဲ့။ ကျဉ်းထဲကြပ်ထဲ ဆယ်သိန်းတောင် ဖမ်းမြှောက်လိုက်သေး။ အဲဒီဆယ်သိန်းက နှမဈေးတက်တာလား ကားဈေးတက်တာလား"

"ဟော့ကောင်၊ ငါ့ဘာသာငါ့ဘာတက်တက် လေးရာ့ရှစ်ဆယ်ကနေ တစ်ပြားမှ မလျှော့နိုင်ဘူး။ သဘောတူရင်လာ သဘောမတူရင် အိမ်ရိပ်တောင် နင်းဖို့ မကြိုးစားနဲ့"

"ဒါဆိုလည်း အရိပ်မထွက်တဲ့ ညမှပဲ. . ."

"ဟော့ကောင်. . ."

"ကိုလတ်ကလည်း စကားဆုံးအောင် နားထောင်ပါဦး၊ အရိပ် မထွက်တဲ့ညမှပဲ လေးရာ့ရှစ်ဆယ်ယူပြီးလာခဲ့မယ်လို့။ ဒါနဲ့ ကိုလတ် က ဘာအမှိုဌာန်လုပ်တာလဲဟင်။ တကယ်ကို စွမ်းတယ်နော်။ နှမရော ကားပါ ရောင်းထွက်တယ် ဟဲဟဲ"

"တယ်လေ ငါ. . . တောက်"

☺ ☺ ☺





လေချိုပိုင်တဲ့ 'connoisseur' မှာ မေပျိုနဲ့တိုးတိုးတို့ ထိုင်နေကြပါတယ်။ အခုဆိုရင် သူတို့နှစ်ယောက် အတိအလင်း ချစ်သူတွေဖြစ်နေကြပါပြီ။ ညနေခြောက်နာရီဆိုရင်မေပျိုလေးက တိုးတိုးရဲ့ဆိုင်ကို ရောက်လာ။ တိုးတိုးဆိုင်သိမ်းတာကို ထိုင်စောင့်။ ပြီးရင် သူတို့နှစ်ယောက် စိတ်ကူးပေါက်တဲ့နေရာတွေသွား။ ဒါမှမဟုတ်ရင် လေချို့ရဲ့ဆိုင်မှာ လာထိုင်လေ့ရှိပါတယ်။

"အော် ဒီစုံတွဲနှယ်၊ ရန်ကုန်မြို့မှာ ဒီလောက်သွားစရာနေရာ ရှားသလားမသိဘူး"

လေချိုက စိတ်ပေါက်ပေါက်နဲ့ တွေးမိတာပါ။ နှမက ကိုယ့်ရှေ့ လာပြီး သူ့ချစ်ချစ်နဲ့ လာကြည်နူးပြနေတော့လည်း ဘယ်လောက်ပဲ သဘောတူတူ လေချိုခမျာ အောင့်သီးအောင့်သက်ရယ်။ အခုလည်း sunkit တစ်ဗူးကို နှစ်ယောက်သား ပိုက်နှစ်ချောင်းထည့်ပြီး သူစုတ်ကိုယ် စုတ်နဲ့။ လေချိုက sunkit နောက်တစ်ဗူးယူလာပြီး သူတို့နှစ်ယောက် ရှေ့ ချလိုက်ပါတယ်။

"ရော့ ကိုယ့်ဗူးကိုယ်သောက်၊ မကြီးမငယ်နဲ့ နင်တို့ကိုယ်နင်တို့ ဆယ်ခြောက်နှစ်သားတွေများ အောင့်မေ့နေလား"

တိုးတိုးက နည်းနည်းတော့ ရှက်သွားတယ်။ မေပျိုကတော့ ရှက်ပုံ မရပါဘူး။ သူ့အစ်ကိုကို ပြန်တောင် ရန်ထောင်လိုက်သေး။

"အမယ်၊ ကိုလေးရော၊ ကိုလေးဟာမလေးတွေနဲ့ ဒါမျိုးတွေ မလုပ်ဘူးလား"

"ငါက လူမြင်ကွင်းမှာ မဟုတ်တာ ဘာမှမလုပ်ဘူး ဒါပဲ"

အင်း ဒါဆိုရင် ကွယ်ရာတော့ အကုန်လုပ်တယ်ဆိုတဲ့ သဘောပဲ။ တိုးတိုးက ပြုံးစိစိလေး ဖြစ်သွားတယ်။ မေပျိုလေးနဲ့လည်း ဟီဟိ။ လေချိုက တိုးတိုးကို လက်သီးထောင်ပြလိုက်ပြီး-

"ဟော့ကောင် မင်းဘာပြုံးတာလဲ၊ ငါသိတယ်နော်၊ ဒီမှာ [illegible]သီး"

"ကိုလေချိုကလည်း ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ကိုလေးနော်။ သူများ ချစ်ချစ်ကိုများ ဟိန်းလား ဟောက်လားနဲ့။ သွားသွား။ မဆိုင်တဲ့နေရာ လာရှုပ်မနေနဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်၊ ဒီမှာ ဖီလင်အောက်ကုန်ပြီ ဟင်း"

"အော် အခုတော့ ရှုပ်ပြီပေါ့။ နောက်မှ ကိုလေးရယ်။ မေပျိုလေး ဆိုလို့ကတော့ လက်ချည်းပဲ လွှတ်လိုက်မယ်"

လေချိုက သူညီမကို ခေါင်းကို မနာအောင်ထု၊ ဆံပင်တွေကို ဖွပြီး ထွက်သွားပါတယ်။

"ဟာ ကိုလေး၊ အူပုတ်ကြီး။ သူများလှအောင် ပြင်ထားတာတွေ ဖျက်ကုန်ပြီ"

ကောင်မလေးက စူပွပွနဲ့ သူ့ဆံပင်တွေကို လက်နဲ့ပြန်သပ်ချနေပါ တယ်။ ပြီးတော့ တိုးတိုးကို ပြုံးပြုံးလေးစိုက်ကြည့်ရင်း ရွှေမင်းသမီးလေး လေသံနဲ့

"မှန်ကြီးရေ၊ ရွှေမင်းသမီးလေး မေပျိုလှရဲ့လား ကြည့်ပေးပါဦး"

တိုးတိုးကလည်း သူ့ချစ်သူလေး ကျေနပ်အောင် မှန်ထဲက စုန်းမ ကြီးလေသံနဲ့. . .

"ဟာ. . . အရမ်းလှတာပေါ့။ ဒါပေမယ့် မေပျိုထက် လှတာ ဒီကမ္ဘာပေါ်မှာ တစ်ယောက်တော့ရှိတယ်"

"အမယ် ဘယ်သူတုံး"

"ဒူး ပီ ဂိုးလ် ဘတ်"

"ဟင် သူက ဘယ်ကဟာတုံး"

"ghost ကားထဲက နတ်ဆရာမကြီးလေ"

"ဟင်. . ."

ကောင်မလေးက လုံးဝ မကျေမနပ်ဖြစ်သွားပါတယ်။ ဟိုက မည်းမည်းသည်းသည်း ကပ္ပလီမဝဝတုတ်တုတ်ကြီး။ ဒါနဲ့များ နှိုင်းစရာ လားလို့။ မေပျိုက စိတ်ဆိုးချင်ယောင်ဆောင်ပြီး တစ်ဖက်လှည့်သွားပါ တယ်။ တိုးတိုးက တဟားဟား ရယ်ရင်း အခြားဝိုင်းတွေ လျှောက်ကြည့်နေ ပါတယ်။ ဟာ နှစ်ဝိုင်းကျော်မှာ ထိုင်နေတာ မိုးမိုးပဲ။ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတယ်လို့။ မိုးမိုးက အခြားဧည့်သည်တွေနဲ့ ရယ်လိုက်မောလိုက်နဲ့ စားသောက်နေလေရဲ့။ စားသောက်နေရင်းနဲ့ တိုးတိုးဘက် လှမ်းကြည့်ပါ တယ်။ ကြည့်ရတာ အစောကြီးကတည်းက တိုးတိုးတို့ စုံတွဲကို လှမ်းမြင် ပြီးသား ထင်ပါရဲ့။ တိုးတိုးနဲ့မိုးမိုး နှစ်ယောက်သား မျက်လုံးချင်း ဆုံမိပါတယ်။ မိုးမိုးက အေးစက်စက်လေး ပြုံးပြတယ်။ တိုးတိုးမသက် မသာလေး ပြန်ပြုံးပြတယ်။ မေပျိုကတော့ သတိထားမိလိုက်ဟန် မတူပါ ဘူး။ သူ့ရှေ့ပန်းကန်က ပြောင်းဖူးကင်ကို တူနဲ့ညှပ်ပြီး ပလုတ်ပလောင်း ဝါးနေရှာတယ်။

"ဟင် Baby corn တွေက လည်း စိမ်းဆတ်ဆတ်နဲ့။ မှန်းစမ်း အသားကင်ကလည်း အကျက်မညီဘူး။ အကင်ဆရာကလည်း ဘယ်လို ကင်နေမှန်း မသိဘူး။ တိုးတိုးရေ ခဏထိုင်ရစ်ဦး။ မေပျိုကိုယ်တိုင် သွားလုပ်လိုက်ဦးမယ်"

"ထားလိုက်ပါ မေပျိုရာ။ သူတို့ကို ပြန်လုပ်ခိုင်းလိုက်ပါ။ တော်ကြာ မေပျိုကိုယ်တိုင်လုပ်လာပြီးမှ မကောင်းရင်လည်း ကောင်းတယ်ပြောပြီး မျက်စိမှိတ်မျိုချရတော့မှာ။ ပလုပ်တတ်လုပ်တတ်နဲ့ ချစ်သူအချင်းချင်း အကြည်ညိုပျက်အောင် မလုပ်ပါနဲ့ မေပျိုရယ်"

"အောင်မာ လူများ အထင်စမောလို့။ ဒီဆိုင်မှာ ကင်တယ်ဆိုတာ မေပျိုက စလာတာ။ အကင်အစ မေပျိုကတဲ့ မှတ်ထားဦး။ ဒီက စေတနာ နဲ့ ကိုယ်တိုင်လုပ်ပေးမလို့ဥစ္စာ။ ရှုတ်ရှုတ်မလုပ်နဲ့နော်။ တံစို့မှာ သီပြီး လူကိုပါ ဘာဘီကျူးလုပ်ပစ်လိုက်မယ်။ ဘာ့ရှအောင့်မေ့နေလို့လဲ"

မေပျိုက ပြောပြောဆိုဆို အကင်ပန်းကန်ပြားကို ကောက်ကိုင်ပြီး ခပ်လှမ်းလှမ်းမှာရှိတဲ့ မီးဖိုဖက် ထွက်သွားပါတယ်။ တိုးတိုးက သူ့ချစ်သူ လေးကို လှမ်းကြည့်ပြီး ပြုံးပြလိုက်ပါတယ်။ သူက မေပျိုလေးကို လက်ကြောမတင်းတဲ့ ကောင်မလေးလို့ ထင်ထားတာ။ အခုကြည့်ရတာ တော့ လုပ်တတ်ကိုင်တတ်ရှိပုံပါပဲ။ တိုးတိုးကြည့်နေတုံးမှာပဲ မေပျိုက အကင်ကင်တဲ့ ချာတိတ်လေးကို ခေါင်းခေါက်ပြီး နားရွက်ဆွဲလိမ်နေတာ ကို တွေ့လိုက်ရပါတယ်။ အင်း ဒီဆိုင်က ဝန်ထမ်းတွေက လေချိုတင်မက လေချိုအစွယ်အပွားပါ ကြောက်ရမယ့်ပုံပဲ။

"တိုးတိုး"

သူ့ဘေးက ခေါ်သံကြားလို့ ကြည့်လိုက်တော့ မိုးမိုး။ ဘယ်အချိန် ကတည်းက သူ့ဘေးရောက်နေလည်းတောင် မသိလိုက်ဘူး။ မိုးမိုးက အကင်ကင်နေတဲ့ မေပျို့ကို လှမ်းကြည့်လိုက်ရင်း-

"အဲဒါ နင့်ချစ်သူလား"







www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ချောသားပဲ၊ နင့်ထက် ငယ်မယ်ထင်တယ်"

"အင်း၊ သုံးနှစ်လောက်ပါပဲ။ ဒါနဲ့ နင့်ချည်သည်တွေ ပြန်သွားပြီလား"

"အင်း ပြန်သွားပြီ။ ဒါနဲ့သူနာမည်က မေပျိုလား"

တိုးတိုးက မိုးမိုးကို တအံ့တဩကြီး ကြည့်ပါတယ်။ မိန်းမများ သတင်းရတာ မြန်လိုက်တာ။ သူ့ဆိုင်က ကာစတန်မာများလား မသိဘူး။

"အေး ဟုတ်တယ်၊ နင်နဲ့သိလား"

"မသိပါဘူး၊ ဟုတ်လားလို့ မေးကြည့်တာ။ ဒါနဲ့နင်ငါ့ကို အိမ်ပြန်ပို့ပေးပါလား။ ငါသိပ်နေမကောင်းလို့ ကားမမောင်းချင်လို့"

တိုးတိုးက မေပျိုရှိရာကို လှမ်းကြည့်ပါတယ်။ မေပျိုကလည်း တိုးတိုးတို့နှစ်ယောက်ကို လှမ်းကြည့်နေရှာတယ်။ မိုးမိုးရဲ့ရယ်သံက ခနိုးခနဲ့လေး ထွက်လာတယ်။

"ဟင်း ဟင်း၊ နင်နဲ့ငါ နှစ်ပေါင်းများစွာ ခင်လာခဲ့တဲ့ သံယောဇဉ်က ငါနေမကောင်းတဲ့အချိန်လေးတောင် ကူညီဖော်မရတော့ဘူးလား တိုးတိုးရယ်"

"ဟာ ဒီလို မဟုတ်ပါဘူးဟာ။ ခဏလေးပဲစောင့်။ မေပျိုပြန်လာရင် ငါလိုက်ပို့ပေးပါမယ်"

မိုးမိုးက တိုးတိုးကို မျက်လုံးထောင့်ကနေ စွေကြည့်ရင်း ဆတ်ကနဲ လှည့်ထွက်သွားပါတယ်။ တိုးတိုးက မေပျို့ကိုတစ်လှည့်၊ မိုးမိုးကိုတစ်လှည့် ကြည့်တယ်။ အော်မိန်းမတွေများ သူတို့ကို တစ်ခါလေးကြိုက်မိတာနဲ့ တစ်သက်လုံးပျက်တဲ့အထိ သူတို့နိုင်ဖက်လို့များ သတ်မှတ်ထားကြလား မသိဘူး။ မိုးမိုးရဲ့ ကိုယ်လေးက ယိုင်ကနဲ ဖြစ်ပြီး ခွေလဲတော့မလို ဖြစ်သွားလေရဲ့။ တိုးတိုးလည်း ကမန်းကတန်း ဝင်ပြီး ထိန်းပေးလိုက်ရတယ်။

"မိုးမိုး၊ နင်ရရဲ့လား။ ဘယ်လိုနေလဲ"

"ရတယ်၊ နင်နေခဲ့၊ ငါ့ဘာသာ ငါပဲ ပြန်တော့မယ်"

မိုးမိုးက တိုးတိုးလက်ထဲကနေ အတင်းပဲ ရုန်းထွက်လိုက်ပါတယ်။ မျက်ရည်တွေလည်း ဝဲလို့။ အံကိုလည်း တင်းတင်းကြိတ်လို့။ သူတကယ့်ကို နေမကောင်းဖြစ်နေရှာတယ် ထင်ရဲ့။ တိုးတိုးရင်ထဲက သံယောဇဉ် လက်ကျန်တွေက ငုတ်စိထလာပါတော့တယ်။





"အင်း လိုက်ပို့ပေးမှ ဖြစ်မှာပါလေ"

တိုးတိုးက အဲဒီလိုတွေးရင်း မေပျိုလေးရှိရာ လှမ်းပြီး တောင်းပန်သလို ကြည့်လိုက်ပါတယ်။ မေပျိုလေးကလည်း လက်ထဲမှာ ကြက်တောင်ပံနှစ်ခုကိုကိုင်လျက်သား ခပ်စိမ်းစိမ်းပြန်ကြည့်နေလေရဲ့။ အဲဒီအခြေအနေမှာ လေချိုက တိုးတိုးအနားကို ရောက်လာပါတယ်။

"ဟော့ကောင် တိုးတိုး၊ ဘာဖြစ်လို့လဲ"

တိုးတိုးက မိုးမိုးကို မေးထိုးပြလိုက်ရင်း-

"ဒါ ကျွန်တော်နဲ့ ကျောင်းနေဖက်ပါ။ သူ့သိပ်နေမကောင်းဘူး ကိုလေချို၊ ကျွန်တော်လိုက်ပို့ပေးမှ ဖြစ်မယ်။ မေပျို့ကို ခဏပြောပေးပါဦး။ ကျွန်တော်ပို့ပြီးပြီးချင်း ပြန်လာခဲ့မယ်လို့"

လေချိုက ခေါင်းကို ခပ်ဆိုင်းဆိုင်း ညိတ်လိုက်ပါတယ်။

"အေးလေ၊ ငါပြောလိုက်ပါ့မယ်။ ပြောတာက ငါ့တာဝန် ချော့တာက မင်းတာဝန်ပေါ့ကွာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



"ဟင် နင့်အိမ်မှာ ဘယ်သူမှ မရှိဘူးလား"

အိမ်ခန်းတံခါးကို သော့ဖွင့်ဝင်ရင်း မိုးမိုးကို တိုးတိုးက မေးလိုက်တာပါ။ အခန်းတစ်ခုလုံးလည်း မှောင်လို့မည်းလို့။ တိုးတိုးက မီးခလုတ်ကို ဖွင့်လိုက်ပြီး မိုးမိုးကို ဆိုဖာပေါ် တွဲခေါ်သွားလိုက်ပါတယ်။

"မိုးမိုး၊ နင့်အိမ်မှာ ဘယ်သူမှ မရှိဘူးလား"

"အေး၊ ဒက်ဒီနဲ့မာမီက အလုပ်ကိစ္စနဲ့ စက်ာပူသွားတယ်။ ဒေါ်မေကတော့ ကောင်မလေးကို ရွာလိုက်ပို့တယ်"

"ဟာ မဖြစ်သေးပါဘူး၊ နင်က ဆေးခန်းသွားဆိုတော့လည်း မသွားဘူး။ နေပါဦးဟာ။ ငါ မာမီဆီ လှမ်းပြီး စပယ်ရှယ်နာ့စ်တစ်ယောက် လှမ်းတောင်းဦးမှပါ"

တိုးတိုးက သူ့ဟန်းဖုန်းကို ထုတ်ပြီး သူ့အမေဆီကို ဆက်မလို့ ပြင်ပါတယ်။ မိုးမိုးက ဖုန်းကို လှမ်းဆွဲထားလိုက်ရင်း-

"ဘယ်သူ့ကိုမှ မခေါ်ပါနဲ့ဟာ။ မိုးတော့ . . . နင်လည်း မပြန်ပါနဲ့ တိုးတိုးရယ်။ ငါတစ်ယောက်တည်း အထီးကျန်နေလို့ပါ။ ငါ့စိတ်ထဲ တစ်ခါမှ ဒီလိုအားမငယ်ဖူးဘူး။ ဒီနေ့နင်နဲ့ မေပျို့ကို တွဲပြီးမြင်လိုက်ရတဲ့အခါ ငါဘယ်လိုဖြစ်သွားမှန်း မသိတော့ဘူး တိုးတိုးရယ်။ နင်မပြန်ပါနဲ့ဟာနော်"

မိုးမိုးက တိုးတိုးကို ငေါ်မွတ်တကြီး လှမ်းဖက်လိုက်ပါတယ်။ တိုးတိုးက ရုန်းထွက်လိုက်တယ်။ မိုးမိုးက ပြန်ဆွဲထားတယ်။

"နင်ဒီလိုမလုပ်ပါနဲ့ မိုးမိုးရယ်၊ ဖယ်ပါ"

"နင် ငါ့ကို ပြောခဲ့တာတွေ မေ့သွားပြီလား တိုးတိုး။ နင်ငါ့ကို ချစ်တယ်လို့ ပြောဖူးတယ်လေ။ နင်ငါ့ကို ဒီလိုပဲ ထားခဲ့တော့မလို့လား တိုးတိုးရယ်။ မရဘူး၊ နင်ဒီလိုမျိုး ထွက်သွားလို့မရဘူး။ ငါ့ဘဝမှာ အချစ်ဆိုတာ မလိုအပ်ခဲ့ဘူးလို့ ထင်ခဲ့တာ။ တကယ်တမ်း နင့်ကို လက်လွှတ်ရတော့မယ်ဆိုတော့ ငါသည်းမခံနိုင်ဘူး။ နင်မေပျို့ကို တကယ် မချစ်ဘူးမဟုတ်လား။ နင်တကယ်ချစ်တာ ငါ့ကိုပဲ ဟုတ်တယ်မဟုတ်လားဟင် တိုးတိုး ပြောစမ်းပါ တိုးတိုး"



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးက မိုးမိုးကို တွန်းထုတ်လိုက်ပါတယ်။ မိုးမိုးက ဆိုဖာပေါ် ထိုင်ကျသွားပါတယ်။

"နင်ထင်တာ မှားနေပြီမိုးမိုး။ ငါ မေပျို့ကို တကယ်ချစ်မိသွားတာ။ ဘယ်တုံးက ဘယ်လိုပုံစံမျိုးနဲ့ ချစ်သွားမှန်းတောင် မသိအောင်ကို ချစ်တာ။ ငါအရင်က နင့်ကိုချစ်တယ်ဆိုတာ နီးကပ်လွန်းတဲ့ သံယောဇဉ်ကို အချစ်လို့ ထင်သွားခဲ့မိတာ။ မေပျို့နဲ့တွေ့မှပဲ အချစ်နဲ့သံယောဇဉ်ကို အသေအချာခွဲတတ်သွားတော့တယ်။ ငါ့ကိုခွင့်လွှတ်ပါ မိုးမိုးရယ်။ ငါ့ကြောင့်နင့်စိတ်မှာ ထိခိုက်ဒဏ်ရာရသွားတယ်ဆိုရင် ငါတောင်းပန်ပါတယ်"

"ဘာခွင့်လွှတ်ပါ ဟုတ်လား။ ငါလုံးဝခွင့်မလွှတ်နိုင်ဘူး။ ငါပြောမယ် တိုးတိုး။ နင်ငါကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ရဘူး"

မိုးမိုးက ဆတ်ကနဲထပြီး တိုးတိုးပခုံးကို လှမ်းဖက်လိုက်တယ်။ တိုးတိုးက ရှန်းဖယ်ပြီး တွန်းထုတ်လိုက်ပါတယ်။

"ငါ့ကိုခွင့်လွှတ်ဖို့ ထပ်ပြောပါရစေ မိုးမိုးရယ်။ တကယ်တော့ အချစ်ဆိုတာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဖြစ်လာတတ်တာမျိုးပါ။ တစ်ခါတလေမှာလည်း အချစ်လို့ မထင်လိုက်ရအောင်ကို သေသပ်တိကျလှပလို့၊ တစ်ခါတလေတော့လည်း အစီအစဉ်မကျပရမ်းပတာ။ ရှည်လျားကြာမြင့်တဲ့ သံယောဇဉ်ကို အချစ်လို့ ထင်တတ်ကြတာမျိုးပါ။ တကယ့်ချစ်ချစ်ကတော့ ကိုယ့်နှလုံးသားကိုယ် လိမ်လို့မရပါဘူး မိုးမိုးရယ်။ နင်က ညက်ကောင်းပါတယ်။ ဒါတွေ သဘောပေါက်မှာပါ။ ငါသွားတော့မယ်"

တိုးတိုးက ကျောခိုင်းပြီးတော့ တံခါးပေါက်ဆီ ထွက်ခွာသွားပါပြီ။ မိုးမိုးကတော့ မျက်ရည်တွေ ရစ်ဝိုင်းဖွဲ့သီလို့။ အသံမထွက်တဲ့ စကားတွေတလည်း ရိုက်ခတ်လို့။

"ငါ့အချစ်က တစ်ဒင်္ဂစိတ်ခံစားမှုမဟုတ်ရပါဘူး တိုးတိုးရယ်။ ငါ့ကိုယ်ငါတောင် မသိခဲ့ဘဲ မီးတောင်သေတစ်လုံးလို နှစ်တွေအကြာကြီး မြုံနေခဲ့ပြီးမှ ပွင့်ထွက်လာတာပါ။ အခုတော့ ငါ့ကိုယ်ငါသိသိကြီးနဲ့ မီးတောင်သေတစ်ခုလို ထပ်ပြီးမြုံနေရတော့မှာပေါ့ဟယ်"

☺ ☺ ☺





မေပျို့တစ်ယောက် စောစောက တိုးတိုးနဲ့သူနှစ်ယောက်သား ထိုင်ခဲ့တဲ့စားပွဲမှာ တစ်ယောက်တည်း ထိုင်နေပါတယ်။ သူ့ရှေ့မှာလည်း အကင်ပန်းကန်တွေ တန်းစီလို့။ ဟောဒီမှာ ရှုံးပတီသီးကင်၊ ပြောင်းဖူးကင်၊ တောင်ပံကင်၊ ဆီဘူးကင်၊ ငုံးဥကင်၊ အာလူးကင်၊ အားပါး မနည်းမနောပါပဲလား။ မဟုတ်မှလွဲရော တိုးတိုးကို စိတ်နာနာနဲ့ တွေ့ရာတုတ်ထိုးပြီး ကင်နေတာ ထင်ပါရဲ့။ တိုးတိုးတစ်ယောက် မိုးမိုးကို လိုက်ပို့တာ ပြန်ရောက်သင့်နေပြီပဲ။ မေပျို့ရင်ထဲမှာလည်း ဗလောင်ဆူလို့။

"ဟင် ဒီကတော့ သူ့ကို စားစေချင်လို့ ကင်ထားလိုက်ရတာ၊ သူကတော့. . ."

မိုးမိုးဆိုတာ တစ်ချိန်တုံးက တိုးတိုးနှလုံးသားရဲ့ အခန့်လေးကန့်မှာ တစ်ကန့်လောက် အရေးပါခဲ့ဖူးတယ်ဆိုတာ မေပျို့သိပ်သိတာပေါ့။ ကိုယ့်ကိုထားခဲ့ပြီး အဲဒီမိန်းမနဲ့ တွဲထွက်သွားတာလောက် စော်ကားခံရတာ ဒီကမ္ဘာပေါ်မှာ နောက်ထပ်မရှိတော့ပါဘူး။

"မေပျို့ရေ တိုးတိုးက သူ့သူငယ်ချင်းနေမကောင်းလို့ အိမ်ပြန်ပို့တယ်။ နင်ခဏစောင့်လိုက်ဦး၊ ပြန်လာလိမ့်မယ်"

လေချိုတ သူ့ညီမကို ပြေရာပြေကြောင်းလေး လာပြောရှာပါတယ်။ အဲဒီလိုတဆင့် ပြောခိုင်းတာကိုက မေပျို့ကို အလေးမထားတာ။ မဖြစ်မနေပြန်ပို့ရမယ်ဆိုရင်တောင် မေပျို့ကို ကိုယ်တိုင်ကိုယ်ကျလာပြောသင့်တာပေါ့။ ဘယ်လိုမှ သဘောမကျနိုင်ပေမယ့် သဘောထားကြီးပေးရမှာပေါ့။ အခုတော့ ဟို မိုးမိုးဆိုတဲ့ မိန်းမဆိုင်ပေါက်ဝကနေ ပြန်လှည့်ကြည့်သွားတဲ့အပြုံးက စိန်ခေါ်သွားတဲ့အပြုံး။ အပေါ်စီးကနေ ပြုံးပြတဲ့အပြုံး။ ရွှေခါးပတ်ရထားတဲ့ လက်ဝှေ့သမားက စိန်ခေါ်တဲ့လူကို ထိုးဖက်မတွေ့လို့ မထိုးဘဲ ရွှေခါးပတ်ချွတ်ပေးလိုက်ပြီး 'ဒီလောက် လိုချင်လည်း အလကားယူသွား' ဆိုပြီး ပြုံးပြလိုက်တဲ့ အပြုံးမျိုး။ မြွေမြွေချင်း ခြေမြင်ရင်သာ



www.burmeseclassic.com

www.burmeseclassic.com



နေရမယ်။ မိန်းမအချင်းချင်းတော့ မျက်လုံးတစ်ချက် ဆုံမိရုံနဲ့ သူဘာလဲ ကိုယ်ဘာလဲဆိုတာကို ၉၉. ၉၉% မှန်အောင် တွက်ချက်ပြီးသားပါ။ တိုးတိုးတစ်ယောက် ပြန်ရောက်သင့်တဲ့အချိန် ကျော်နေပြီ ထင်ပါရဲ့။

"အဲဒီတိုးတိုးကလည်း ပို့ပြီးတာနဲ့ ချက်ချင်းပြန်လာတာ မဟုတ်ဘူး။ အလာပသလာပပြောနေရသေးတယ်။ တိုးတိုးရေ လာပါတော့ မေပျိုမျှော်လှပြီ"

မေပျိုခမျာ စိတ်ကမရိုးမရွ၊ ဖင်က တကြွကြွ၊ နာရီကိုလည်း တကြည့်ကြည့်နဲ့။ ဒါတောင် မိုးမိုးရဲ့အိမ်မှာ ဘယ်သူမှ မရှိဘူးဆိုတာ မေပျိုလေးမသိသေးပေလို့။ သိများသိလို့ကတော့ မေပျိုရင်ထဲစစ်တလင်း ဖြစ်သွားလောက်တယ်။

"ငါနေ့၊ စိတ်မရှည်နိုင်တော့ဘူး"

မေပျိုက အတွေးနဲ့တစ်ဆက်တည်း သူ့ဟန်းဖုန်းကိုထုတ်ပြီး ဖုန်းလှမ်းဆက်လိုက်ပါတယ်။ ရိုင်းတယ်ပဲပြောပြော၊ etiquette မရှိဘူးပဲ ဆိုဆို ဒီအတိုင်းငုတ်တုတ်ကြီး ထိုင်စောင့်နေလိုက်ရအောင်တော့ မေပျို စိတ်တွေမပျောင်းနွဲ့တော့တာ အမှန်ရယ်ပါ။ အဲဒီအချိန်မှာတော့ တိုးတိုး ထားရစ်ခဲ့တဲ့ မိုးမိုးခမျာမှာတော့ ကြေကွဲနွမ်းလျလို့။

"နှင်နဲ့ငါ ဝေးကြပြီပေါ့ တိုးတိုးရယ်။ ငါကိုယ့်ငါ အထင်ကြီးမိတာ နှင်နဲ့ငါ ဝေးကြရပြီပေါ့"

မိုးမိုးက ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်ပါတယ်။ ကြမ်းပြင် ပေါ်မှာ တွေ့လိုက်တာက တိုးတိုးရဲ့ hand phone လေးပါ။ ရှန့်ရင်း ဆန်ခတ် ဖြစ်နေတဲ့ တိုးတိုးကျကျန်ရစ်တာ ထင်ပါရဲ့။ မိုးမိုးက ဖုန်းကို ကောက်ယူလိုက်စဉ်မှာပဲ. . .

"တီတီ တီး. . . တီ"

ဖုန်းမြည်သံတီးလုံးလေးထွက်လာတာပါ။

"အင်း၊ တိုးတိုးတစ်ယောက် သူ့ဖုန်းပျောက်လို့ လှမ်းဆက်ကြည့်တာနဲ့ တူတယ်"

မိုးမိုးက ဖုန်းလက်ခံခလုတ်လေးကို နှိပ်ပြီး ပြန်ဖြေလိုက်ပါတယ်။

"ဟလို"

မိန်းကလေးသံကြားလိုက်ရတဲ့ မေပျိုခမျာ ရင်ထဲတင်းကနဲ ဖြစ်သွားပါတယ်။ ဆံတစ်မျှင်တင်း၊ ရည်းစားလူလု၊ အူနုကျွဲခတ်ဆိုတာ





အလကားထားခဲ့တဲ့ စကားတွေမှ မဟုတ်တာ။

"တိုးတိုး၊ ဘယ်မှာလဲဟင် တိုးတိုး"

မိုးမိုးကလည်း တစ်ဖက်က အလောတကြီးမေးလိုက်တဲ့ အသံကြား ရတော့ ရင်ထဲဖျင်းကနဲ ဖြစ်သွားပါတယ်။ ဒါမေပျိုဆိုတာ ဖြစ်လိမ့်မယ်။

"အင်း အဖြစ်သည်းနေလိုက်တာ"

မိုးမိုးက မကျေမနပ်တွေးရင်း ဖုန်းပြန်ဖြေလိုက်ပါတယ်။

"တိုးတိုးဖုန်းတော့ ဟုတ်ပါတယ်။ ကိစ္စရှိလို့လားဟင်။ ကိစ္စမရှိရင် မနက်မှပြန်ဆက်လိုက်ပါလား။ ဒီညအတွက် သူဖုန်းပြန်ဆက်နိုင်မယ့် အနေအထားမရှိလို့ပါ"

မိုးမိုးက ပြောပြီးတာနဲ့ တစ်ခါတည်း ဖုန်းပိတ်ပြီး Battery ပါ ဖြုတ်ထားလိုက်ပါတယ်။ ထင်ချင်သလိုသာ ထင်ကြပါတော့။ နိုင်တဲ့လူက အလံတလူလူလွင့်နေတဲ့အချိန်မှာ ရှုံးရတဲ့လူကလည်း ပုဝါတစ်ချက် လောက်တော့ မြှောက်ပြခွင့်ရသင့်တာပေါ့။ ဖုန်းအဖြေစကား ကြားလိုက် ရတဲ့ မေပျိုခမျာ ဝယ်ထိပ်သွေးတက်သွားပါတယ်။

"ဒါဘာသဘောလဲ။ တိုးတိုးရဲ့ဖုန်းက ဟိုမိန်းမလက်ထဲ ဘာကြောင့် ရောက်နေရတာလဲ။ ဒီညအတွက် ဖုန်းပြန်မဆက်နိုင်တော့ဘူးဆိုတာ ဘာကိုဆိုလိုတာလဲ"

မေပျို့ခေါင်းထဲမှာတော့ 'လဲ'တွေ တစ်သီကြီးနဲ့မေးခွန်းများစွာ။ ဒေါသတစ်ဝက်၊ စိုးရိမ်မှုတစ်ဝက်နဲ့ ဖုန်းအကြိမ်ကြိမ်ထပ်ခေါ်ပါတယ်။ ဒါပေမယ့်. . .။ မေပျိုရဲ့တစ်ဝက်သော စိုးရိမ်မှုက လေးပုံသုံးပုံဖြစ်လာ ပါပြီ။ ဒါဆိုရင်. . .။ ဒါကြောင့်. . .။ မျက်ရည်တွေက ချက်ချင်းဆိုသလိုပဲ တက်လာတယ်။ အံကိုကြိတ်လိုက်တယ်။ ဖုန်းကို တချက်ချက်ပါအောင် ဆုတ် လိုက်ရင်း-

"မုန်းတယ်၊ လုံးဝကိုမုန်းတယ်၊ ဟီး ဟီး"

ဝဲနေတဲ့ မျက်ရည်တွေက ဝုန်းဝုန်းဒိုင်းဒိုင်းကြွေကျကုန်ပါပြီ။ ရှိုက်သံနဲ့အတူ ကိုယ်လုံးလေးပါ တစ်သိမ့်သိမ့်တုန်လာပါတယ်။ ပြီးတော့မှ မျက်နှာကို လက်နဲ့အုပ်ပြီး ဆိုင်ထဲကနေ ပြေးထွက်သွားပါတယ်။

"မေပျို၊ ညီမလေး"

လေချိုက နောက်ကလိုက်ခေါ်ပါသေးတယ်။ ဒါပေမယ့် ညီမက တက္ကစီတစ်စင်းကို လှမ်းတားပြီး တက်သွားတာပဲ လှမ်းမြင်လိုက်ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အင်း ကိုရီးယားကားတွေထဲကလို မြစ်ကမ်းဘေးတော့ သွားမဝို လောက်ဘူး ထင်ပါရဲ့။ ဟိုကရုပ်ရှင်။ အပြင်မှာမြစ်ကမ်းဘေးသွားငိုလို့ ကတော့ ဒုက္ခနဲ့ဘေး ဘယ်ဟာအရင်တွေ့မလဲဆိုတာ စဉ်းစားချိန်မရဘဲ ဖြစ်သွားမယ်။ လေချိုက သက်ပြင်းချရင်း မေပျိုဆီ ဖုန်းလှမ်းခေါ်ရပါ တယ်။ ဟိုက ကိုင်တော့ကိုယ်တယ်။ ပြန်တော့မထူးဘူး။ လေချိုက သူ့ညီမကို ပြောစရာရှိတာပြောရပါတယ်။

"ညီမလေး၊ နင်ဘယ်မှ လျှောက်မသွားနဲ့နော်။ ကိုယ့်အိမ်ကိုပဲ ပြန်နော်။ ငိုစရာရှိရင် ကိုယ့်အခန်းထဲမှာပဲ ငိုနော်"

ဟိုက ဖုန်းပိတ်လိုက်တယ်။ လေချိုက ဒေါသတဖြစ်ဖြစ်နဲ့ ခေါင်းခါ လိုက်ပါတယ်။

"တောက် တိုးတိုး မင်းကလည်းမင်းပဲ"

လေချို့အတွေးမဆုံးခင်မှာပဲ တိုးတိုးက ဆိုင်ကို ပြန်ရောက်လာပါ ပြီ။ အင်း ရုပ်ရှင်တွေထဲကလို ဟိုကအထွက်၊ သူက အဝင်၊ ကွက်တိ လွဲတယ်ဆိုတာမျိုးပဲ။ တိုးတိုးက လေချိုကို လှမ်းမေးလိုက်ပါတယ်။

"မေပျိုရော"

"မင်းဟာမလေးတော့ ငိုယိုပြီး ပြန်သွားလေရဲ့။ မသွားခင်ကတည်း က ငါပြောသားပဲ။ မင်းနှော့ချော့ရမှာပါလို့"

"ချော့ဆိုလည်း ချော့ရတော့မှာပေါ့။ ကိုလေချိုက ဘာဖြစ်လို့ ဆွဲမထားလိုက်တာတုံး။ ညီမလေးတစ်ယောက်တောင် နိုင်အောင် မကြည့်နိုင်ဘူးလား"

"မကြည့်နိုင်လို့ မင်းလက်ထဲထိုးအပ်နေတာပေါ့ကွ။ မင်းဟာမလေး က ဖုန်းတွေလျှောက်ဆက်ပြီး ငိုယိုထွက်သွားတာပဲ"

"ဖုန်း. . ."

တိုးတိုးက အခုမှ ဟိုရှာဒီရှာနဲ့ သူ့ဖုန်းကို လိုက်ရှာပါတယ်။ ဖုန်း ဘယ်ရောက်သွားပါလိမ့်။ မိုးမိုးအခန်းထဲ ဖုန်းခေါ်မလို့လုပ်သေးတယ်။ ဒီနောက်မှာ. . .။ သေချာပါပြီ။ တိုးတိုးရဲ့ ဖုန်းက မိုးမိုးရဲ့အခန်းထဲ ကျန်ခဲ့ပြီဆိုတာ။ ဒါဆိုရင် မေပျိုက ဖုန်းခေါ်တာ မိုးမိုးနဲ့တိုးပြီပေါ့။ မိုးမိုးက ဘာတွေများ ပြောလိုက်ပါလိမ့်။ တိုးတိုးခမျာ စဉ်းစားရင်း ခေါင်း နပမ်းကြီးလာပါတယ်။

"သွားပါပြီကွာ။ ပြဿနာတော့ ကြီးပြီထင်ပါရဲ့"





တိုးတိုးက ရေးကြီးသုတ်ပြာနဲ့ လျှပ်စီးလက်သလို ပြန်ထွက်သွား တယ်။ စားပွဲပေါ်မှာတော့ မစားရသေးတဲ့ အကင်တွေသာ တစ်ပုံတစ်ပင် ကျန်ခဲ့တော့တယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မေပျိုလေးတစ်ယောက် အဝေးကို ထွက်သွားပါပြီ။ အဝေးလို့သာ ပြောရတာ။ ပြေးရကြည့်လိုက်မှ မိုင်ပေါင်းခြောက်ဆယ်လောက်ပဲ ဝေးတာပါ။ ကမ္ဘာလိပ်တောင် တစ်ညအိပ်နဲ့ရောက်တဲ့ခရီးမျိုး။ လာချင်ရင် အနီးလေးပဲပေါ့။ မေပျိုလေးထွက်သွားတဲ့နေရာက သူ့အစ်ကိုအကြီးဆုံးဆွေညိုရဲ့ ကရာတေးကလပ်ကိုပါ။ ညီမလေးမေပျိုမပြောမဆိုပေါက်ချလာတယ်ဆိုတော့ ဆွေညိုခမျာ မျက်လုံးပြူးသွားတယ်။ ခေါင်းကဒက်ရာကို စမ်းမိတယ်။

"ဘုရား ဘုရား၊ ဘာဒုက္ခများ လာပေးတာပါလိမ့်။ ကောင်းသောလာခြင်းတော့ မဖြစ်နိုင်ဘူး"

လာခြင်းမကောင်းသော မေပျိုက ဆွေညို့ကို တွေ့တယ်ဆိုရင်ပဲ-

"ကိုကြီး . . . ဟီး ဟီး"

ဝမ်းပမ်းတနည်းနဲ့ ဖြေးဖက်ပြီး အားရပါးရရှိုက်ကြီးတငင်ငိုနေပါတော့တယ်။ ဟာ ထူးထူးဆန်းဆန်းပါလား။ မေပျိုလေးက သူ့အစ်ကိုတွေရှေ့ဒီလို ဝမ်းပမ်းတနည်း ငိုဖူးတာမဟုတ်ဘူး။ အစ်ကိုတွေနဲ့ စကားများရန်ဖြစ်ကြလို့ ငိုရင်တောင်မှ မျက်ရည်က တောက်တောက်ကျလိုက်၊ ပါးစပ်က ပတွတ်ပကျွတ်ပြောလိုက်၊ ကျိန်လိုက် ဆဲလိုက်၊ အနားမှာရှိတာနဲ့ ကောက်ပေါက်လိုက်။ အဲဒီလိုမျိုးသာ ငိုတာ။ အခုလို အိန္ဒြေရရလိုက်ဖို့သွားအောင် ငိုတတ်တာမဟုတ်ဘူး။ ဆွေညိုက မေပျို့ကျောလေးအသာပုတ်လို့ချော့ရင်း-

"ညီမလေး မေပျို၊ ညည်းဘာဖြစ်လာတာတုံး။ ကိုကြီးကို ပြောစမ်း၊ ဘယ်ကောင်ဘာလုပ်လိုက်သတုံး"

"ဟီး ဟီး ဟင့် ဟီး"

မေပျိုလေးက ငိုလို့သာ နေပါတော့တယ်။ သူတို့ညီမလေးကို ဒီလောက်ထိ ဝမ်းနည်းနေအောင် လုပ်နိုင်တဲ့လူကတော့ တိုးတိုးလွှဲ ဘယ်၄နဲ့ရှိနိုင်ဦးမှာလဲ။ သိကြသေးတာပေါ့ တိုးတိုးရယ်။

"တောက်၊ မေပျို။ ငါ့ကို ပြောစမ်း။ ညည်းကို တိုးတိုး ဘာလုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ။ ဘယ်လို စော်ကားလိုက်သလဲ ပြောစမ်း။ မြန်မြန်ပြောစမ်း"

"ဟီး ရှုတ်၊ သူ. . . သူ မေပျိုအပေါ် သစ္စာလုံးဝမရှိဘူး။ ဟီး. . . ဟီး။ သူဟာမနေ့တွေ့ရော မေပျို့ကို ခေါက်ထားခဲ့ပြီ။ ဟီး အီး။ အင်းလေ မေပျိုက နောက်မှပေါက်တဲ့ ရွှေကြာပင်ကိုး။ အရင်ပေါက်တဲ့ ဗေဒါပင်ဆီ သွားပြီပေါ့ ဟီး"

အင်း ရွှေကြာက export လုပ်လို့ မရသေးတော့ export လုပ်လို့ ရတဲ့ ဗေဒါဆီသွားတာနေမှာပေါ့။ ဆွေညိုတစ်ယောက် နားထောင်ရင်း နဲ့ ဇာတ်ရည်လည်လာပါတယ်။ အော် သူညီမလေးက အသည်းကွဲ နေရှာ တာကိုး။ ခေါင်းကွဲတာက ဆေးခန်းသွားပြန်ချုပ်လို့ရတယ်။ အသဲကွဲ တာက ဘာနဲ့များ ချုပ်ရပါ့။ ဆွေညိုက နားထောင်ရင်း စဉ်းစားရင်း၊ သုံးသပ်ရင်း ဝေဖန်ရင်းနဲ့ သူညီနှစ်ကောင်ကိုပါ ဒေါသထွက်သွား ရပါတယ်။

"နေစမ်းပါဦး မေပျိုရဲ့။ ညည်းဒီလောက်ဖြစ်နေတာတောင် ဟိုနှစ်ကောင်က ဘာမှမလုပ်ပေးကြဘူးလား"

"ကိုလတ်ရော၊ ကိုလေးရော အလကားပဲ။ တစ်ယောက်မှ မကောင်းဘူး။ သူတို့က မေပျိုဘက်က မပါဘဲ ဟိုဘက်က ပါနေတယ်။ အဲဒါ သူတို့ကိုလည်း ဆုံးမပေးပါဦး ဟီး ဟီးရှုတ်"

"တောက် ရိုင်းလိုက်လေ။ လက်သည်းဆိပ်တော့ လက်ထိပ်က မနာဘဲ မဆိုင်တဲ့ ထိပ်သွားနာနေရသေးတယ်။ ငါအစကတည်းက ပြောတယ်။ ဒီကိစ္စမလုပ်ကြပါနဲ့ ဆိုတာ။ ဟိုကောင်လေချိုက ရှုန်တိန်လေး လုပ်ရုံပါလေး၊ ဘာလေးနဲ့ သူကိုယ်သူ မီးရထားလိုင်းမင်းများ အောင့်မေ့ နေလား မသိဘူး။ နေပေ့စေဦး။ ငါ့ညီမကို မျက်ရည်ကြီးငယ်ကျအောင် လုပ်တဲ့ကောင်တွေ တစ်ကောင်မှ အရှင်မထားဘူး"

ဆွေညိုက ညီမစကား စုံလုံးယုံပြီး လက်သီးလက်မောင်း ထတန်းတယ်။ မျက်နှာထားလည်း ဒေါသကြောင့် တင်းမာလာတယ်။ အံကြိတ်သံကလည်း တစ်ဂျစ်ဂျစ်နဲ့။ မေပျိုခမျာ သူ့အစ်ကိုကြီးရဲ့ မျက်နှာ ကို ကြည့်ရင်းနဲ့ လန့်တောင်လန့်လာပါတယ်။ ဒါဆိုရင် သူ့အစ်ကိုက တကယ်ပဲ လုပ်တော့မယ်ထင်ပါရဲ့။ ဘုရား ဘုရား တစ်စုံတစ်ယောက်များ ထိသွားခိုက်သွားမှဖြင့်။

"ဟာ အဲဒီလောက်ကြီးတော့ မလုပ်ပါနဲ့ ကိုကြီးရယ်။ ဟိုလေ၊





သူတို့သေသွားလည်း ဘာမှအရေးမကြီးပါဘူး။ ဒါပေမယ့် အလွန်အကျွံ လုပ်ပြီး ကိုကြီးထောင်ကျသွားရင် မေပျိုဘယ်သူ့မျက်နှာကြည့်နေရမှာတုံး။ ဒါကြောင့်မို့ နည်းနည်းပါးပါးလေး မှတ်သွားရုံလောက်ပဲ လုပ်ပါနော် လို့။ နော် ကိုကြီး"

"ဆွေညိုဒေါသက ဒီဂရီနည်းနည်းလျော့သွားပါတယ်။

"အေး ငါ့ညီမ ပြောတာလည်း ဟုတ်တာပဲ။ စိတ်ချ ငါ့ညီမ ပြောသလောက်ပဲ လုပ်တော့မယ်"

မေပျိုလည်း အခုမှပဲ သက်မရော၊ သက်ထီးရော၊ သက်ပြင်းရော၊ သက်ပျော့ရော အကုန်ချရပါတော့တယ်။

"ဒါနဲ့ သူတို့ ဒီကိုလိုက်လာချင်လိုက်လာနေဦးမှာ။ လိုက်လာရင် မေပျိုဒီမှာမရှိဘူးလို့ ပြောပေးပါနော်"

"အေးပါ၊ စိတ်ချစမ်းပါ။ ကိုကြီးဆီရောက်မှတော့ ဘာမှ စိတ်ထဲထားမနေနဲ့တော့။ ညီမလေးပျော်သလိုသာနေ"

"ဒါမှ တို့ကိုကြီးကွ။ ကိုကြီးရေ မှတ်သွားရုံလေးပဲနော် ကိုကြီး"

"အေး အေး အေး"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



"မေပျို့ရေ မေပျို့"

ခြံဝကနေ အော်ကြီးဟစ်ကျယ် လုပ်နေတာက တိုးတိုးရယ်ပါ။ တိုးတိုးရဲ့ အသံလည်း ကြားရော၊ မေပျို့ရင်ထဲ ဒိတ်ဒိတ်ဒိတ်ဒိတ်နဲ့။ ရင်လှိုင်းခတ်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ အဲဒီ တိုးတိုးကလည်း ဘာကိစ္စ ခြံပေါက်ဝကနေ လှမ်းအော်နေတာလည်း မသိဘူး။ ဝင်စရာရှိ ဝင်လာတာ မဟုတ်ဘူး။

"အော် အော်၊ လည်ချောင်းကွဲအောင် အော်ပေ့စေ။ တမင်သက်သက်မကြားကြားအောင် လုပ်ချင်နေတဲ့လူ။ နေပေ့စေ။ ထွက်ကို မတွေ့ဘူး"

ဒါမေပျို့ရဲ့ အတွေးပါ။ တိုးတိုးရဲ့အော်သံက ပိုပြီးတော့ အသံကျယ်လာပါတယ်။

"မေပျို့ရေ၊ မေပျို့ ထွက်ခဲ့ပါဦးကွာ။ ကိုယ်ရှင်းပြပါရစေဦး"

တိုးတိုးလည်း ခြံပေါက်ဝကနေ ကလပ်ထဲဆီ မေပျို့အရိပ် အယောင်မြင်ရမလားလို့ ဟိုဟိုဒီဒီကြည့်ပါတယ်။ ဒါပေမယ့် အရိပ်လည်း မတွေ့၊ အယောင်လည်း မမြင်။ ဒါပေမယ့် သေချာတာတစ်ခုကတော့ မေပျို့ဒီအထဲမှာ ရှိတယ်ဆိုတာပါပဲ။ နှလုံးသားက သိနေလို့ မဟုတ်ပါဘူး၊ စောစောကပဲ လေချို့နဲ့ငွေကိုတို့က ဖုန်းလှမ်းဆက်လိုက်လို့ပါ။ လေချို့က စ်ပ ာက်နေတဲ့ ရည်းစားကို ချော့တဲ့နည်းကို online ကနေ ငါးမိနစ် အမြန်ပို့ချလိုက်ပါသေးတယ်။ အင်း ယောက်ဖလောင်းပေးတဲ့ နည်းနဲ့ သူ့ညီမကို ချော့ရမှာ။ ဆေးရောတိုးပါ့မလား မသိဘူး။ အခုတော့ ဆရာကြီးလေချို့ သင်ပေးတဲ့ နည်းအတိုင်း ခြံပေါက်ဝကနေ လှမ်းအော်နေတာ အသံတွေတောင် နာလှပါပြီ။

"မေပျို့ရေ ထွက်လာခဲ့ဦး။ မေပျို့သက်သက် အထင်လွဲနေတာပါ။ မေပျို့ထင်တာတွေ မဟုတ်ရပါဘူးကွာ။ ကိုလေချို့နဲ့ကိုငွေကိုတို့ သက်သေ ရှိပါတယ်ကွာ။ မေပျို့ရေ ထွက်ခဲ့ပါဦး"

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အလဲ့တယ်ပိုင်ပါလား တိုးတိုးရယ်။ သူတို့နှစ်ယောက်ကြား ပြဿနာမှာ ယောက်ဖတွေက သက်သေပါလိုက်ပေးရဦးမယ်ပေါ့။ ယောက်ဖချစ်တဲ့ဆေးများ ရှိရင် ဖော်မျူလာတောင်းလိုက်ချင်သေး။ ဒါပေမယ့် ဘယ်သူချစ်ချစ်၊ မချစ်ချစ် လုံးဝမချစ်မနိုင်တဲ့လူတစ်ယောက်တော့ ရှိပါသေးတယ်။ သူကတော့ ဆွေညို။

"အေး ထွက်လာပြီကွ။ မေပျို့တော့ မဟုတ်ဘူး ငါပဲ"

မေပျိုကလည်း သူ့အစ်ကိုနဲ့တိုးတိုးအခြေအနေကို အကွယ်လေးကနေ ချောင်းကြည့်နေပါတယ်။

"ဟာ ကိုကြီး၊ မေပျို ဒီမှာရှိတယ် မဟုတ်လား။ ကျွန်တော့်ကို မေပျိုနဲ့တွေ့ခွင့်ပေးပါ ကိုကြီးရာ။ သူသက်သက်မဲ့ အထင်လွဲနေတာပါဗျာ"

"ဟော့ကောင် နားငြီးတယ်။ ဒီမှာ မင်းရှင်းပြတာ နားထောင်မယ့်လူတစ်ယောက်မှ မရှိဘူး ပြန်တော့"

"မပြန်ဘူးဗျာ၊ ထိုးချင်ထိုး သတ်ချင်သတ်။ မေပျိုရေ ကိုယ်ပြောနေတဲ့အသံကို မေပျိုကြားလိမ့်မယ်လို့ ယုံကြည်တယ်"

ကြားတာပေါ့ တိုးတိုးရယ်။ မေပျို သိပ်ကိုကြားတာပေါ့။

"အဲဒီနေ့က မေပျိုထွက်သွားသွားပြီးချင်း ကိုယ်ပြန်ရောက်လာတာပါ မေပျိုရယ်။ နည်းနည်းနောက်ကျတာက သူ့အိမ်မှာစောင့်အိပ်ပေးမယ့် နာ့စ်တစ်ယောက်ခေါ်ပေးနေရလို့ပါ။ ဖုန်းက အမေ့ဆေးရုံကို လှမ်းဆက်ရင်း မေ့ကျန်ခဲ့တာပါ။ ဒါတွေဟာ အဖြစ်မှန်တွေပါ မေပျိုရယ်"

အဖြစ်မှန်ဆိုပေမယ့် ၇၅%နှုန်းလောက်ပဲ မှန်တာပါ။ ကျန်တဲ့ ၂၅%လောက်က လိုတိုးပိုလျှော့လုပ်ထားလိုက်ရတယ်။ ကိုယ့်ချစ်သူနဲ့ ပြေလည်ဖို့ နည်းနည်းပါးပါး လိမ်တာညာတာလောက်ကတော့ ငရဲမကြီးလောက်ဘူး ထင်ပါရဲ့။ အကွယ်ကနေ နားထောင်နေတဲ့ မေပျိုလေးကလည်း ဒူးတုပ်ပြီး ထိုင်ချလိုက်ပါတယ်။

"တိုးတိုးကို မေပျိုယုံပါတယ် တိုးတိုးရယ်။ ဒါပေမယ့် မေပျို စိတ်ဆင်းရဲတာနဲ့ တန်အောင်တော့ ညှင်းထား၊ တင်းထားရဦးမယ်"

မေပျိုက မျက်ရည်ဝိုင်းနေတဲ့ မျက်လုံးတွေနဲ့ပဲ တစ်ယောက်တည်း ပြုံးလို့နေပါတယ်။ ဒီတစ်ခါ မျက်ရည်တွေက ကြည်နူးလို့ကျတဲ့ မျက်ရည်တွေပါ။ တိုးတိုးရဲ့ အသံက ဆက်ထွက်လာပါတယ်။

"စောစောက ကိုယ်ရှင်းပြတာတွေကို မေပျိုလက်ခံချင်မှ လက်ခံ





ပါ။ ဒါပေမယ့် အခုပြောတဲ့ စကားတော့ အကြွင်းမဲ့ ယုံပေးပါ။ မေပျို့ကို ကိုယ်ချစ်တယ်။ ချစ်တာမှ ပြောမပြတတ်အောင်ချစ်တာပါ မေပျိုရယ်"

"ဟာ ဒီကောင်"

အစ်ကိုရှေ့ မဆင်မခြင် လာအော်နေတဲ့ တိုးတိုးကို ဆွေညိုက ဒေါသထွက်သွားပါတယ်။

"မင်း ဘယ်လိုကောင်တုံးကွ။ အရှက်မရှိ ဘာမရှိနဲ့။ ဟော့ကောင် သွားသွား။ မင်းပြောတာ ငါလည်း မယုံဘူး။ မေပျိုလည်း မယုံဘူး။ အို ဘယ်သူမှလည်း ယုံမှာ မဟုတ်ဘူး။ ရုပ်ကိုက ကလိမ်ကကျစ်ရုပ်နဲ့။ ဒီရုပ်ဒီရည်နဲ့ ဘာစကားပဲပြောပြော လိမ်ဆင်ပဲ ဖြစ်မှာ။ သွားကွာသွား၊ ငါလက်မပါခင် သွားတော့"

ဆွေညိုက တိုးတိုးရင်ဘတ်ကို တွန်းထုတ်လိုက်ပါတယ်။ တိုးတိုးက သူ့ခန္ဓာကိုယ်ကို တောင့်ထားရင်းက-

"အစတုံးကတော့ ကိုကြီးအဖေနဲ့ တစ်ထေရာတည်း တူတယ်ဆို။ ရွှေညီအစ်ကိုတွေဆို။ အခုတော့ ကလိမ်ကကျစ်ဖြစ်သွားပြီလား။ ကျွန်တော့်ရုပ်သာ ကလိမ်ကကျစ်ဆိုရင် ကိုကြီးတို့အဖေရုပ်လည်း ကလိမ်ကကျစ်ပဲ ဖြစ်မယ်"

"ဘာကွ၊ မင်းက ငါ့အဖေကိုများ"

"ခွပ်"

"အမယ်လေး၊ တိုးတိုးတော့ သေပါပြီ"

အကွယ်မှာ ပုန်းနေတဲ့ မေပျိုက လဲကျသွားတဲ့ တိုးတိုးဆီကို ပြေးပွေ့လိုက်ပါတယ်။

"တိုးတိုး၊ တိုး . . တိုး။ တိုးတိုး။ မေပျိုခေါ်တာ ကြားလားဟင်"

ဟိုတစ်ယောက်ကလည်း ထူမယ့်လူလာမှ ပိုပြီး အခြေအနေ ဆိုးသွားရှာပါတယ်။ စိုးရိမ်တကြီးထွေးပွေ့ထားတဲ့ မေပျိုရဲ့ရင်ခွင်ထဲ ဆတ်ကနဲ ခေါင်းကျိုးကျသွားတယ်။

"အမယ်လေး တိုးတိုးရဲ့"

မေပျိုက ဆွေညို့ကို စူးစူးဝါးဝါးကြည့်တယ်။

"ကိုကြီးလူစိတ်မှ ရှိသေးရဲ့လားဟင်"

ဟာ Tone တွေပြောင်း၊ key တွေ ချိန်းသွားပါလား။ ကိုယ့်အစ်ကိုကိုပြောလိုက်တာများ နစ်နစ်နာနာ လူစိတ်မှရှိသေးရဲ့လားတဲ့။ လူစိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ လက်သီးနဲ့ထိုးတာပေါ့။ ခွေးစိတ်ပေါက်လို့က ဖက်ကိုက်ပစ်မှာပေါ့ မဟုတ်ဘူးလား။ မေပျိုရဲ့ဒေါသတွေကတော့ အတွဲလိုက်ထွက်ကောင်းတုံး ပါ။

"ကရာတေးကလည်း ပေါ်ခေါင်းဆောင်လုပ်နေပြီး၊ ကိုယ့်လောက်မတတ်တဲ့လူကို အယောက်အထားအညာအတာမရှိ ရက်ရက်စက်စက် လုပ်ရလား။ တကယ်လို့ လုပ်ချင်တယ်ထားဦး။ အဖေ့မျက်နှာတော့ ထောက်သင့်ပါတယ်။ အမယ်လေးရဲ့ အဖေရဲ့။ အဖေ့သားကြီးသြရသက အဖေနဲ့ တစ်ထေရာတည်း တူတဲ့လူကို ရက်ရက်စက်စက်လုပ်တယ် အဖေရဲ့။ ဟီးဟီး"

လာပြန်ပြီ။ ဒီအဖေ့မျက်နှာ။ ဒီယောက်ဖလောင်းကို ထိုးဖို့ အရေးဦးသုံးကြိမ်အရင်ချရမယ့်အပေါက်။ ဒီငနာမလေးကလည်း တစ်မျိုးပြီး တစ်မျိုး။

"ဟင် စောစောတုံးကတော့ နင်ပဲ မှတ်လောက်သားလောက် လုပ်ဆို။ အခုလက်သီးတစ်လုံးပဲ sample ပေးရသေးတာ"

"လူများက စိတ်ဆိုးတုံးပြောတာ၊ တကယ်လုပ်စရာလား။ ကိုကြီးက လူကြီးဖြစ်ပြီး ဒီလောက်တောင် စဉ်းစားဉာဏ်မရှိဘူးလား"

"ဟာ ငါ့ကိုများ ပြောချလိုက်တာများ၊ စဉ်းစားဉာဏ်မရှိဘူးတဲ့ တောက်"

"ဘာတောက်ခေါက်တာလဲ၊ သတ္တိရှိရင် တိုးတိုးနဲ့မချနဲ့၊ မေပျိုနဲ့ ချမယ် လာစမ်းပါ"

မေပျိုက ပွေ့ထားတဲ့ တိုးတိုးကို လွှတ်ချလိုက်တယ်။

"အွန်း"

သူ့အစ်ကိုနဲ့ မျက်နှာချင်းဆိုင်ရပ်ပြီး လက်သီးပြင်လိုက်ပါတယ်။ မေပျိုတစ်ယောက် 'မ'ဖက်လိုက်ပြီး မိုက်ဖက်ပါနေလိုက်တာများ။ အဲလေ မဟုတ်သေးပါဘူး။ ဒီစကားပုံက ယောကျ်ားလေးတွေအတွက်ပဲဟာ။ မိန်းကလေးတွေဆိုရင် ဘယ်လိုသုံးရပ့်။ အင်း 'ကျားဖက်လိုက်ပြီး ကြိုက်ဖက်ပါလို့' ပြင်ရေးရမယ်ထင်ရဲ့။ လက်သီးပြင်နေတဲ့ မေပျိုကို ဆွေညိုက လက်ကာပြလိုက်ပြီး-

"ကဲကဲ၊ ဘုရားအစ်မ၊ ကျောင်းအစ်မ၊ တော်လေးဝ ဒေါ်မေပျို။ ခင်ဗျားမောင်တော်ကိုသာ အမြန်ခေါ်ပြီး ပြန်သာကြွပါပေတော့။





ခင်ဗျားနဲ့လည်း မထိုးပါရစေနဲ့တော့။ ဘယ်နဲ့ဗျာ၊ ပြောလိုက်ဆိုလိုက်တာများ၊ လက်သီးတစ်လုံးစာတောင် မကချင်ဘူး။ ဟော့ကောင် မင်းလည်း မြန်မြန်သွား။ အားကိုးရှိမှ ပိုနာပြမနေနဲ့။ ဟင်း တောက်။ ပြောကို မပြောချင်ဘူး။ ဟော့ကောင် တိုးတိုး။ တစ်နေ့ ကျရင် မင်းမျက်နှာကို ငါကိုယ်တိုင် ပိုက်ဆံအကုန်အကျခံ ပလတ်စတစ် ဆာဂျရီနဲ့ ပြင်ပြီးတော့ အားရပါးရ ထိုးဦးမယ်။ မှတ်ထား။ ငါဒီနေ့ကစပြီး ပိုက်ဆံစုပြီကွ"

ဆွေညိုက ပြောပြီးတာနဲ့ ချာကနဲလှည့်ထွက်ပြီး အတွင်းထဲ ပြန်ဝင်သွားပါတယ်။ သူ့နောက်က မေပျိုက ကပ်လိုက်သွားတယ်။

"နင်ဘာလိုက်လုပ်တာလဲ။ နင့်အကောင်ခေါ်ပြီးသွားတော့လို့ ပြောနေတယ်လေ"

"သွားမှာပါ၊ ပူမနေပါနဲ့၊ အဝတ်အစားအိတ်ယူမလို့ ဝင်လာတာ"

"ယူမနေနဲ့၊ တစ်ခါတည်းသာ သွားပေတော့။ နောက်မှ တစ်ယောက်ယောက်ပို့ခိုင်းလိုက်မယ်။ နောက်လည်း ဘယ်တော့မှ မလာနဲ့တော့၊ သွားတော့"

ကလပ်ခြံပေါက်ဝမှာတော့ တိုးတိုးနဲ့မေပျိုနှစ်ယောက်သား-

"အရမ်းနာနေလား တိုးတိုးရယ်"

"အရမ်းချစ်တာပဲ၊ မေပျိုရယ် ကျွတ် ကျွတ်"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်း . . . ဖုန်း . . . ဖုန်း"

ရေချိုးခန်းထဲက တဖုန်းဖုန်း တဒိုင်းဒိုင်းနဲ့။ ဘယ်သူများ ဘာတွေ လုပ်နေပါလိမ့်။ အော်၊ ဆွေညိုတစ်ယောက် အဝတ်တွေ တစ်ပုံတပင်ကြီး လျှော်နေတာကို။ ဒါအဝတ်တွေမှ မဟုတ်တာ။ ကလေးအနှီးတွေပါလား။

"ယား၊ အီးစ်"

ဆွေညိုက လျှော်ပြီးတဲ့ အနှီးတွေကို အတွင်းအားသုံးပြီး ရေစင်အောင် ညှစ်နေပါတယ်။ အုတ်ခဲခွဲနေတဲ့လက်က အခုတော့လည်း အနှီးလျှော်လို့ပါလား ဆွေညိုရယ်။ ဆွေညိုရဲ့မကျေမချမ်းသံကြီးက ရေချိုးခန်းထဲ လျှံတက်လာပါတယ်။

"တောက်၊ ကောင်းစားတော့ ဒင်းတို့၊ လုပ်ရတော့ငါတို့ ဟင်း"

BURMESE CLASSIC .com

"ဝူး ဝူး။ ဝူး ဝူး ဟူး"

မီးဖိုထဲမှာတော့ ငွေကိုတစ်ယောက် မီးသွေးမီးဖိုကို မီးတောက်အောင် လက်ကလည်း ယပ်တောင်နဲ့ အသည်းအသန်ခတ်လို့။ ပါးစပ်ကလည်း မီးပြောင်းနဲ့ အသည်းအသန်မှုတ်လို့။ အော် ဝယ်ရောင်းကြီးလည်း လေအားကောင်းကောင်းနဲ့ ပြောင်းမှုတ်နေရပါရောလား။

"တောက်၊ မီးရေ၊ မီးရဲ့။ မြန်မြန်တောက်ပါတော့ဟာ။ လျှပ်စစ်မီးကမလာ၊ ဂက်စ်အိုးကကုန်။ ရေနွေးဓါတ်ဘူးသုံးလုံးကလည်း ပြောင်။ သောက်ချက်က သောက်ရမ်းကောင်းတဲ့ သောက်ကောင်လေးတွေပါလား"

အိမ်ရှေ့ဧည့်ခန်းမှာတော့ လေချိုတစ်ယောက် ကလေးပုခက်ရှေ့မှာ ခေါင်းကို တစ်ဗျင်းဗျင်းမြည်အောင် ကုတ်လို့။ ပါးစပ်ကလည်း အော်လို့။

"တောင်ပေါ်က ရှမ်းကလေး လျှော်ထမ်းလို့ပြေး×××ရှည်တဲ့ လျှော်ကရှည်×××တိုတဲ့လျှော်ကတို×××

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့ရှေ့က ပရိသတ်က မငြိမ်ပါဘူး။ အနားမှာရှိတဲ့ ရေသန့်ဗူးက လွင့်ထွက်သွားပါတယ်။ ဟာ ဆော်ပြီနဲ့တူတယ်။ ငိုသံထွက်လာတယ်။

"အ၊ ဖြ၊ အူဝဲ"

တစ်ယောက်ကနေစလိုက်တာ နောက်တစ်ယောက်။ အဲဒီကနေ နောက်တစ်ယောက်။ အခုတော့ ကလေးသုံးယောက် သံပြိုင်ငိုနေပါပြီ။

"ဟာကိုလတ်ရဲ့။ နို့ဗူးမရသေးဘူးလား။ ဒီမှာ မနိုင်တော့ဘူး။ အားလုံး Rock တွေ၊ heavy တွေ၊ metal တွေ ဟစ်ကုန်ပြီ။ အရေးထဲ ရှူးရှူးကလည်း ပေါက်ပဲ့။ ဒါ ခြောက်လသားမို့ပဲ။ ခြောက်နှစ်သားသာဆိုရင်တော့ ဦးလေးတွေ အကုန်အိမ်ပေါ်က ဆင်းပြေးရမလား မသိဘူး"

ဟုတ်ပါတယ်။ ဒီကလေးတွေက တိုးတိုးနဲ့ မေပျိုတို့အိမ်ထောင်ကျပြီး ပထမဦးဆုံးအသုတ် ထုတ်လုပ်လိုက်တဲ့၊ သုံးမြွှာပူးလေးတွေပါ။ ကျား(၂)မ(၁) ပေါ့။ တိုးတိုးရဲ့လေနဲ့ပြောရရင် တစ်ဂိုးအသာနဲ့ ဦးဆောင်ကစားနေဆဲပါ။ ငွေကိုက နို့ဗူးနှစ်ဗူးကို သက်ကကိုင်၊ တစ်ဗူးကို ချိုင်းမှာညှပ်ပြီး ထွက်လာတယ်ဆိုရင်ပဲ ဟိုချာတိတ်အလတ်မလေးက ငိုယိုရင်း ကုန်းရုန်း ထပါတယ်။

"ဟာ. ပြုတ်ကျကုန်တော့မှာပဲ၊ အစားကလည်း သရမ်းပါ့။ မိန်းကလေးပေမို့ပဲ။ နို့ဗူးမြင်တာနဲ့ တဂီးဂီးတဂဲဂဲနဲ့။ ငါလုပ်လိုက်ရ"

ချာတိတ်မလေးကတော့ နို့ဗူးကို အားရပါးရဆွဲပြီး တပြွတ်ပြွတ်နဲ့ စို့နေပါပြီ။ ဆေးက ချာတိတ်နှစ်ကောင်ကလည်း နို့ဗူးကိုယ်စီနဲ့ မျက်တောင်လေးတွေ စင်းလို့။ ပါးစပ်ထဲဆို့ထားတော့မှပဲ ဒင်းတို့ အသံတိတ်တော့တယ်။ ဒင်းတို့ အသံတိတ်တော့၊ ဆွေညိုရဲ့အသံက ထွက်လာပါတယ်။

"ဟိုနှစ်ကောင် မင်းတို့ ဘာထိုင်လုပ်နေတာလဲ။ ထ ထ။ ခြံထဲမှာ ကြိုးတန်းပေးဦး။ ဒီမှာ အနှီးတွေ လှမ်းရဦးမယ်။ ရေသာခိုမနေနဲ့"

"ကျွတ်၊ အခုလေးတင်မှ ဒင်းလေးတွေ ငြိမ်သွားလို့ ထိုင်ရတာပါ ကိုကြီးရာ။ ကိုကြီးသာ အနှီးလေးငါးထည်ကို ဖိမ်ဆွဲပြီး လျှော်နေတာ"

"ဘာလေးငါးထည်ဟုတ်လား။ နှစ်ဆယ့်ခုနှစ်ထည်ကွ။ အင်း လေးငါးထည်ဆိုလို့ကတော့ မင်းတူ၊ တူမတွေ ဖင်ဟောင်းလောင်းနေရမှာ သေချာတယ် ဟင်း"

"ဟုတ်ပါပြီ ကိုကြီးရယ်။ ဒါနဲ့ဟိုလင်မယား အခုထိပြန်မရောက်





သေးပါလား"

"ကိုလတ်သာ တမ်းတနေ၊ ကျွန်တော်ကတော့ အဲဒီလင်မယား တစက္ကန့်မမြင်ရ တစ်စက္ကန့် စိတ်ချမ်းသာတယ်"

"ပြောရင်းဆိုရင်း ပေါ်လာပါပြီ။ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာ"

အိမ်ရှေ့ဆင်ဝင်မှာ ရပ်လိုက်တဲ့ ကားလေးပေါ်က အရင်ဆုံးဆင်းလာတာ မေပျို။ ဟင်သူလေးက ဗိုက်ဖုံးအင်္ကျီနဲ့ပါလား။ ပထမအသုတ်တောင် ခြောက်လမပြည့်တတ်သေးဘူး။ ဒါ ဒုတိယအသုတ်ပေါ့။ ထုတ်လုပ်မှုကောင်းလှချည်လား။ အော်အခုတော့လည်း ဘယ်နည်းနဲ့မှ မပျိုနိုင်တော့ပါလား မေပြိုရယ်။ အဲမေပျိုရယ်။ ဒင်းကကိုယ်ဝန်လေးသုံးလေးလကိုများ ဗိုက်ဖုံးအင်္ကျီဝတ်လို့ ရှိုးပြနေတာပေါ့။ ဒင်းကိုက သားတောင်းနေတာဖြစ်မှာ၊ ဟုတ်တယ် မပြောလိုက်ချင်ဘူး။ မေပျိုလေးက ဧည့်ခန်းထဲက ကလေးလေးတွေ နို့စို့ပြိုင်ပွဲ ကျင်းပနေရာဆီ တန်းသွားပါတယ်။

"ဟယ် မီးချစ်လေးက နို့စို့လို့တောင် ပြီးသွားလား။ မေမေခေါ်မှာပေါ့ မီးချစ်လေးရယ်။ ဟိုမှာ မီးကိုကြီးကို နှပ်ချေးညှစ်ပေးလိုက်ဦးမယ်။ အမယ်မီးမောင်လေးက နို့ဗူးဖက်ပြီး အိပ်တောင်နေပြီ။ လူပျင်း။ တိုးတိုးရေ မီးချစ်လေးကို ခေါ်ပါဦး"

BURMESE CLASSIC .com

တိုးတိုးက ကမန်းကတန်းပြေးလာပြီး ကလေးကို ပြေးပွေ့လိုက်ရတယ်။

"ဟာ ဖေကြီး မီးချစ်လေးဟာ ရှူးရှူးတွေ ပေါက်ပြီဗျာ။ သောက်ပြီးပေါက်၊ ပေါက်ပြီးသောက်ပါပဲလား၊ မေပျိုရေ လုပ်ပါဦး"

ခုမှလာပြီး အဖြစ်သည်းပြနေတဲ့ လင်မယားနှစ်ယောက်ကို ကြည့်ပြီး ဆွေညို၊ ငွေကိုနဲ့ လေချိုတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ခေါင်းခါပါတယ်။

"တို့ကိုက မှားတာ. . ."

လေချိုက ညည်းညည်းညူညူနဲ့ ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်လိုက်ပါတယ်။ ဆွေညိုက သူ့ညီမကို မေးလိုက်တယ်။

"ဘာပြောလိုက်တုံး။ ညည်းယောက္ခမအိုဂျီက"

တိုးတိုးရဲ့မျက်နှာက ပြောင်ချော်ချော်ပုံပေါက်သွားပါတယ်။ ပြီးတော့မြို့သိမ်းထားတဲ့ စစ်သူကြီးအိုက်တင်နဲ့ သူမိန်းမပခုံးပေါ်



www.burmeseclassic.com

www.burmeseclassic.com

လက်တင်လိုက်တယ်။ မေပျို့က မျက်နှာလေးချပြီး မပွင့်တပွင့်လေသံလေးနဲ့-

"သေတော့မသေချာသေးဘူးတဲ့။ နောက်ထပ်သုံးမြွာပူးလို့ ထင်တာပဲတဲ့"

"ဘာ"

ညီအစ်ကိုသုံးယောက်ဆီက 'ဘာ'ဆိုတဲ့အသံကြီးက အမြောက်ပစ်သံလို ထွက်လာပါတယ်။ ညီအစ်ကိုသုံးယောက်လုံး မေပျို့ကို ကြည့်တယ်။ တိုးတိုးကို ကြည့်တယ်။ နောက်ဆုံးတော့ ဧည့်ခန်းမှာ ချိတ်ထားတဲ့ သူတို့ရဲ့ အဖေဓါတ်ပုံကို လှမ်းကြည့်ပါတယ်။

"အဖေရေ၊ အဖေရဲ့၊ အဖေနဲ့တူတဲ့ကောင်ကို မတားတော့ဘူးလား အဖေရဲ့။ သားတို့ကိုရော မသနားတော့ဘူးလား အဖေရဲ့"

The end

လွင်မင်းအုံ


www.burmeseclassic.com